www.burmeseclassic.com

# အိုမာဆမ်

## ရွှေအိုရောင် အိပ်မက်တမ်းချင်း




www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်လှိုင်

# ဝေဒနာ

၁၃၉၀



၀၉ ၅၁ ၆၄၄၄၆

www.burmeseclassic.com

www.burmeseclassic.com

# အိုမာဆမ်

## ရွှေအိုရောင် အိပ်မက်တမ်းချင်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၄၃၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၆၁၀၅၀၉

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀ အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅၈.၈၃
အိုမာဆမ်
ရွှေအိုရောင်အိပ်မက်တမ်းချင်း/အိုမာဆမ်-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၄၀- စာ၊ ၁၂x၁၈ စင်တီ။
(၁) ရွှေအိုရောင်အိပ်မက်တမ်းချင်း

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







# ကိုဇာသမ်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

မနက်စောစော ကားမောင်းရသည့် အရသာကို အိပ်ရေးပျက်ခြင်းနဲ့ မလဲနိုင်၍ သူ့ရဲ့ မနက်တိုင်းက နွေးထွေးငြိမ်းချမ်းသော သူ့အိပ်ခန်းလေးထဲမှာသာ အများစု ကုန်ဆုံးစေခဲ့သည်။

ဒီနေ့တော့ သူ့အဖေကို လေဆိပ် အစောကြီးပို့ရသဖြင့် နံနက်ငါးနာရီကျော်သာ ရှိသေးချိန်တွင် သူ ကားပေါ်မှာ ကားမောင်းလျက်။

အင်းယားကို ဖြတ်လာခဲ့စဉ်တုန်းကလည်း လမ်းလျှောက်သူတချို့ကို တက်ကြွဖျတ်လတ်စွာ တွေ့ရသလို၊ ကန်တော်ကြီးဘက် ရောက်ပြန်တော့လည်း လမ်းလျှောက်သူများက ဒုနဲ့ဒေး။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမှုန်လွှာက ခပ်ပါးပါးလေး ခြုံထားသဖြင့် အလင်းရောင်ပျပျက တိုးတိုးဖွေ့ဖွေ့၊ လမ်းမီးတချို့ လင်းလျက်ရှိသော်လည်း အရုဏ်အလင်းကို တုပဖို့မစွမ်းသာ။

အားကစားဝတ်စုံအမျိုးမျိုးနှင့် အရွယ်အမျိုးမျိုးလူတွေရဲ့ ကိုယ်လက်လှုပ်ရှားမှုကို လိုက်ကြည့်ရင်း ကားကို ခပ်ဖြည်းဖြည်း မောင်းလာခဲ့လိုက်သည်။

နံနက်ခင်းရဲ့ ဖြားယောင်းမှုကြောင့်ပဲလား၊ နှင်းငွေ့မှုန်မှုန်ရဲ့ ဖြားယောင်းမှုကြောင့်ပဲလား။

သူ့စိတ်တွေ ကြည်လင်ပေါ့ပါးလာပြီး ကားကို ကရဝိတ်ရေ့နားတွင် ထိုးရပ်လိုက်ပြီး ဘဲတားပေါ် လမ်းလျှောက်ထွက်ခဲ့လိုက်သည်။

ဒီလို လတ်ဆတ်အေးမြတဲ့လေကို မရှူရှိုက်ရတာ ဘယ်လောက်ကြာပြီလဲ မသိ။

အေးစိမ့်စိမ့်လေက သူ့ကို အလုအယက်ပွေ့ဖက်စဉ် အားပါးတရ ရှူသွင်းလိုက်မိသည်။

အဆုတ်ထဲအထိ သန့်စင်အေးမြတဲ့လေက တိုးခွေ့ဝင်ရောက်သွားစဉ် သူ့ခြေလှမ်းတွေ ပိုပြီးသွက်လက်လာသည်။





လမ်းလျှောက်သူအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် နှုတ်ဆက်နေကြတာကြည့်ပြီး တစ်ယောက်တည်း လမ်းလျှောက်နေတဲ့ သူ့ကိုယ်သူ အဖော်လိုအပ်လာသလိုပင်။

လမ်းလျှောက်လာရင်းနဲ့ အရင်ငါးပြတိုက်နေရာ ဆောင်းလေးဆီအရောက် သူ့အာရုံတွေက နေရာတစ်ခုဆီ တိမ်းညွတ်သွားသည်။

လိပ်ပြာတစ်ကောင်လို ဝေ့ဝဲတိမ်းညွတ်နေတဲ့ ခန္ဓာကိုယ်လှလှလေးတစ်ခု။

နှင်းမှုန်နုနုကြားမှာ သူမအသွင်က လေသင့်ရာယိမ်းထိုးနေတဲ့ ပန်းလေးတစ်ပွင့်နှယ်။

ထိုက်ကျိုကစားတယ်ပဲ ပြောမလား။

ဝုရှူးကစားတယ်ပဲ ပြောမလား။

သန်မာကျစ်လျစ်သွယ်လျတဲ့ သူမခန္ဓာကိုယ်နဲ့ ဒီကစားနည်းက လိုက်ဖက်တင့်မောစွာ။

သူမရှေ့မှာ သူမလုပ်သလို လိုက်လုပ်နေသော အမျိုးသမီးဆယ်ယောက်ခန့်ကို တွေ့ရသဖြင့်၊ သူမက နည်းပြဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အားကစားဝတ်စုံအနက်ရောင်ကို ဝတ်ထားသဖြင့် ဖြူဝင်းသောအသားက လင်းလက်နေပြီး တစ်ချက် တစ်ချက် လှုပ်ရှားနေတဲ့ ကိုယ်ခန္ဓာအပြောင်းအရွှေ့က သိပ်ကြည့်ကောင်းနေသည်။

ပတ်ဝန်းကျင်ကို အာရုံမထားဘဲ အလုပ်ထဲမှာ နစ်မြုပ်နေပုံရသည့် သူမကတော့ သူ ကြည့်နေတာ သတိထားမိပုံမပေါ်။ (သတိမထားမိ၍လည်း သူ ဒီလောက်ရဲတင်းစွာ ကြည့်နေမိခြင်းပင်။)

ကက်ဆက်ထဲက တရုတ်တေးသံ အီအီချိုချိုရဲ့သံစဉ်အတိုင်း သူမလှုပ်ရှားနေတာကိုကြည့်ပြီး သူပါလိုက်လုပ်ချင်လာသည်။

သူမတို့အုပ်စု လုပ်နေတာကို သူ့လိုပင် ရပ်ကြည့်နေသူတချို့ ရှိသလို၊ ကြည့်ပြီး ပြန်ထွက်သွားကြတဲ့သူတွေလည်း ရှိသည်။

သူကတော့ နဂိုကတည်းက ရည်ရွယ်ချက်မဲ့ ထွက်လာခဲ့သူဖြစ်၍ သူမတို့ ကစားနေတာကို ကြည့်နေခြင်းက သူ့ရည်ရွယ်ချက် ဖြစ်သွားသည်။





နဖူးရှင်းရှင်းပေါ်မှာ ချွေးဥလေးတွေ တွဲခိုနေသဖြင့် နေခြည်ဖျဖျလေးနဲ့ ထိတွေ့လိုက်ချိန်တွင် သူမ မျက်နှာလေးက လက်ခနဲ။

ကစားလွန်း၍ပဲလား မသိ။ သူမ ခန္ဓာကိုယ်လေးက ပျောင်းနွဲ့ပေမယ့် ကျစ်လစ်သန်မာလွန်းနေသည်။

သူ့မျက်လုံးတွေ သူမဆီက မခွာနိုင် ဖြစ်နေဆဲမှာပင် သူ့ဖုန်းဝင်လာသည်။

ဖုန်းနံပါတ်ကို ကြည့်လိုက်စဉ် သူ့ရဲ့ချစ်သူ သဒ္ဒါဖြူ ဖြစ်နေသည်။

အလိုလေး ... သူ ဖြူနဲ့ Breakfast စားဖို့ ချိန်းထားတာ မေ့သွားပါလား။

"ကို အခု ဖြူ့ဆီ လာနေပါပြီ ဖြူရဲ့"

ဖြူ့ဆီက ဘာမှမကြားရသေးခင် သူ ဦးအောင်ပြောပြီး သူမတို့ဆီက ထွက်လာခဲ့လိုက်သည်။

စိတ်ကောက်အလွန်သန်သော ဖြူ့ကို ချော့ဖို့စကားတွေ စဉ်းစားသွားရပေဦးမည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



"ကို မနက်တိုင်း လမ်းထလျှောက်ရင် ကောင်းမလားလို့"

ဖြူက သူ့ကို မျက်လုံးဝိုင်းလေးနဲ့ အံ့သြစွာ မော့ကြည့်ပြီး ...

"ကို စောစောထနိုင်လို့လား"

ညတိုင်း အိပ်ရာဝင် နောက်ကျပြီး၊ မနက်တိုင်း နောက်ကျမှ အိပ်ရာထလေ့ရှိသည့် သူ့အကျင့်ကို ဖြူ အသိဆုံးပင်။

"မထနိုင်လည်း ထရမှာပေါ့၊ ကျန်းမာရေးအတွက်ပဲလေ"

သူ့ကိုယ်သူ လိပ်ပြာလုံအောင် မနည်းကြိုးစားလိုက်ရသည်။

သူ့အပေါ် အမြဲတမ်း ယုံကြည်နားလည်လွန်းသူ ဖြူကတော့ သူ့ကို ကန့်ကွက်မည်မဟုတ်။





"ကောင်းသားပဲ၊ ဖြူတောင် လိုက်ချင်တယ်"

သူ ဖြူ့ကို ကမန်းကတန်း ကြည့်လိုက်စဉ် ဖြူက နှာခေါင်းလေးရှုံ့ပြီး ...

"ဒါပေမဲ့ ဖြူက ရုံးအလုပ်တွေ ညဉ့်နက်တဲ့အထိ တစ်ခါတလေ လုပ်ပေးရတာဆိုတော့ စောစောထနိုင်မှာ မဟုတ်ဘူး"

သူ သက်ပြင်းခိုးချလိုက်ပြီး နောင်တရသလိုအတွေး ဝင်လာသည်။

ဒါပေမဲ့ သူမ လှုပ်ရှားနေဟန်ကို ပြန်မြင်ယောင်မိစဉ် ဖြူ့ကိုသာ စိတ်ထဲက အကြိမ်ကြိမ် တောင်းပန်နေမိသည်။

"ကို့ဘာသာကိုပဲ လျှောက်ပါ၊ အားကစားဝတ်စုံရော ရှိရဲ့လား၊ ဖြူ ဝယ်ပေးမယ်လေ"

ဖြူက သူ့အတွက် လိုအပ်တာမှန်သမျှကို အလိုက်တသိ ဖြည့်ဆည်းပေးရှာသူ။

သူ ဖြူ့ရဲ့အလိုက်သိမှုတွေကို ပျင်းရိနေတာလား။

ဒါမှမဟုတ် အသစ်အဆန်းကြိုက်တတ်တဲ့ ယောကျ်ားသဘာဝဆိုတဲ့ အကြောင်းပြချက်ကို ကိုင်ဆွဲချင်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ Winner မှာ ကို့ဘာသာကိုပဲ ဝယ်လိုက်ပါ့မယ်"

ဖြူက စားလက်စ လက်ဖက်သုပ်ပန်းကန်ကို ယူသိမ်းလိုက်ပြီး ...

"မရဘူး၊ ဖြူဝယ်ပေးမယ်၊ အခုသွားကြမယ်၊ ဖြူ မလိုက်ပေမယ့် ကို့နားမှာ ဖြူရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဖြူဝယ်ပေးမယ်"

ဖြူက သူ့လက်မောင်းကို နိုက်ဆွဲပြီး အတင်းထခိုင်းသဖြင့် သူ အလိုက်သင့် ထလိုက်ရသည်။

"ဘယ်သွားကြမလို့လဲ"

သူ့မေမေက အပြင်ထွက်ဖို့ တာစူနေတဲ့ သူတို့နှစ်ယောက်ကိုကြည့်ပြီး မေးလာတာမို့ ...

"ကို့အတွက် အားကစားဝတ်စုံ သွားဝယ်မလို့ အန်တီ၊ ကိုက မနက်စောစော လမ်းလျှောက်ချင်လို့တဲ့"

မေမေက မယုံကြည်ဟန်နဲ့ နှုတ်ခမ်းရွဲ့ပြပြီး ...

"ကျားသားမိုးကြိုး ... အဲဒီနေ့ နေမထွက်ဘဲ နေဦးမယ်"





မေမေ့စကားကို ဖြူ လိုက်ရယ်နေချိန်တွင် သူလိုက်မရယ်မိ။

သူ့စိတ်ကို သူမ ဘယ်လို ဆွဲဆောင်ဖြားယောင်းထားပါလိမ့်။

ဖြူ့ကို သူ သိပ်ချစ်တာတော့ သေချာသည်။

သူမကိုရော ...

သူမကို သူ တွေ့ချင်နေတာကလွဲ၍ ..."

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



သူမ သင်တန်းက ခြောက်နာရီခွဲလောက်မှာ ပြီးသွားတာ တွေ့ရသည်။

သူမက ခုံတန်းတစ်ခုပေါ်ထိုင်ပြီး ရေပုလင်းကို ခပ်ကြာကြာ မော့သောက်နေသည်။

အချိုးကျလွန်း၍ပဲလားမသိ။

ရေမော့သောက်နေပုံကပင် ပန်းပုရုပ်တစ်ခုနှယ်။

သင်တန်းသူတချို့က သူမကို နှုတ်ဆက်ပြီး ပြန်သွားကြတာ တွေ့ရသည်။

သူမကတော့ ကုပ်ပေါ်မှာ ပဝါနုနုအဖြူရောင်ထစ်ထည်ကိုတင်ပြီး ခြေချိတ်ထိုင်နေသည်။

ရည်ရွယ်ပြီး စောင့်နေသူဖြစ်၍ သူမဆီ သူလျှောက်သွားလိုက်သည်။





သူက သူမနားလာရပ်သည့်သူ့ကို ခပ်စိမ်းစိမ်းမော့ကြည့်ပြီး ...

"ကိစ္စရှိလို့လား"

သူမအသံက အနည်းငယ် စီးပိုးစွာ ...

တစ်ဖက်သူရဲ့ အားနည်းချက်ကို ဖိနင်းတတ်သည့် အသံမျိုးဖြစ်သည်။

"ဆိုပါတော့"

သူမကို လုံးဝမတုန်လှုပ်သည့် အသွင်ဖြင့် ပြန်ဖြေလိုက်သည်။

"ဘာကိစ္စလဲ"

သူမက လည်ကုပ်ပေါ်ရှိ ချွေးစတချို့ကို ပဝါဖြင့် ခပ်ဖွဖွတို့သုတ်ပြီး မေးသည်။

"သင်တန်းတက်ချင်လို့ပါ"

သူမက နှော့နှော့လေး ပြုံးသည်။

အမြဲတမ်း ကစားနေ၍ပဲလားမသိ။

သူမ သွေးသားက စိုလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းရဲရဲက ဆေးမတင်ထားဘဲ နီရွှမ်းလျက်။

"တို့သင်တန်းက အမျိုးသား လက်မခံဘူး"

သူက တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်တာ ဖြစ်ပေမယ့် မရိုးသားတဲ့ သူ့အတွက်ကတော့ နေရခက်သွားသည်။

"ဒီကစားနည်းကိုမှ စိတ်ဝင်စားတယ်၊ တက်ချင်တယ်ဆိုရင် တို့မောင်တစ်ယောက် ဖွင့်ထားတာရှိတယ်၊ အဲဒီကို ဆက်သွယ်ပေးမယ်"

သူ့အတွက် သင်တန်းက အဓိကမဟုတ်။

သူမက အဓိကဆိုတော့ လမ်းက ပိတ်လုချင်ချင် ဖြစ်နေသည်။

"ခင်ဗျားဆီမှာပဲ တက်လို့မရဘူးလား"

သူမက သူ့ကို လှောင်သလိုလို မော့ကြည့်ပြီး ...

"ဆောရီးပဲ၊ ဟောဒီမှာ တို့မောင်လေးရဲ့သင်တန်းလိပ်စာကတ်၊ စိတ်ဝင်စားရင် သွားပေါ့"

သူမက သူ့ကို ကတ်တစ်ခု ကမ်းပေးပြီး ထိုင်နေရာက ထသည်။





နှုတ်မဆက်ဘဲ ခပ်သွက်သွက် လျှောက်သွားသည့် သူမကို လှမ်းကြည့်ရုံကလွဲ၍ သူ လိုက်မသွားမိ။

လိုက်မသွားရဲတာဘဲ ဖြစ်သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကြည့်ရတာ မပျင်းဘူးလား"

ဒီတစ်ခါတော့ သူမက သင်တန်းအပြီး သူ့နားက ဖြတ်လျှောက်သွားရင်း စမေးသည်။

သူ ဒီလို နေ့တိုင်းလာကြည့်နေတာ ကြောင်မှန်း သိပေမယ့် ကြည့်ချင်တဲ့စိတ်က ကြီးစိုးနေသည်မို့ သူ ပတ်ဝန်းကျင်ကို ဂရုမစိုက်မိ။

"ခုထိတော့ မပျင်းသေးဘူး"

သူမနဲ့ယှဉ်လျက် လမ်းလျှောက်ရင်း ပြောလိုက်သည်။

"ကျွန်မတော့ ရှင့်ကိုကြည့်ရတာ ပျင်းလာပြီ"

သူရှိနေတာ သိနေသည်ဆို၍ ကြည့်နေရတာ အလကားမဖြစ်။





"ခင်ဗျားကစားတာ လှတယ်၊ လိပ်ပြာတစ်ကောင်လို့ပြောရမလား၊ မြွေတစ်ကောင်လို့ ပြောရမလား၊ ယိမ်းနွဲ့ချင်ရာကို ယိမ်းနွဲ့နေတာ၊ ကြည့်ကောင်းနေတယ်"

သူမက နှုတ်ခမ်းကို အသာလေးကိုက်ပြီး ပြုံးသည်။

သူမနဲ့ယှဉ်လျှောက်မှ သူမ အရပ်ရှည်မှန်း ပိုသတိထားမိလိုက်သည်။

ငါးပေဆယ့်တစ်လက်မရှိသည့် သူ့အရပ်နဲ့ သိပ်မကွာလှ၍ သူမအရပ်က အနည်းဆုံး ငါးပေခုနစ်လက်မလောက်ရှိမည်ဟု ခန့်မှန်းလိုက်မိသည်။

"ရှင့်ကောင်မလေးသိရင် ကြိုက်မှာမဟုတ်ဘူး"

သူမရဲ့ပွင့်လင်းမှုကြောင့် သူ ပြုံးလိုက်မိပြီ။

"ကျွန်တော် သူ့ကို အသိပေးရလောက်အောင် မမိုက်မဲဘူးလေ"

သူ့စကားအတွက် သူမနည်းနည်းလေးမျှ အပြုံးမပျက်။

"ကျွန်မသာဆိုရင် ကျွန်မချစ်သူ ဘာကြောင့် လမ်းလျှောက်ထွက်တာလဲဆိုတဲ့ အကြောင်းပြချက်ကို ခိုင်လုံအောင်ရှာဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

သူမအသွင်က ကိုယ့်ကိုယ်ကိုယ်မှ ယုံကြည်သည့် လူစားမျိုးထဲကဖြစ်သည်။

"ကျွန်တော့်ချစ်သူက ကျွန်တော့်ကို ယုံကြည်တယ်လေ"

ဖြူက သူ့ကိုယုံကြည်တာထက် အချိန်မပေးနိုင်တာက ပိုခြင်းဖြစ်သည်။

ဒါပေမဲ့ ဖြူ သူ့ကို စိတ်ချလွန်းတာတော့ သူသိနေသည်။

"ခင်ဗျား အမျိုးသားကရော ဒီလောက်လှတဲ့ အမျိုးသမီးကို လူမြင်ကွင်းမှာ ကစားခွင့်ပြုလား"

သူ့မေးခွန်းက လွန်သွားလားဟု စိုးရိမ်လိုက်မိသော်လည်း သူမက ဘယ်လိုမှ သဘောထားပုံမရ၊ ပခုံးလေးကိုတွန့်ပြပြီး ...

"တော်စမ်းပါ၊ အဲဒီလို အဓိပ္ပာယ်မရှိတာတွေနဲ့ သဝန်တိုတတ်လွန်းတဲ့ ယောကျ်ားတွေအကြောင်း ကျွန်မ ခေါင်းထဲမထည့်ဘူး"

တဖြည်းဖြည်း သူမနဲ့ စကားပြောရတာ ပိုရင်းနှီးလာသလို ခံစားလာရသည်။





"ဘာလဲ ... ပိုင်ဆိုင်သူ မရှိဘူးလို့ ကြော်ငြာဝင်တာလား"

သူမက သူ့စကားအဆုံး ခေါင်းမော့လှန်ပြီး အားပါးတရ ရယ်သည်။

ခေါင်းမော့လိုက်သဖြင့် လည်တိုင်ပြေပြေက ပြေစင်းနုမွတ်စွာ။

ဖြူရဲ့လည်တိုင်နုနုကို သူ မက်မောခဲ့ဖူးသလား။ မသေချာလှ။

"ဘယ်သူ့ကိုမှ ပိုင်ဆိုင်ခွင့် မပေးချင်တာပါ။ ကျွန်မက လွတ်လပ်တာကို နှစ်သက်တယ်လေ"

အမျိုးသမီးတစ်ယောက်ရဲ့ လွတ်လပ်မှုဆိုတဲ့ စကားက သိပ်မဆီလျော်သလိုပင်။

ဒါပေမဲ့ သူမနဲ့တော့ ဒီစကားက အံဝင်ခွင်ကျ ဖြစ်နေရသည်ဟု သူ ထင်သည်။

"ဒါဆို ကျွန်တော်နဲ့ စိတ်ချင်းတူတာ ပေါ့"

သူမက သရော်သလို သူ့ကိုလှ [illegible] ကြည့်ပြီး ...

"လွတ်လပ်တာကို မကြိုက်တဲ့ယောကျ်ား [illegible] သူရှိလို့လဲ"

သူမ ပွင့်လင်း ပွန်း [illegible] ရှိ ဆက်သွယ်ရေးလမ်းကြောင်းကို ပိုပြီးချောမွေ့သွားခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကျွန်မ သွားပြီ"

ပြိုင်ကားလို အနက်ရောင်ကားတစ်စီးနား အရောက် သူမက ရုတ်တရက် နှုတ်ဆက်ပြီး ကားထဲဝင်သွားသည်။

သူ ဘာမှမပြောလိုက်ခင်၊ ယောင်နနနဲ့ လက်ပြမိစဉ်မှာပင် သူမ ကားလေးက လျှောခနဲ ထွက်သွားသည်။

♥ ➡ ♥





သူမနဲ့ ရင်းနှီးစွာ စကားပြောခွင့်ရခြင်းအတွက် သူ ကျေနပ်နေမိဆဲမှာပင် နောက်တစ်နေ့မှာ သူမကို မတွေ့ရတော့။

သူမတို့ ကစားနေကျနေရာတွင် အမျိုးသားနည်းပြ တစ်ယောက်ကို အစားထိုးထားကြောင်း တွေ့ရသည်။

သူမလိုပင် ကျစ်လစ်သန်မာသော ကိုယ်ခန္ဓာအချိုး အစားနဲ့ ပြေပြစ်သိမ်မွေ့စွာ ကစားနေသော အမျိုးသားတစ်ယောက်။

မျက်မှန်းတန်းမိနေသော သင်တန်းသားတချို့ကြောင့် သူမရဲ့သင်တန်းဖြစ်တာ သေချာနေသည်။

ဒါပေမဲ့ သူမ မရှိတာက ထူးဆန်းစွာ။

အကြောင်းကြောင်းနိုင်တယ်ဆိုတာ သိပေမယ့် သူ နည်းပြအမျိုးသားဆီ သွားမေးလိုက်သည်။

"အရင်က အမျိုးသမီးနည်းပြ ဘာဖြစ်လို့ မလာတာလဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားချင်း နားလည်တဲ့ အပြုံးကို တွေ့ရပြီး ...

"မမဒေါင်းဖန်ဝါကို မေးတာထင်တယ်"

ဟား ... သူမ နာမည်က ဒေါင်းဖန်ဝါ။

နာမည်ကိုက ပူလောင်ပြင်းရှနေသည်။

"အာ ... ဟုတ်လိမ့်မယ်"

ရယ်ကြဲကြဲနဲ့ ပြန်ဖြေလိုက်စဉ် ...

"မမက အမြဲတမ်းနည်းပြ မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော် အရေးပေါ်ခရီးထွက်နေလို့ ခဏဝင်ပြပေးတာ၊ အခု ကျွန်တော် ပြန်လာလို့ မမ လာစရာမလိုတော့ဘူးလေ"

သူ ဒီလောက်လွယ်လွယ်နဲ့ ပျောက်ကွယ်သွားတာမျိုးတော့ သူ လက်မခံချင်။

ကစားပွဲဆိုရင်တောင် သူမက မကစားခင်က ပွဲသိမ်းဖို့ ကြံစည်နေသလို ဖြစ်နေသည်။

"ဒါဆို မဒေါင်းဖန်ဝါကို ဘယ်လိုဆက်သွယ်လို့ရမလဲ ငါ့ညီ"

သူ့ထက်ငယ်မည်ထင်၍ ရင်းနှီးစွာ ငါ့ညီဟု သုံးနှုန်းရင်း သူမ သတင်းမေးလိုက်စဉ် ...





"အဲဒါက မမ မသိဘဲ ကျွန်တော် ပြောလို့မရဘူး၊ အစ်ကို့ နာမည်ပြောလိုက်လေ၊ မမကို ပြောပေးမယ်၊ မမဆီကခွင့်ပြုချက်ရမှ ကျွန်တော် ပြောပြမယ်"

သူမ မောင်အရင်းလား။

မဖြစ်နိုင်။ သူမနဲ့ရုပ်မဆင်သည့်အပြင် မောင်အရင်းက သူ့ရဲ့စပ်စုစူးစမ်းမှုကို စိတ်ရှည်နိုင်မည် မဟုတ်ဟု သူထင်သည်။

"ဒါဆိုရင်တော့ ညီကိုပဲ အားကိုးရတော့မှာပဲ၊ အစ်ကို့နာမည်လည်း သူသိမှာ မဟုတ်ဘူး၊ ဒါပေမဲ့ လာနေကျ အစ်ကို လာမေးတယ်လို့ ပြောပေးပါ၊ သူ့ဖုန်းနံပါတ်လေး ညဲဖြစ်ဖြစ် ရရင်တော်ပါပြီ"

ထိုအမျိုးသားလေးက ဖော့ရွှေစွာ ခေါင်းညိတ်ပြီး ...

"နောက်နေ့ လာမယ်လေ၊ ဒါပေမဲ့ ဆရာပေါက် သတင်းကောင်း ဖြစ်ချင်မှ ဖြစ်မှာနော်၊ မမမှာ ဒီလိုပုံစံနဲ့လူတွေ အများကြီး ရှိပေမယ့် သူ လက်ခံတာ မတွေ့ဖူးဘူး"

ဒါကတော့ သူ့စွမ်းဆောင်ချက်နဲ့ပဲ ဆိုင်လိမ့်မယ်လို့ ခေါင်းမာစွာ ယူဆထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ ညီ ဒီလောက်ကူညီရင်ပဲ ကျေးဇူးတင်နေပါပြီ။ နောက်နေ့မှ အစ်ကို ထပ်လာခဲ့ပါမယ်"

သူမနာမည်ကလွဲ၍ ထိုနေ့က ဘာမှမသိခဲ့ရသည့် နည်းတူ နောက်နေ့တွင်လည်း ...

"မမက ဘာမှမပြောရဘူးတဲ့"

ဆိုသည့် စကားကိုသာ ရရှိခဲ့လေသည်။

သူမနဲ့ သူ့ကြားမှာ တမ်းတစရာ၊ လွမ်းဆွတ်စရာ၊ နာကျင်ဝမ်းနည်းစရာတွေ မရှိသဖြင့် ထိုအဖြေအတွက် သူ ထူးထူးခြားခြား စိတ်မကောင်းမဖြစ်ခဲ့ပါ။

သူ့အတွက် သိပ်ကြည့်ကောင်းသော ရုပ်ရှင်ကား တစ်ကား မပြီးမီ ထပြန်ခဲ့ရသလို၊ အောင့်သီးအောင့်သက် ဖြစ်ရုံမျှသာ။

♥ → ♥





အားလုံးကို မေ့မေ့ပျောက်ပျောက် ရှိပြီဆိုတဲ့အခါမှ သူမနဲ့ဆုံဖို့ အကြောင်းဖန်လာသည်။

ဖြူ့ကို ရုံးသွားကြိုရန်အလာ မြို့ထဲဘက်အရောက်တွင် သူမကားကို လှစ်ခနဲ တွေ့လိုက်ရသည်။

ပြိုင်ကားလိုပုံစံမျိုးဖြစ်၍ သူမကားက တခြားကားတွေကြားမှာ ထူးခြားစွာ ပေါ်လွင်နေသည်။

သူမကားနဲ့ ယာဉ်ကြောချင်းမတူ၍ သူမကားရှိရာ ယာဉ်ကြောဘက်ကို သူ လိုက်ယူလိုက်သည်။

သူမကားနဲ့ သူ့ကားကြားတွင် ကားနှစ်စီးလောက် သာခြားနေပြီး ကားရှင်းသည့်နေရာအရောက် သူ လမ်းတောင်းပြီး သူမကားနောက်ကို မရေ့ရအောင် ဝင်မောင်းလိုက်သည်။

ဖြူ့ကို ကြိုရမယ်ဆိုတဲ့အသိ ရှိနေရက်နဲ့ သူမကား နောက်က သူ လိုက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကားက အဝပ်မြင့် အဆောက်အအုံတစ်ခု၏ Basement ကားပါကင်နေရာသို့ ဝင်သွားစဉ် သူ့ကားပါ လိုက်ဝင်သွားလိုက်သည်။

သူမကားကတော့ လျှော့ခနဲ။

သူ့ကားကိုတော့ အစောင့်တစ်ယောက်က လှမ်းတားပြီ။

"ဒီနေရာမှာ ညှော့သည်ကားတွေ ထိုးလို့မရဘူး ခင်ဗျ။ အပေါ်ကို သွားချင်ရင် ကားကို အပြင်မှာပဲ ရပ်ပေးပါ ခင်ဗျာ"

သူမကားကို မမြင်ရတော့။ သူ့နေရာနဲ့သူ၊ သူ့စည်းနဲ့သူ ရှိသည်မို့ ဘာမှမပြောသာ။ သူ့ကားကို အပြင်တစ်နေရာမှာပဲ ကတ်သတ်ထိုးလိုက်ရသည်။

Basement ထဲ လမ်းလျှောက်ဝင်လာစဉ် သူမကား ရပ်ထားတာကိုသာ တွေ့ရတော့သည်။

ကိစ္စမရှိ။ ဒီကိစ္စက ဘဲဥအစ ပျောက်သည့်ကိစ္စမျိုး မဟုတ်။ သူမကားတစ်စီးလုံး သူ့မျက်စိရှေ့မှာရှိနေသည့်အတွက် သူ သိပ်ကြိုးစားစရာမလို။





ကားပါကင်ကိုစောင့်သည့် အစောင့်လေးကို မေးလိုက်စဉ် ...

"အဲဒီကားက ဆယ်ထပ်မှာရှိတဲ့ ကော်ဖီဆိုင်ပိုင်ရှင်ရဲ့ကား ခင်ဗျ၊ ဆိုင်နာမည်က ရွှေအိုရောင် တဲ့"

ခတ်လှော်ကားခလုတ်လေးတစ်ချက် နှိပ်လိုက်ရုံနဲ့ သူမဆိုင်ရှိတဲ့နေရာကို လွယ်ကူညင်သာစွာ ရောက်သွားသည်။

ရွှေအိုရောင် ဆိုသည့်အတိုင်း ရွှေအိုရောင်ကာလာတွေနဲ့ ဒီနိုင်းဆင်ထားတဲ့ သူမဆိုင်လေးကို ငြိမ်းချမ်းစွာတွေ့ရသည်။

ဆိုင်ထဲမှာ လေးငါးဝိုင်းလောက်သာ လူရှိနေပြီး အများစုက နိုင်ငံခြားသားတွေ ဖြစ်နေသည်။

ဆိုင်တစ်ခုလုံးကို စေ့စေ့စပ်စပ် ကြည့်မိပေမယ့် သူမကို အရိပ်အယောင်တောင် မတွေ့ရ။

မွန်ပုဆိုးရဲရဲနဲ့ ရှပ်အင်္ကျီကော်လာကတုံးအဖြူရောင်ကို ဝတ်ထားတဲ့ အမျိုးသားတချို့က serve လုပ်နေတာကို တွေ့ပြီး သူ့ဝိုင်းဆီသို့ တစ်ယောက်ရောက်လာသည်။

ကော်ဖီမျိုးစုံရသော်လည်း ကော်ဖီမသောက်ချင်၍ ကျွဲကောသီးဖျော်ရည်တစ်ခွက်ကိုသာ မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နံရံမှာ ရွှေချည်ထိုး ပန်းချီကားကြီးတွေကို ချိတ်ထားသဖြင့် ရွှေအိုရောင်နံရံတွေနဲ့ လိုက်ဖက်စွာ။

ဖျော်ရည်လာချပေးတော့မှ စားပွဲထိုးဆီမှာ သူသိချင်တာ မေးလိုက်သည်။

"မဒေါင်းဖန်ဝါ ရှိလား"

"ဩော် ... မမလေးလား၊ ရှိပါတယ်၊ ဘာပြောပေးရမလဲ ခင်ဗျာ"

သူမရှိနေသည်ဆို၍ နည်းနည်း အားတက်သွားသည်။

"ညှို့သည်ရောက်နေတယ်လို့ပဲ ပြောပေးပါ"

ကောင်လေးက ဆိုင်အတွင်းခန်းဘက်သို့ ခပ်သွက်သွက် ဝင်သွားတာ တွေ့လိုက်ရသည်။

ကျွဲကောသီးကို ကြိုက်ပေမယ့် ကျွဲကောသီးဖျော်ရည်တော့ သူ မသောက်ဘူး။

ရှတတ ချဉ်တင်တင် ချိုတိုတို အရသာလေးတွေ ပေါင်းစပ်ထားတဲ့ ဖျော်ရည်အရသာက ထူးကဲစွာ။

သူ စောင့်မျှော်ကြည့်နေစရာ မလိုဘဲ သူမက သူ့ဝိုင်းဆီ ရောက်လာသည်။





ခရမ်းရင့်ရောင် ဗမာအင်္ကျီလက်ပြတ်နဲ့ ချည်ထဘီ ခရမ်းရောင်ချိတ်အဆင်ကို တွဲဝတ်ထားသည့် သူမ။

ဖြူနုစ်သော အသားက ခရမ်းရောင်နဲ့ လိုက်ဖက်ထင်လင်းစွာ။

"ညှို့သည်ဆိုလို့"

သူမက သူ့ကိုမြင်လိုက်ရသဖြင့် သိပ်ပြီး ထူးခြားအံ့သြသွားပုံမရ။

"ကျွန်တော် ရွှေအိုရောင်ဆိုင်ရဲ့ ညှို့သည်ပဲလေ"

သူမက ညို့ခနဲပြုံးသည်။

သူမ အပြုံးက ရီဝေညို့ဝင်သော အပြုံးမျိုးလေလား။

သူ့လျှာဖျားပေါ်က ကျွဲကောသီးဖျော်ရည်ရဲ့အရသာထက် ပြင်းရှလို့။

"နောက်ဆုံးတော့ ရှင် ကျွန်မကို ရှာတွေ့သွားတာပေါ့"

"ရှာတွေ့တာ မဟုတ်ပါဘူး၊ မထင်မှတ်ဘဲ တွေ့တာပါ၊ ကျွန်တော် မဒေါင်းဖန်ဝါကို မရှာခဲ့ပါဘူး"

သူ့စကားအတွက် သူမက အထအနကောက် စိတ်ဆိုးသည့်ပုံ မပေါ်။



www.burmeseclassic.com

www.burmeseclassic.com



"မရှာဘဲ တွေ့တဲ့သူနဲ့ မမျှော်ဘဲ ရောက်လာတဲ့ညီ့သည် ပေါ့"

သူမက ပေါ့ပေါ့ပါးပါးလေး နောက်ပြီး ရယ်နေသည်။

ခရမ်းသီးမှည့်ရောင် နှုတ်ခမ်းနီဆိုးထားသဖြင့် သူမနှုတ်ခမ်းက ရယ်လိုက်ချိန်တွင် စိုလက်တောက်ပစွာ။

သူ နှစ်ခြိုက်ခုံမင်နေဆဲမှာပင် ဖြူ့ဆီက ဖုန်းဝင်လာပြီး ...

"ကို ခုထိ ဘာဖြစ်လို့ မရောက်သေးတာလဲ၊ ဖြူ စောင့်နေတာ ကြာလှပြီ"

ဟာ ... သူ ဖြူ့ကို လုံးလုံးမေ့သွားသည်။

"ကားငှားပြန်လိုက်ပါလား ဖြူရယ်၊ ကို တစ်နေရာရာ ဝင်နေလို့ နောက်ကျလိမ့်မယ်"

"ဟင် ... ကိုကလည်း၊ ပြီးရော ... ပြီးရော ... ဖြူဘာသာ ဖြူ ကားငှားပြန်လိုက်တော့မယ်"

ဖြူက သူ့ကို ဂျီကျချင်သော်လည်း ပင်ပန်းနေရှာရော့ထင်၊ ဂျီမကျရှာတော့။





"ညကျမှ ကို လှည့်ဝင်လာခဲ့မယ်နော်"

သူမက သူ့ကို ပခုံးတွန့်ပြပြီး လှောင်သလိုကြည့်နေသည်။ သူ ဖုန်းချလိုက်တော့မှ ...

"ယောကျ်ားတွေက ဒီလိုချည်းပဲနော်"

သူမအသံက ယောကျ်ားကျမ်း ကျေနေသည့်ပုံ။

"မသွားမပါ လက်ာမချောဆိုတဲ့ ဆိုရိုးတောင်ရှိသေးတာပဲ"

"ဒါဆို ရှင့်စကားတွေကို ဘယ်ဟာမှ ယုံလို့မရတော့ဘူးပေါ့"

သူမက သူ့စကားကို အငိုက်ဖမ်းပြီး ပြန်ပြောသည်။

"ယုံလို့ရတာ ကစ်ခုတော့ ရှိပါတယ်၊ ကျွန်တော် မဒေါင်းဖန်ဝါနဲ့ တကာယ်ခင်ချင်တာပါ"

ဒီအရွယ်ကြီး မိတ်ဆွေဖွဲ့ရတာတော့ အတော်ကြောင်သည့်ကိစ္စပင်။

ဒါပေမဲ့ ဆက်သွယ်ရေးလမ်းကြောင်း ချောမွေ့ဖို့အတွက် ဒီနည်းက အသင့်တော်ဆုံး ဖြစ်နေသည်။

"ရှင့်ခေါင်းစဉ်က သိပ်မရိုးလွန်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူ ပခုံးတွန့်ပြီး ဘာမှမတတ်နိုင်ဆိုသည့် ပုံစံမျိုး လုပ်ပြလိုက်သည်။

"ကျွန်မတို့ကြားမှာ သူငယ်ချင်းတွေ၊ မိတ်ဆွေဖြစ်လောက်တဲ့ ရင်းနှီးမှုမျိုး၊ အကြောင်းပြချက်မျိုး မရှိဘူး ထင်တယ်"

သူမ စကားကတိုလက်မေး မသမယ် သူနဲ့စကားပြောရတာကို သူမ နှစ်ခြိုက်နေမှန်း သူ ရိပ်မိနေသည်။

"ကျွန်တော် မဒေါင်းဖန်ဝါဆိုင်ရဲ့ ပုံမှန် customer ဖြစ်သွားရင်တော့ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးသင့်တာပေါ့နော်"

သူမက လက်နှစ်ဖက် တင်းတင်းဆုပ်ထားလျက်နှင့် ပင် ခေါင်းမော့ပြီး ရယ်နေသည်။

သွားတန်းညီညီဖွေးဖွေးလေးက လက်ခနဲ ဖြစ်သွားသဖြင့် သူမ သွားမှာစိန်မြှုပ်ထားတာ သတိထားမိလိုက်ပြန်သည်။

"အိုကေ ... ရှင် ကြိုးစားကြည့်လေ၊ လောလောဆယ်ဆယ် ဟိုမှာဝင်လာတဲ့ ဧည့်သည်အတွက် ကျွန်မ ကော်ဖီဖျော်ပေးစရာရှိလို့ သွားတော့မယ်"





သူမ ခမ်းဆတ်ပြတဲ့နေရာကို ကြည့်လိုက်စဉ် အသက်ငါးဆယ်အရွယ်နီးပါးရှိသော နိုင်ငံခြားသား စုံတွဲတစ်တွဲကိုတွေ့ရသည်။

သူမကို လက်ပြပြီး ဘာသာစကားတစ်ခုခုနဲ့ နှုတ်ဆက်လိုက်တာကိုသာ တွေ့ရပြီး သူမ ဆိုင်အတွင်းခန်းထဲ ဝင်သွားတာ ပြန်မထွက်လာတော့။

ပိုက်ဆံရှင်းစဉ် ကျွဲကောသီးဖျော်ရည်ရဲ့ဈေးနှုန်းက ကျွဲကောသီးသုံးလုံးစာလောက် ဖြစ်နေတာ တွေ့ရသည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ဆီသို့ သူပြောခဲ့သည့်အတိုင်း ညနေစာစားပြီး ထွက်လာစဉ် ဧည့်ခန်းထဲတွင် ခြေထောက်ပတ်တီးအဖွေးသားနဲ့ ထိုင်နေသော ဖြူ့ကို တွေ့လိုက်ရသည်။

ဒူးခေါင်းမှစ၍ ခြေဖဝါးတစ်ခုလုံးကို ကျောက်ပတ်တီးကိုင်ထားပြီး ဖြူက သူ့ကိုတွေ့သည်နှင့် ငိုမဲ့မဲ့ဖြစ်သွားသည်။

ငိုရန်တောင့်ထားသည့် ကလေးက အမေကိုတွေ့သည်နှင့် ငိုဖို့အားယူလိုက်သည့် ပုံမျိုးပင်။

"ဘာဖြစ်တာလဲ ဖြူ"

ဖြူ့နားသို့ စိုးရိမ်တကြီး ရောက်သွားစဉ် ဖြူက အသံတုန်တုန်ဖြင့် ...





"ကားနဲ့ တွေ့တ်မိသွားတာ၊ ဖြူ မှားတာပါ၊ ဖြူက ကားငှား ချင်အောနဲ့ လမ်းသွယ်ထဲက ထွက်လာတဲ့ကားကို မမြင်ဘဲ လမ်းကူးလိုက်တာ၊ လမ်းသွယ်ထဲကကားက ဘရိတ်ကောင်း လို့ပေါ့၊ ဖြူ့ဘာသာဖြူလန့်ပြီး ခြေခေါက်လဲသွားတာ"

ဖြူက တစ်ဖက်ကားသမားကိုပါ ဖာထေးပြီးပြော ပေးနေရာသည်။

သူ သွားမကြိုမိ၍ ဒီလိုဖြစ်ရသည့်အတွက် သူ့ရင် ထဲတွင် စိတ်မကောင်းကြီးဖွာ။

ခဏတာ သူ့စိတ်သာယာဖို့အတွက် သူ့ချစ်သူကို ဒုက္ခရာအနာတရ ဖြစ်ခိုင်းမိသည်ဟု စိတ်ထဲက နောင်တရနေမိ သည်။

"ခြေခေါက်လဲတာက ကျောက်ပတ်တီးတောင် ကိုင်ထား ရသလား ဖြူရယ်"

ဖြူရဲ့ကျောက်ပတ်တီးကိုင်ထားတဲ့ ခြေထောက်ကို ကြင်နာစွာပွတ်ပြီး မေးလိုက်မိသည်။

"ခြေသလုံးရိုး နည်းနည်းအက်သွားတာယ်တဲ့၊ ကားသမားက ပဲ ဆေးခန်းတွေ လိုက်ပို့ပြီး အစစအရာရာ လုပ်ပေးသွား



www.burmeseclassic.com

www.burmeseclassic.com



ရှာပါတယ်၊ ဖြူ ကိုဆီ ဖုန်းဆက်ဦးမလို့ဘဲ၊ ကို အလုပ်ကိစ္စနဲ့ သွားတာဆိုရင် ဖြူကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားမယ်ဆိုပြီး မဆက်တော့တာ"

ဖြူ သူ့အပေါ် ယုံကြည်လွန်းနေခြင်းကိုက သူ့အတွက်ပိုပြီးစိတ်မကောင်းစရာ ဖြစ်နေသည်။

"သိပ်နာသွားသလား ဖြူရယ်"

မဲ့တဲ့တဲ့ မျက်နှာလေးကိုကြည့်ပြီး မေးလိုက်စဉ်ဖြူက နှုတ်ခမ်းကလေးစူပြီး ...

"ဟင့်အင်း ... ကိုကိုမတွေ့ခင်တုန်းကတော့ နာတယ်၊ အခု မနာတော့ဘူး၊ ဖြူ အလုပ်က ခဏခွင့်ယူရမှာကို အရမ်းအားနာနေတယ်"

ဖြူက အမြဲတမ်း သူတစ်ပါးအတွက် ထည့်စဉ်းစားပေးလွန်းသူပင်။

"ဟာ ... အားနာလို့ မရဘူး ဖြူ၊ ခြေထောက်ကအရေးကြီးတယ်၊ ခြေထောက်ကောင်းမှ ရုံးပြန်တက်ပေါ့"

ကုမ္ပဏီရဲ့စာရင်းကိုင်တစ်ယောက်အဖြစ် ဖြူ သိပ်အလုပ်များတာ သိပေမယ့် ဘာမှမတတ်နိုင်။





"ဖြူ ခုပဲ MD ဆီ ဖုန်းဆက်လိုက်သေးတယ်၊ ဖြူ ဒီလိုစဉ်းစားထားတယ် ကို၊ ဖြူ့ရုံးက စာရင်းတွေကို ကိုက သွားယူပေး၊ ဖြူ အိမ်မှာ ယူလုပ်ပေးမယ်၊ အရေးကြီးတဲ့ကိစ္စမျိုးတွေကိုပေါ့၊ မကောင်းဘူးလား"

အားနာပြီး ဝတ္တရားဝန်သိတတ်လွန်းတဲ့ ဖြူ့ကို သူ မြတ်နိုးစွာ ကြည့်နေမိပြီး ...

"ကဲပါ ... ဖြူက ဒီလိုလုပ်ရမှ ကျေနပ်မှာ မဟုတ်လား၊ ကို လုပ်ပေးရမှာပေါ့၊ ဒါပေမဲ့ လခတော့ ကို့ကို တစ်ဝက် ခွဲပေးရမယ်"

ဖြူက ကျေနပ်ကြည်နူးစွာပြုံးပြီး ...

"ပေးမယ်၊ ပေးမယ်၊ ကို ဘာယူချင်လဲ ဖြူ အကုန်ပေးမယ်"

ဖြူက ကလေးတစ်ယောက်လို ကျေနပ်အားရစွာ ပြောနေသည်။

"ကဲပါ ... မသဒ္ဓါဖြူရယ်၊ နာမည်နဲ့လိုက်အောင် မသဒ္ဓါဖြူ သဒ္ဓါတရားထက်သန်မှန်း သိပါတယ်၊ ဖြူ့ခြေထောက် အမြန်ကောင်းအောင် ဂရုစိုက်နေပေးရင် ကို ကျေနပ်ပြီ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ခေါင်းက ကြေးညိုရောင် ဆံပင်ပျော့ပျော့ပါးပါးကို ခပ်ဖွဖွပွတ်ပြီး နှစ်သိမ့်လိုက်စဉ် ဘာရယ်မဟုတ် သူမရဲ့ နက်မှောင်ကြမ်းထူပုံရသော ဆံပင်အုပ်အုပ်ကို မြင်ယောင်လိုက်မိသည်။

♥ → ♥





ဖြူ ပို့ခိုင်းသည့် စာရင်းများကို ဖြူ့ကုမ္ပဏီသို့သွားပို့ပေးပြီး အပြန်ကားက သူမဆိုင်ရှိသည့် Tower ဘက်ရောက်လာသည်။

တမင်တကာ ရည်ရွယ်ပါဘဲနဲ့ ကားက Tower အနီးမှာ ရပ်မိသွားသည်။

ရောက်မှတော့ မထူးတော့ပါဘူးလေဆိုတဲ့ စိတ်နဲ့ သူမဆိုင်ကို ဦးတည်မိသွားပြန်သည်။

ရွှေအိုရောင်ဆိုင်လေးကို မြင်ရစဉ် သူ့ခြေလှမ်းတွေက ပြန်လှည့်ရကောင်းနိုးနိုး။

ရောက်ပြီးမှတော့ သူမကို မြင်လိုက်ချင်သေးသည်။

သူ့လိပ်ပြာ သူ မလုံပေမယ့် စိတ်အလိုကိုလိုက်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးက အရင်တစ်ခေါက်တုန်းကလိုပင် ငြိမ် ငြိမ်ဆိမ်ဆိမ်နဲ့ လူခပ်ကျဲကျဲ။

ချေးများတဲ့ ကျွဲကောသီးဖျော်ရည်ကို မမှာတော့ဘဲ ကော်ဖီတစ်ခွက်သာမှာရန် ဆုံးဖြတ်လိုက်သည်။

Menu ထဲက ကော်ဖီအမျိုးမျိုးအနက် "ရွှေအိုရောင် ကော်ဖီ"ဆိုတဲ့ နာမည်ဆန်းဆန်းကြောင့် ...

"ဒီရွှေအိုရောင်ကော်ဖီ ဆိုတာက ..."

စားပွဲထိုးကောင်လေးက ပြုံးပြီး ...

"ဒီဆိုင်က စပ်ထားတဲ့ ကိုယ်ပိုင်ကော်ဖီပါ"

"အေးကွာ၊ ဒါဆို သောက်ကြည့်စမ်းမယ်"

ရွှေအိုရောင်ကော်ဖီကိုမှာပြီး သူမကို ရှာကြည့်မိစဉ် သူမကို မတွေ့ရ။

ကော်ဖီလာချပေးသည့် စားပွဲထိုးလေးကို မေးလိုက် စဉ် ...

"မမလေးက နေသိပ်မကောင်းဘူးခင်ဗျ၊ ဘယ်သူလို့ပြော ပေးရမလဲ"

သူ့နာမည် သူမကို တစ်ခါမှ မပြောပြဘူး၍ မှာ လိုက်ရန် အခက်တွေ့နေရပြန်သည်။





"သူ လာတွေ့ရင် သိပါလိမ့်မယ်လို့ပဲ ပြောပေးကွာ"

စားပွဲထိုးကောင်လေး ထွက်သွားမှ ရွှေအိုရောင် ကော်ဖီကို မြည်းလိုက်စဉ် အရသာခါးစိမ့်စိမ့်လေးက လျှာဖျားပေါ် ငြိနေ၏။

ရွှေအိုရောင်ကော်ဖီက ပိုင်ရှင်လိုပဲ စွဲငြိစေသည်လား မသိ။

သူမ ထွက်မှထွက်လာပါ့မလားဟု တွေးနေမိစဉ် ပင် ပန်းနုရောင် သူမ ထွက်လာသည်။

ပန်းနုရောင်အင်္ကျီလက်ပြတ်နဲ့ အနက်ပေါ်မှာ ပန်း ရောင်အပွင့်လေးတွေ စီခြယ်ထားသော ထဘီကို ဝတ်ထားသည်။

ပန်းနုရောင်ရဲ့အရှိန်ကြောင့် သူမ ပိုပြီးဖျော့တော့ နေပပ်နေသယောင်။

"နေမကောင်းဘူးဆို"

သူမက အပြုံးမပီတပီ ပြုံးပြီး ...

"အစာအိမ် နည်းနည်းရောင်နေလို့ပါ"

နေမကောင်းတာတောင် လှနေနိုင်သေးတဲ့ သူမ။ ကာသိုလ်ကောင်းလွန်းသူပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးမသောက်ဘူးလား"

"သောက်ထားပါတယ်၊ ဘယ်လိုလဲ၊ ကျွန်မတို့ ရွှေအိုရောင်ကော်ဖီ"

သူ့ရှေ့က ကော်ဖီခွက်ကိုကြည့်ပြီး သူမက မေးလာသည်။

"Excellent သိပ်ကောင်းပေါ့"

သူမက သဘောကျစွာ ပြုံးနေပြီး ...

"အဲဒါ ကျွန်မအဘွားရဲ့ မူပိုင်နည်းပဲလေ၊ အဘွားက ဘရာဇီးမှာ နေခဲ့တာ၊ အဲဒီမှာ အဖျော်ယမကာသင်တန်းတက်ခဲ့ဖူးတော့ အဘွားဆီက နည်းရထားတာလေ၊ အစကတော့ မိသားစု အပျော်ဖျော်သောက်တာလောက်ပဲ လုပ်ခဲ့တာ၊ တဖြည်းဖြည်း စီးပွားဖြစ် လုပ်ငန်းတစ်ခုလုပ်မယ် စဉ်းစားတော့ ဒီကော်ဖီက ခေါင်းထဲဝင်လာတယ်လေ"

သူမက သူ့ကို ရင်းနှီးစွာ သူမကော်ဖီရဲ့ ဇာစ်မြစ်ကို ရှင်းပြနေသည်။

"ကျွန်တော်က ကော်ဖီကို စွဲစွဲမြဲမြဲ သောက်တဲ့သူ မဟုတ်တော့ ကော်ဖီရဲ့အရသာကိုတော့ မခံစားတတ်ဘူး၊ ဒါပေမဲ့





သောက်ဖူးတဲ့ ကော်ဖီအရသာတွေနဲ့ မတူတာတော့ ပြောနိုင်တယ်"

"ကော်ဖီစေ့ကရော နိုင်ငံခြားက မှာတာပဲလား"

"ဟုတ်တယ်၊ လောလောဆယ် အဲဒီ ကော်ဖီမျိုးကို စမ်းသပ်စိုက်ပျိုးနေတယ်၊ အောင်မြင်သွားရင်တော့ မှာစရာမလိုတော့ဘူးပေါ့"

သူမက သူမကော်ဖီနဲ့ ပတ်သက်ပြီး စိတ်ဝင်တစားနဲ့ ဂုဏ်ယူနေတာ တွေ့ရသည်။

"ဒါဆို ထိုက်ကျို ကစားတာကရော ဝါသနာလား"

သူမက နည်းနည်းအေးလာသည့်ပုံ လက်မောင်းနှစ်ဖက်ကို နွေးအောင် လက်ဖဝါးနဲ့ အပြန်အလှန် ပွတ်သပ်နေပြီး ...

"ဝါသနာရော မိဘအမွေရောပေါ့၊ အဖေက ထိုက်ကျိုနည်းပြလေ"

ဪ ... သူမ ကျွမ်းကျင်လှပစွာ ကစားနိုင်သည်မှာ သိပ်အဆန်းကြီးတော့မဟုတ်။

"စကားမစပ် ကျွန်မ ရှင့်နာမည်မသိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ အရေးပါတာကို မေ့နေသည်ပဲ။

"ကျွန်တော့်နာမည် နှိုင်းတုကင်း ပါ"

သူမ မျက်နှာက စဉ်းစားသလို တစ်ချက်တွေသွားပြီး ...

"ကမ္ဘာ့အေးစေတီလမ်းပေါ်က ပရိဘောဂဆိုင်နဲ့ ဘာပတ်သက်လဲ"

သူ့နာမည်နဲ့ သူ့မိဘတွေ ဖွင့်ထားသည့် ပရိဘောဂဆိုင်ကို မေးခြင်းပင်။

"ကျွန်တော့်မိဘ ဆိုင်ပါ၊ လက်ရှိတော့ ကျွန်တော်နဲ့ ကျွန်တော့်ဦးလေးအငယ် ဆိုင်ထိုင်တယ်"

"ဪ"

သူမက ဘာမှဆက်မပြောဘဲ ခဏတွေနေသည်။

ပြီးမှ ...

"ကျွန်မ ဒီကော်ဖီဆိုင် ဖွင့်တုန်းက ဆိုင်ပရိဘောဂတွေကို နှိုင်းတုကင်းက ဝယ်ဖို့စုံစမ်းသေးတယ်၊ ပြီးမှ အသိတစ်ယောက်ရဲ့ဆိုင်မှာပဲ အလွယ်တကူ ဝယ်ဖြစ်သွားတာ"





သူတို့ဆိုင်က လက်လီထက် ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ အိမ်အတွင်း Decoration တွေအတွက် လက်ကားလုပ်ပေးရတာ များသည်။

ဆိုင်အလုပ်ဆိုတာ သူ့အတွက် နာမည်ခံမျှသာရှိပြီး သူ့ဦးလေးကသာ ဖိဖိစီးစီး လုပ်ပေးနေရသည်ကိုတော့ မပြောပြဖြစ်တော့။

"နောက်ဆိုရင် နှိုင်းတုကင်းက အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ လာခဲ့ပါ"

"ဟာ ... ကြော်ငြာတိုင်း Promotion လုပ်နေပါလား"

သူမနဲ့လွတ်လပ်ပေါ့ပါးစွာ ရယ်နေလိုက်ကြသည်။

သူမ နေသိပ်မကောင်း၍ပဲလားမသိ၊ သူမ ရယ်နေပုံက ဝေဒနာအစွန်းအထင်းတွေ ပါနေသလိုပင်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ မင်းနဲ့ ဖြူက ခုထိ မယူကြသေးဘူးလား"

အရင်းနှီးဆုံး သူငယ်ချင်းက သူ့ဆိုင်နားတွင်ပင် Internet Cafe ဖွင့်ထားသဖြင့် လာစကားပြောလေ့ရှိသည်။

"ဟ ... ဘယ်လိုဖြစ်တာလဲ၊ ဖြည်းဖြည်းပေါ့ ကောင်းနိုင်ရာ"

ကောင်းနိုင်က စကားကြီး စကားကျယ် ပြောတတ်သူအဖြစ် သူတို့သူငယ်ချင်းအုပ်စုထဲတွင် သတ်မှတ်ထားသူဖြစ်သည်။

ကောင်းနိုင်က ဘာမှမရှိသော မေးစေ့ကို မုတ်ဆိတ်စမ်းသလို ပွတ်နေရင်း ...

"မင်းလည်း နှစ်ဆယ့်ရှစ်၊ ဖြူလည်း နှစ်ဆယ့်ခုနစ်၊ ငယ်တဲ့အရွယ်တွေလည်း မဟုတ်၊ ယူလိုက်ကြရင် ဆင်းရဲဒုက္ခဖြစ်အောင် မွဲနေတဲ့သူတွေလည်း မဟုတ်၊ လူအထင်သေး





ရအောင် အလုပ်အကိုင်မရှိတဲ့သူတွေလည်း မဟုတ်၊ ဘာကိုအချိန်ဆွဲနေတာလဲ"

စကားလုံးတွေကို အမျိုးမျိုး ဘောင်ခတ်ကန့်သတ်ပြီး ပြောလာသည်ကို တွေ့ရသည်။

"ဖြူရော ငါရော လွတ်လပ်မှုကို လိုချင်သေးလို့"

ကောင်းနိုင်က နှုတ်ခမ်းကို မဲ့လိုက်ပြီး ...

"လုပ်မနေနဲ့၊ မင်း အချိန်ဆွဲနေရင် မင်း့ဖြူ သူများနောက်ပါသွားမယ်"

ဖြူရဲ့သိက္ခာနဲ့သစ္စာကို သူ ကောင်းကောင်းသိနေသည်မို့ ...

"ငါ ရွေးချယ်မြှပ်နှီးထားတဲ့ မိန်းကလေးက ဒီလိုမျိုးဆိုရင်လည်း စောစော ထွက်သွားတာ ကောင်းတာပေါ့"

ကောင်းနိုင်က သူ ညှော့ခံထားတဲ့ ကော်ဖီကိုသောက်ပြီး သူ့ကို ရှုတ်ချဖို့ အကွက်ရှာနေသည်။

"တော်တော်အကြောကြီးတဲ့ကောင်၊ ငါသာ ဖြူ့အစ်ကိုဆိုရင် မင်းနဲ့ မပေးစားဘူး"

သူ ကောင်းနိုင် ကျောကို ချစ်စနိုးပုတ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စ,တာပါကွာ၊ လာမှာပေါ့၊ လောလောဆယ် ငါ့ဦးလေးဆီက ပညာသင်နေတုန်းလေ၊ ဆိုင်ကိစ္စတွေ အကုန်လုံး ငါ ဦးစီးနိုင်မှ ဖြူနဲ့လက်ထပ်မလားလို့"

ကောင်းနိုင်က သူ့ကို စွေပြီးကြည့်နေသည်။

"တတ်ဦးမယ်၊ ဆိုင်မှာ ဖင်မမြဲဘဲနဲ့၊ ငါလာတိုင်း မင်း ဦးလေးပဲ တွေ့တယ်"

ထုံးစံအတိုင်း သစ်ကုန်သည်တချို့နဲ့ သူ့ဦးလေးက ယူစရာ ပေးစရာတွေကို တွက်ချက်နေသည်။

"ငါ ဖြူ့ကိုပဲ လက်ထပ်မှာပါကွာ၊ ဒါပေမဲ့ ဖြူနဲ့ချစ်ရတာ ပျင်းစရာကောင်းတယ်ကွ"

ကောင်းနိုင်က မျက်လုံးပြူးကြီးနဲ့ သူ့ကိုကြည့်နေသည်။

ချစ်သူ အပျိုကြီးမမတစ်ယောက်နဲ့ မကြာခင်လက်ထပ်ဖို့ လုပ်နေတဲ့ ကောင်းနိုင် အတွက် သူ့စကားက ဆန်းနေသည်ထင်။

"ဟုတ်တယ်လေ၊ ဖြူက ငါ ဖြူဆိုဖြူ၊ မည်းဆိုမည်းနဲ့ ငါ့ သဘောချည်းပဲဆိုတော့ တစ်ခါတလေ ပျင်းလာတယ်၊ သိတယ် မဟုတ်လား"





ကောင်းနိုင်က သဘောပေါက်လာသလို ခေါင်းညိတ်ပြီး ...

"မင်း တခြားတစ်ယောက် တွေ့နေတာတော့ မဟုတ်ပါဘူးနော်"

ဒက်ထိမှန်နေသည့် ကောင်းနိုင် စကားကို သူ ခေါင်းမခါ ခေါင်းမညိတ်။

"အမြဲတမ်း လူတစ်ယောက်က ထမင်းချည်းပဲဆိုရင် ငြီးငွေ့မှာပေါ့၊ တစ်ခါတလေ ..."

"ဟိတ်ကောင် ... တော်တော့၊ တော်တော့။ ဒီစကားမျိုး ငါ နားထောင်နေတာ ငါ့မမသိရင် အကွဲအပြတ် ဖြစ်သွားမှာ၊ မင်းဘာသာမင်း အပျော်လုပ်ချင်ရင်လုပ်၊ ဒါပဲ"

သူ့စကားကိုပင် ဆုံးအောင် နားမထောင်ရဲသည့် ကောင်းနိုင်ကို ကြည့်ပြီး သူ ရယ်နေမိသည်။

ထိုစဉ် ထူးထူးဆန်းဆန်း ဆိုင်ဖုန်းဝင်လာပြီး ဖုန်းဆက်သူက သူမ ဖြစ်နေသည်။

ကောင်းနိုင်က သူ ဖုန်းပြောတော့မည်ဖြစ်၍ နှုတ်ဆက်ပြီး ထထွက်သွားသည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



“နှိုင်းတုကင်းလား”

အမျိုးသမီးတစ်ယောက်ရဲ့အသံဖြစ်ပြီး ဖြူ မဟုတ်သဖြင့် ဘယ်သူဖြစ်မလဲလို့ စဉ်းစားနေစဉ် ရယ်သံချိုလွင်လွင်ကို ကြားရပြီး ...

“ဒေါင်းဖန်ဝါ ပါ”

သူ အံ့ဩစွာ ဘာမှဆက်မပြောမိခင်မှာပင် သူမက ...

“မနက်ဖြန် ရွှေအိုရောင်မှာ ကော်ဖီအသစ် တစ်မျိုး Promotion ပွဲ ရှိတယ်၊ ပုံမှန် Customer တွေကိုဖိတ်ပြီးပေမယ့် ဒီရက်အတွက် နှိုင်းတုကင်း မလာလို့ မဖိတ်ရဘူးဖြစ်နေတယ်၊ အခုမှ ဆိုင်ကတ်ပြန်တွေ့လို့ ဖုန်းဆက်လိုက်တာ”





ဒီရက်အတောအတွင်း ဆိုင်မှာ သူ မြင်မြဲနေရ၍ ရွှေအိုရောင်ဆီ သိပ်မရောက်။

“ဟုတ်တယ်၊ ဒီရက်တွေ သိပ်မအားလို့၊ လာခဲ့မယ်လေ၊ ဘယ်အချိန် လာရမှာလဲ”

“တစ်နေ့လုံး ကြိုက်တဲ့အချိန် လာလို့ရပါတယ်၊ ဒါပေမဲ့ ညနေပိုင်းဆို ပိုကောင်းတယ်၊ နေ့လယ်က လူကျချိန်လေ”

“ဒါဆို ညနေ ငါးနာရီကျော်လောက် လာခဲ့မယ်၊ ရလား”

“အင်း ... ရပါတယ်”

သူမနဲ့ ပထမဆုံးအကြိမ် ဖုန်းဆက်ချိန်းရသည့် ခံစားမှုက အထူးအဆန်း ဖြစ်နေ၍လားမသိ။ ရင်ထဲ တစ်မျိုးပင်။

“ဖြစ်နိုင်ရင် အခုတောင် ထွက်လာချင်တယ်၊ ဦးလေးက မအားသေးလို့”

သူမရဲ့ သဘောကျစွာ ရယ်နေသံကို ကြားနေရသည်။

“ရပါတယ်ကွာ၊ ကျွန်မလည်း ဒီညနေ မအားဘူး၊ ကော်ဖီဈေးတွေ သွားစစ်ရမယ်၊ အခု ဖုန်းပြောပြီးတာနဲ့ သွားတော့မှာ၊ ဒါပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းချသွားတော့မှ ဦးလေးက သူ့ဆီလျှောက်လာပြီး ...

"နားချင်ရင် နားတော့လေ၊ လေးလေး ဆိုင်ဆက်ထိုင်ပေးမယ်၊ ကုန်သည်တွေနဲ့ ကိစ္စကတော့ ပြတ်သွားပြီ၊ သစ်အရောတွေ ထည့်မှာစိုးလို့၊ ကိုယ်တိုင် ဝင်စစ်နေရတယ်၊ မင်းလည်း အားရင် သစ်ရွေးတဲ့နည်းကို သင်ဦး"

လေးလေးက အေးစက်နေတဲ့ သောက်လက်စကော်ဖီကို ဆက်သောက်ပြီး ပြောနေသည်မို့ လေးလေးသာ သူမကော်ဖီကို သောက်ရရင် သိပ်သဘောကျမှာပဲလို့ တွေးလိုက်မိသည်။

ဒါပေမဲ့ ဖြူနဲ့ကိစ္စကို အားလုံးသိထား၍ သူမနဲ့ပတ်သက်သောကဏ္ဍကို လေးလေးအား ပေးသိ၍မဖြစ်။

"မနားတော့ပါဘူး၊ ဒီညနေ Beauty Sloon က မှာထားတဲ့ ရှိုးကေ့စ်တွေ လာယူလိမ့်မယ်၊ သူတို့က နည်းနည်းဈေးများတယ်၊ ပစ္စည်းကိုကြည့်ပြီး ဟိုအပြစ် ဒီအပြစ်ပြပြီး ဈေးဆစ်တတ်တယ်လို့ ဆိုင်က အလုပ်သမားလေးတစ်ယောက်က ပြောနေတယ်၊ ဒါကို ကျွန်တော် စောင့်လိုက်မယ်လေ"





လေးလေးက ခေါင်းညိတ်ပြီး ...

"ဒါဆို လေးလေး ခဏသွားမှေးလိုက်ဦးမယ်"

အသက်လေးဆယ်နားနီးပေမယ့် လူပျိုကြီးဘဝနဲ့ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့် လေးလေး နောက်ကျောကို ကြည့်ပြီး ...

"မနက်ဖြန်ညနေတော့ ကျွန်တော် အပြင်ထွက်မှာနော်"

"အေးပါကွာ၊ မနက်ဖြန် ငါ စောင့်ပါမယ်"

သူ အနိုင်ကျင့်တာ အမြဲခံနေရသည့် လေးလေးကြောင့် သူ လက်ကြောမတင်းတာလည်း ဖြစ်နိုင်သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း သူမက ဗမာအင်္ကျီရင်ဖုံး လက်ပြတ်လေးနှင့်ပင်။

အစိမ်းပုပ်ပုပ်ခြောင်းပိုးအင်္ကျီဖြစ်၍ သူမအသားနှင့် လိုက်ဖက်စွာ။

အစိမ်းပုပ်ပေါ်မှာ စိန်ပွင့်အဖြူလေးတွေ လက်နေသော လုံချည်ကိုပါ တွဲဖက်ဝတ်ထား၍ သူမအသွင်က ညကြယ်ပွင့်လေးနယ် လှပ်လီ လှုပ်လှဲ့။

သူမ စမ်းသပ်တီထွင်သော ကော်ဖီအသစ်နာမည်က ...

"ဂန္ထဝင်ရွှေ"တဲ့။

ရွှေအိုရောင်ကော်ဖီ ပရိသတ်တွေအားလုံးကို ဂန္ထဝင်ရွှေနဲ့ သူမက မိတ်ဆက်ပေးသည့်နေ့လေးပင်။





"အရသာက ဘာကွာလို့လဲ"

သူမက လီမွှော်ရင့်ရောင် နှုတ်ခမ်းကို လှပစွာဖိစေ့ပြီး ...

"သောက်ကြည့်လေ"

သူမစကားအတိုင်း ကော်ဖီတစ်ငုံ မြှို့လိုက်သည်။

ခါးသလိုလို ရှဲသလိုလို စိမ့်သလိုလို ဘာလိုလိုအရသာတွေက လျှာပေါ်ကရသာဖုတွေအနံ့ ပြန့်သွားသည်။

"တစ်မျိုးတော့ တစ်မျိုးပဲ၊ ကျွန်တော် တိတိကျကျတော့ အရသာမခံတတ်ဘူး"

သူ ပြောရင်း နောက်တစ်ငုံ သောက်လိုက်မိပြန်သည်။ ပြီးတော့ တစ်ငုံပြီးတစ်ငုံ ...

ဟား ... သိပြီ။

ဒီအရသာက လူကို တစ်ဆင့်ပြီးတစ်ဆင့် ဆွဲခေါ်ဖြားယောင်းသွားနိုင်တဲ့ အရသာမျိုးပဲ။

သူမက သူ့ကို နှုတ်ခမ်းထောင့် ပြုံးသည့်ဆိုရုံလေး ပြုံးပြီး ကြည့်နေသည်။

"ဒေါ်ငါးဖန့်ဝါရဲ့ ဂန္ထဝင်ရွှေကတော့ ရွှေအိုရောင်ကို ဖြတ်တက်သွားမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး သူမက ပခုံးတွန့်ပြပြီး ...

"ဘာဖြစ်လို့လဲ"

"လူကို ဆွဲငင်ညှို့ယူနိုင်တဲ့အရသာ ထူးလို့လေ"

သူမက ပခုံးလေးပါလှုပ်ပြီး တိုးညင်းသာယာစွာ ရယ်နေသည်။

သူမကိုယ်လေးလှုပ်တော့ သူမကိုယ်ပေါ်က ကြယ်ပွင့်လေးတွေ ကြွေကျတော့မယ့်အလား။

"ရွှေအိုရောင်က ကျွန်မအဘွားရဲ့ကော်ဖီ၊ ဂန္ဓဝင်ရွှေက ကျွန်မကော်ဖီလေ၊ ဘာပဲဖြစ်ဖြစ် ရွှေအိုရောင်ရဲ့အခြေခံ အရသာပေါ်မှာ ကျွန်မ ထွင်ပြီးစပ်ထားတာမို့ ရွှေအိုရောင်က ဂန္ဓဝင်ရွှေရဲ့ ဆရာပါပဲ"

"ဒီနေ့လာတဲ့ ဧည့်သည်တွေဆီကရော ဘယ်လိုသတ်မှတ်ချက်တွေ ကြားရလဲ"

သူမ အလုပ်နဲ့ ဆက်စပ်ထားပဲ မေးလိုက်စဉ် ...

"အမျိုးမျိုးပါပဲ၊ အားလုံးကတော့ ဂန္ဓဝင်ရွှေကို ကြိုက်ဆိုနေကြတာပဲ"

"ဟာ ... မေ့နေတယ်၊ ဂန္ဓဝင်ရွှေအတွက် ကျွန်တော် လက်ဆောင်ယူလာတယ်"





သူ ယူလာတဲ့ လက်ဆောင်ဘူးလေးကို သူမဆီ ကမ်းပေးလိုက်စဉ် ...

"ကျေးဇူးပဲ၊ အခုဖွင့်ကြည့်ရမလား"

သူမ ခွင့်တောင်းပုံက မှုန့်ချို ...

"ဖွင့်ကြည့်လေ"

သူမ လက်နုသွယ်သွယ်လေးက ပါဆယ်ထုပ်လေးပေါ် လှုပ်ရှားပြေးလွှားသွားပြီးနောက် သူ့လက်ဆောင်လေးပေါ်လာသည်။

ကော်ဖီခွက်နှုတ်ခမ်းပေါ် ထိုင်နေသော ကောင်မလေး တစ်ယောက်၊ ကော်ဖီခွက်ထဲကို တစ်ခုခု မျှားနေသည့်ပုံ ငါးမျှားတံ ကြိုးလေးပါပြီး ငါးမျှားချိတ်ရဲ့အဆုံးမှာ လခြမ်းလေးက တွဲလွဲခိုလျက် ...

"အို ... ချစ်စရာ ကောင်းလိုက်တာ၊ နှိုင်းတုကင်း ... ဒါ ဘယ်လိုရှာထားတာလဲ"

သူမအတွက် လက်ဆောင်ရှာဝယ်ရင်းနှင့် ဆိုင်တစ်ဆိုင်မှာတွေ့သဖြင့် သဘောကျပြီး ဝယ်ခဲ့မိသည့် အရုပ်လေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ရာဘာသားအမာနှင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ငါးမျှားကြိုးလေးကိုတော့ ရွှေရောင်ကြိုးမျှင်မျှင်လေးနှင့် လုပ်ထားသည်။

ကော်ဖီခွက်နှုတ်ခမ်းပေါ်ထိုင်ပြီး "လ"ထိုင်မျှားနေသည့် ရုပ်တုလေးက ချစ်စရာကောင်းလွန်းလှသည်။

"မွေဒါင်းဖန်ဝါ ကြိုက်ရင် ပြီးတာပဲ"

သူမက အရုပ်လေးကို နှစ်သက်မြတ်နိုးစွာ ကြည့်နေသည်။

"ရှင့်ကို ကျွန်မ လက်ဆောင်တစ်ခု ပြန်ပေးချင်တယ်"

သူမလေသံက ထူးခြားစွာ နူးညံ့တိုးညင်းနေပြီး ...

သူမမျက်လုံးတွေက သူမကိုယ်ပေါ်က ကြယ်ပွင့်တွေအလား ...

"ဘာပေးမှာလဲ"

ထူးထူးခြားခြား ရင်ခုန်လှိုက်မောမှုမျိုး မဖြစ်ပေမယ့် ...

သူ ကျေနပ်သာယာနေတာတော့ သေချာသည်။

"ရှင့်ကို ကျွန်မ ကင်းလို့ခေါ်မယ် ရမလား"





ကင်းတဲ့ ... အဆိပ်ပြင်းတဲ့ "ကင်း"လား။

ပြိုင်ဘက်ပြင်းတဲ့ "ကင်း"လား။

သူ တွေးနေဆဲမှာပင် သူမက ဆက်ပြီး ...

"ကျွန်မစိတ်ထဲမှာ ထူးထူးခြားခြား လက်ခံမိတဲ့ မိတ်ဆွေအဖြစ် နှိုင်းတုလို့မရတဲ့ "ကင်း"ပေါ့"

သူ ကြည်နူးစွာ ခေါင်းညိတ်လိုက်သည်။

သူ့ရင်ခုန်သံတွေ မှုမမှန်ချင်ပေမယ့် သူ့မှာ ဖြူနှင့်ပတ်သက်တဲ့ ရင်ခုန်သံတွေ ရှိနေရမယ်လို့တော့ အသိဝင်လိုက်သေးသည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ခြေထောက် ကျောက်ပတ်တီး ခွာပြီးသည်နှင့် လေ့ကျင့်ခန်းအဖြစ် လမ်းပုံမှန်လျှောက်ပေးရန် ဆရာဝန်က ညွှန်ကြားခဲ့သည်။

ပုံမှန်ခပ်ဖြည်းဖြည်း လျှောက်ရမည်ဖြစ်၍ ဖြူရဲ့ လေ့ကျင့်ရာနေရသည့် အင်းယားကန်ပေါင် ဖြစ်ခဲ့ပြီး၊ ဖြူ့ရဲ့လမ်းလျှောက်ဖော်က အလိုအလျောက် သူ ဖြစ်လာသည်။

သူမဆီက သုံးရက်တစ်ခါလောက် ဖုန်းလာတတ်ပြီး၊ သူက တစ်ပတ်တစ်ခါလောက် ရွှေအိုရောင်သို့ ရောက်ဖြစ်ခဲ့သည်။

ရင်းနှီးမှုက ပိုလာသော်လည်း သူနဲ့ သူမကြားမှာ ခေါင်းစဉ်တစ်ခုခု တပ်၍ရသော ဆက်ဆံမှုမျိုး မရှိခဲ့။





ဖြူ့အပေါ် ချစ်သူတစ်ယောက်ရဲ့ဝတ္တရား မပျက်ကွက်ခြင်းအတွက် သူ့ကိုယ်သူ အမှားကင်းသည်ဟု ဖွတ်ယုံကြည်ထားမိသည်။

"ခြေထောက်က မလျှောက်တာကြာလို့လား မသိဘူး ထုံထုံကြီး ဖြစ်နေတယ်၊ ခြေကျင်နေတဲ့ ခံစားမှုနဲ့တူတယ် သိလား ကို"

ဖြူက သူ့လက်မောင်းကို အားစိုက်တွဲပြီး ခြေလှမ်းခပ်ဖြည်းဖြည်းနဲ့ လျှောက်ရင်း ပြောသည်။

"ကြာရင် ပုံမှန်ဖြစ်သွားမှာပေါ့ ဖြူရယ်"

ဖြူ့ကို အားပေးရင်း ပြေးဆော့နေသည့် ကလေးတွေကို လိုက်ကြည့်နေမိသည်။

မရောက်တာကြာပြီဖြစ်တဲ့ နေရာကို ရောက်နေ၍လား၊ ရင်ထဲ ကြည်နူးငြိမ်းချမ်းနေဆဲမှာပင် …

"ဟာင်"

သူမ … ဒေါင်းဖန်ဝါ။

သူတို့နဲ့ မျက်နှာချင်းဆိုင် တည့်တည့်ကနေ လမ်းလျှောက်လာနေသော သူမ။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်အင်္ကျီလက်ပြတ်နှင့် အနက်ပေါ်မှာ အဖြူရောင်အလုံးလေးတွေပါသော လုံချည်ကို တွဲဝတ်ထားသည်။

ဆံပင်တွေကို ဖွာရရာချထား၍ လေထဲမှာ ဆံနွယ်အုပ်အုပ်က အလုအယက် ထိုးထွက်လျက်။

သူ့ကိုမြင်သည်နှင့် သူမက နူးညံ့စွာ စပြုံးပြသည်။

သူ ပြန်နှုတ်ဆက်ဖို့ကို အားနာနေသည့် ခံစားချက်မျိုး ဖြစ်နေသည်။

"လမ်းလျှောက်လာကြတာလား"

ဖြူက အံ့သြသလို သူ့မျက်နှာကို လှည့်ကြည့်သည်။

ဖြူ့လက်ဖဝါးကို သူ ပြန်ကိုင်ထားလိုက်ပြီး ...

"ဟုတ်တယ်၊ ဒေါင်းဖန်ဝါရော"

"ဒီနားကအဖြတ် လမ်းလျှောက်ချင်စိတ် ပေါက်လာတာနဲ့ လမ်းဆင်းလျှောက်နေတာ"

ရေချိုးပြီးစလား၊ ခေါင်းလျှော်ပြီးစလား မသိ။

သူမဆီက ရှမ်ပိုနံ့လိုလို၊ အနံ့သင်းသင်းတစ်ခု ရနေသည်။

"ဖြူ ... ဒါက ကို့မိတ်ဆွေ ဒေါင်းဖန်ဝါတဲ့၊ ဒေါင်းဖန်ဝါ ဒါက သဒ္ဒါဖြူတဲ့"





သူမက နှစ်လိုဖွယ် ပြုံးနေပြီး ဖြူ့ကို ကြည့်နေသည်။

"ကင်းဆီက ဖြူ့အကြောင်းတော့ နည်းနည်းကြားဖူးတယ်၊ ဖြူက ချစ်စရာလေးပဲ"

ဖြူက ရှက်စနိုးပြုံးပြီး သူ့ကို လှမ်းကြည့်သည်။

သူမကို ဖြူ့အကြောင်း တမင်တကာ ရည်ရွယ်ပြီး ပြောပြခဲ့ခြင်းမျိုးမရှိ၍ သူ ဖြူ့ကို လိပ်ပြာမလုံလှ။

"ဒေါင်းဖန်ဝါလည်း လှတာပဲ"

ဖြူက လောကဝတ်ဆန်ဆန် ပြန်ပြီးမြှောက်ပင့်ပြောနေခြင်းမျိုး မဟုတ်ဘဲ၊ ဖြူ့မျက်လုံးထဲမှာ အားကျအံ့သြနေသည့် အရိပ်တွေ တွေ့နေရသည်။

"ကဲ ... ကင်းရေ၊ ဆက်လျှောက်လိုက်ဦးမယ်"

သူမက နှုတ်ဆက်ပြီး သူတို့ကို ဖြတ်ကျော်ကျော နိုင်းထွက်သွားသည်။

"တော်တော်လှတဲ့ အမျိုးသမီးပဲနော်၊ ကိုနဲ့ ဘယ်တုန်းက သိတာလဲ၊ ဖြူ့ကိုလည်း တစ်ခါမှ မပြောဖူးဘူး"

ဖြူက သူ့ကို ပုံမှန်ပြောလိုက်ခြင်း ဖြစ်ပေမယ့် သူ ဖြူ့ကို မလုံမလဲနဲ့ စိတ်တိုချင်သလိုလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး သိတာပါကွာ"

သူ့အသံ နည်းနည်းဆတ်သွားသဖြင့် ဖြူက ဆက်မပြောတော့။

တခြားစကားလမ်းကြောင်း ပြောင်းသွားသည်။

"တစ်ပတ်လောက် လမ်းလျှောက်ကျင့်ပြီးရင်တော့ ဖြူ အလုပ်ဆင်းလို့ ရပါပြီနော်"

သူ ဖြူ့ပခုံးကိုဖက်ပြီး ဖြေလိုက်သည်။

"အင်း"

ကားရပ်ထားရာနေရာ ရောက်လာပြီဖြစ်၍ သူ့မကားလေး ရပ်ထားတာ တွေ့ရသည်။

ခပ်ဝေးဝေးကို ပြန်လှမ်းကြည့်စဉ် အဖြူရောင်သူမကို ခပ်ရိပ်ရိပ်သာ။

♥ → ♥





အခန်းမီးပိတ်ပြီး အိပ်တော့မယ် အလုပ်မှာမှ သူမဆီက ဖုန်းဝင်လာသည်။

သူ အိပ်ရာပေါ် လှဲချလိုက်ပြီး ...

"ပြော ... ဘာဖြစ်လို့လဲ ဒေါင်းဖန်ဝါ"

သူ အလိုအလျောက် သူမနဲ့ ဖုန်းစကားပြောဖော်ဖြစ်နေတာ သိပ်မကြာလှသေး။

"ညနေက ကျွန်မ သရုပ်ဆောင်တာ တော်ရဲ့လား"

သူမစကားက ဘာလိုလို။

"အဲဒါ ဒေါင်းဖန်ဝါ သရုပ်ဆောင်နေတာလား၊ ကျွန်တော်က စိတ်ရင်းနဲ့ ဆက်ဆံနေတယ် ထင်တာ"

သူမဆီက ခဏ အသံတိတ်သွားပြီး ...

"အဲဒီအချိန်မှာ ကျွန်မ ဘာလုပ်ချင်နေလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက ဝမ်းနည်း နာကျင်နေသည့် အသံမျိုး ဖြစ်သည်။

သူ ဘာမှပြန်မဖြေစဉ်မှာပင် ...

"ကျွန်မ ကန်ရေပြင်ကိုကြည့်ပြီး အကျယ်ကြီး အော်ပစ်ချင်နေတာ"

"ဟာ ... ဒေါင်းဖန်ဝါ ဆေးစားမှားနေပြီထင်တယ်"

သူမဆီက ခပ်ငေါ့ငေါ့ ရယ်သံကို ကြားရပြီး ...

"ဟုတ်တယ်၊ ကျွန်မ မစားသင့်တဲ့ဆေးကို စားမိပြီထင်တာပဲ၊ ဒါပေမဲ့ အဲဒီဆေးက အဆိပ်ဆိုရင်တောင် ကျွန်မ ပြန်ထွေးမိမယ် မထင်ဘူး"

သူမစကားတွေကို သူ နားလည်ချင်သလိုလို နားမလည်ချင်သလိုလို။

ဒါပေမဲ့ သူမ အသံတွေက ပေါက်ကွဲလွင့်ထွက်နေသည့်အသံ ဆိုတာတော့ သေချာသည်။

"ကျွန်တော် မနက်ဖြန် ရွှေအိုရောင်ကို လာခဲ့မယ်၊ အဲဒီတော့မှ ဒေါင်းဖန်ဝါနဲ့ တွေ့မယ်လေ၊ လောလောဆယ် ကျွန်တော် အိပ်ချင်နေပြီ"





"ဆောရီး ကင်း၊ ကျွန်မ နည်းနည်း တစ်ကိုယ်ကောင်းဆန်သွားတယ်၊ ကျွန်မ အိပ်မပျော်သေးတာနဲ့ ကင်းဆီ ဖုန်းဆက်မိလိုက်တာပါ၊ ဒါဆို အိပ်တော့နော်၊ မနက်ဖြန် တွေ့မယ်"

သူမက ကလေးတစ်ယောက် ချော့သလိုမျိုးပြောပြီး ဖုန်းချသွားသည်။

ခုမှ သူ မျက်စိကြောင်ရသည့်အလှည့် ဖြစ်နေသည်။ အတွေးများစွာဖြင့် သူ အိပ်မပျော်တော့။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူမဆီလာဖို့ ကတိပေးမိသည့်အတွက် သူ ဖြူ့အပေါ်တော့ ဝတ္တရားတစ်ခု ပျက်ကွက်သွားသည်။

သူ အားချိန်က ညနေမှဖြစ်ပြီး ညနေသွားရမည့်နေရာက နှစ်နေရာ ဖြစ်နေသည်။

ဖြူ့မျက်နှာကို ကွက်ခနဲမြင်ပြီး စိတ်မကောင်းဖြစ်မိသလို၊ သူမရဲ့ မမြင်ရတဲ့ စွမ်းအင်တစ်မျိုးကြောင့် သွားချင်သည့်စိတ်ကို တားမရ။

"ဖြူရေ ... ဒီနေ့ ဖြူ့ဖေဖေနဲ့ပဲဖြစ်ဖြစ် လမ်းထွက်လျှောက်လိုက်တော့နော်၊ ကို အလုပ်တွေကျနေလို့ လာနိုင်မယ်မထင်ဘူး"

"ဟင် ... ကိုကလည်း လုပ်ပြီ"





ဖြူက မကျေနပ်သလို ပြောသော်လည်း သူ့ကိုဘာမှစိတ်ညစ်အောင်မလုပ်။

"ပြီးရော၊ ဖေဖေ့ကိုပဲ လိုက်ပို့ခိုင်းတော့မယ်၊ ညကျရင်တော့ ခဏလှည့်ဝင်လာဦးနော်"

ဖြူ့ကိုဖုန်းဆက်ပြီးသည်နှင့် သူမ ဆိုင်လေးဆီထွက်လာခဲ့လိုက်သည်။

သူမနဲ့တွေ့ဖို့ စိတ်တွေက ပေါ့ပါးနေပေမယ့် အဲဒီခံစားချက်ကို သူကိုယ်တိုင် မနှစ်သက်သလို ဖြစ်နေသည်။

ရွှေအိုရောင် ဆိုင်ရှေ့မှာ ရပ်မိသည်နှင့် သူ ဖြူ့ကိုရော အားလုံးကိုပါ ခဏလေး မေ့ထားဖို့ ဆုံးဖြတ်လိုက်သည်။

ရွှေအိုရောင်ဆိုင်လေးထဲမှာ သူမက နီညိုရောင်ဝမ်းဆက်နဲ့ ကြိုနှင့်နေသည်။

နှုတ်ခမ်းကိုပါ နီညိုရောင်ဆိုးထားသဖြင့် သူမအသွင်က ရှူးရဲတောက်ပစွာ။

"ဘာသောက်မလဲ၊ ရွှေအိုရောင်လား၊ ဂန္ဓဝင်ရွှေလား"

သူမကို ပြုံးပြလိုက်ပြီး ...

"ကြိုက်တာပေး၊ ဒေါင်းဖန်ဝါ လက်ရာဆို ဘာပဲဖြစ်ဖြစ်ကောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဆိုင်အတွင်းခန်းထဲ ခဏဝင်သွားပြီး ကော်ဖီခွက်နဲ့အတူ ပြန်ထွက်လာသည်။

ရွှေရောင်ဒွန်းသေးသေးတွေနဲ့ အနက်ပေါ်မှာ ရွှေရောင်အနားကွပ်ထားသော ကော်ဖီပန်းကန်လေးတွေက သူမလိုပင် ညို့ငင်ဆွဲဆောင်နိုင်သလိုပင်။

"ကျွန်မက ကင်း မလာတော့ဘူးလားလို့"

သူမက သူ့ရှေ့သို့ ကော်ဖီခွက်ကို အသာချပေးရင်း ပြောသည်။

"ဘာဖြစ်လို့လဲ"

သူမက နှုတ်ခမ်းကို လှအောင်စေ့ပြီး ...

"ကင်း ချစ်သူက သဝန်တိုပြီး ပြဿနာဖြစ်ကြပြီလားလို့"

သူ သဘောကျစွာ ရယ်လိုက်မိသည်။

"ဖြူက သဘောထားမသေးဘူး၊ ဒါပေမဲ့ သဝန်တော့တိုတတ်တယ်၊ ဒါကလည်း မိန်းကလေးသဘာဝပဲလေ"

သူ့စကားအဆုံး သူမက ခုံနောက်မှီပေါ် ကျောမှီချလိုက်ပြီး သူ့ကို ပခုံးတွန့်ပြသည်။

သူမ အမူအရာတချို့က အနောက်တိုင်းဆန်နေသဖြင့် သူ့မျက်လုံးထဲ အမြင်ဆန်းနေသည်။





"ဟုတ်တာပေါ့၊ ကျွန်မတောင် သဝန်တိုခဲ့သေးတာပဲ"

သူမဆီက ရုတ်တရက် ထွက်လာတဲ့ စကားကြောင့် သူ အံ့ဩသွားပြီး ဝေပ်မေးလိုက်မိသည်။

"ဘယ်လို"

"အော် ... ကျွန်မ ကင်းကို ကင်းရဲ့ချစ်သူနဲ့ တွဲတွေ့လိုက်တုန်းက ကျွန်မ သဝန်တိုမိတယ်လေ"

သူမက ဘာမှမဖြစ်သလို ပြောပေမယ့် သူကတော့ နည်းနည်းနေရခက်သွားသည်။

ပွင့်လင်းတယ်ဆိုတာ ကောင်းပေမယ့် သိပ်ပွင့်လင်းလွန်းတော့လည်း ဘောင်ကန့်သတ်ချက်ကြားက လူးလွန့်ထိုးထွက်နေသလိုပင်။

"တကယ်တော့ မိတ်ဆွေတွေဆိုတဲ့ အဆင့်က ကျွန်မတို့ကြားမှာ အသင့်တော်ဆုံးပဲနော်"

သူမ မျက်နှာပေါ်မှာ အလိုမကျရိပ်တွေနဲ့ အရယ်ရိပ်သမ်းလာသည်။

"ကင်း ... ကျွန်မကို ဘာမှမနစ်သိမ့်ပါနဲ့၊ အပြစ်လည်း မတင်ပါနဲ့၊ ကျွန်မ နေတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ သူ့ဆီက ဘာမျှော်လင့်နေတာပါလိမ့်။

ဘာကို တားဆီးနေတာပါလိမ့်။

သူ သူမကို နားမလည်ချင်တော့။

သူမနဲ့ လွတ်လပ်စွာ စကားပြောနေခွင့်။

သူမကို မိန်းမောကြည်နူးစွာ ငေးကြည့်နေခွင့်။

သူမနဲ့ အညှာအတာမဲ့စွာ စကားနိုင်လုနေခွင့်။

ဒါတွေအပြင် သူမဆီက သူ ဘာလိုချင်နေမိပါလိမ့်။

သူကိုယ်တိုင်လည်း မသေချာ။

♥ → ♥





"ကို ... ဒေါင်းဖနံ့ဝါနဲ့ ဘယ်လိုခင်ကြတာလဲ"

ဖြူ့ဆီက ထူးထူးဆန်းဆန်း မေးခွန်းကြောင့် သူ အံ့သြသွားသည်။

တကယ်တော့ ဖြူ့ဆီက ဒီမေးခွန်း ထွက်လာတာ မထူးဆန်း။ သူမနဲ့ ဖြူနဲ့ဆုံပြီး တစ်လလောက်ကြာမှ မေးလာ၍သာ ဆန်းခြင်းပင်။

"ဘာဖြစ်လို့လဲ ဖြူ"

သူ့ဆိုင်ကို တကူးတက ရောက်လာခြင်းက ဒီမေးခွန်းအတွက်လား။

"ပြော် ... ဖြူ ကြားလာတာ တစ်ခုရှိလို့ပါ၊ ကို့ကိုပြောသင့် မပြောသင့်ဘဲ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ချိုတုံချတုံ ဖြစ်နေတဲ့ ဖြူ့မျက်နှာလေးက သူ့ စိတ်ဆိုးမှာကိုလည်း စိုးရိမ်နေပုံရသည်။

"ဘာကိစ္စလဲ၊ ကိုကိုပြော၊ ဘာလဲ — ဒေါင်းဖန်ဝါအကြောင်းလား"

ဖြူက လေးဖင့်စွာ ခေါင်းညိတ်သည်။

"ကို ဖြူ့သူငယ်ချင်း ငြိမ်းငြိမ်းကို သိတယ်မဟုတ်လား"

ဖြူနဲ့ကျောင်းနေဖက်ဖြစ်ပြီး ကုမ္ပဏီတစ်ခုတည်းမှာ လုပ်နေသူလည်းဖြစ်သည်။

ဒါပေမဲ့ သူနဲ့ သိပ်မရင်းနှီးလှ။

"အင်းလေ ... ဘာဖြစ်လို့လဲ"

ဖြူက နိဒါန်းတွေ ခင်းနေတာ ကြာနေသည်။

"ငြိမ်းငြိမ်းက အခု ဒေါင်းဖန်ဝါဆီမှာ ထိုက်ကျိုသင်နေတာ"

အနည်းငယ်ဝသည့် ငြိမ်းငြိမ်းအတွက် သက်သက်သာသာ ဝိတ်ကျစေမယ့်နည်းပဲဟု တွေးလိုက်မိသည်။

"ဟိုနေ့က ငြိမ်းငြိမ်း ခါးနာနေတယ်ဆိုလို့ ဖြူ သတင်းသွားမေးရင်းနဲ့ ဒေါင်းဖန်ဝါနဲ့ ငြိမ်းငြိမ်း အိမ်မှာ သွားဆုံတယ်"





"ဪ"

နည်းနည်း စာတ်ရည်လည်လာသော်လည်း သိပ်မရှင်းသေး။

"ဒေါင်းဖန်ဝါက ငြိမ်းငြိမ်း အိမ်မှာ လာပြပေးနေရတာဆိုတော့ ငြိမ်းငြိမ်း ခါးနာနေတာ မသိဘဲ ရောက်လာတာ"

သူမ အိမ်လိုက်သင်ပေးတာ ခုမှသိခြင်းဖြစ်သည်။

"အဲဒီတော့"

သူ ဖြူ့စကားကို ဝင်ထောက်ပေးလိုက်သည်။

"ဒေါင်းဖန်ဝါက ဖြူ့ကို မှတ်မိတယ် သိလား၊ ကင်းရဲ့ ချစ်သူ မဟုတ်လားတဲ့"

ခုထိ ဖြူ့စကားထဲမှာ သူ့ စိတ်ဝင်စားတဲ့အကြောင်းအရာ မပါသေး။

"ဒေါင်းဖန်ဝါက အားလုံးကို ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီးပါပဲ"

ဖြူ့စကားက ခုထိ လိုရင်းမရောက်သေး။

"ဟုတ်ပါပြီ၊ အခု ဖြူ ပြောချင်တာက ဘာလဲ"

စိတ်မရှည်တော့သည့် သူ့ပုံစံကိုကြည့်ပြီး ဖြူက ခေါင်းညိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်းဖန်ဝါ ပြန်သွားတော့ ငြိမ်းငြိမ်းက ပြောတယ်"

သူမအကြောင်းဖြစ်၍ သူ ပိုပြီးအာရုံစိုက်နေလိုက်သည်။

"ဒေါင်းဖန်ဝါက ထူးဆန်းတယ်တဲ့၊ မိဘတွေလည်း မရှိဘူး၊ မိဘတွေအကြောင်းလည်း မပြောဖူးဘူးတဲ့၊ ရှင်းရှင်းပြောရရင် အပျိုလား အိမ်ထောင်နဲ့လား ဆိုတာတောင် မသေချာဘူးတဲ့"

သူကိုယ်တိုင်လည်း သူမရဲ့မိသားစု အနေအထားကို မမေးဖူးသလို သူမဆီကလည်း ပြောသံမကြားဘူး။

"ဖြူတို့ မိန်းကလေးတွေကလည်း ဘာမှမသိရတဲ့ကိစ္စကလည်း အတင်းပြောစရာ ဖြစ်သွားတာပဲလား"

ဖြူက သူမဘက်က နာနေသည့်သူ့ကို နားမလည်စွာ ကြည့်နေတာ တွေ့ရသဖြင့် သူ နည်းနည်းထိန်းလိုက်ရသည်။

"ဖြူက ဒေါင်းဖန်ဝါကို အထင်သေးလို့ ပြောနေတာ မဟုတ်ပါဘူး ကိုရဲ့၊ ကိုနဲ့ခင်နေတယ်ဆိုလို့ ဒေါင်းဖန်ဝါ အကြောင်း သိထားသင့်တယ်ဆိုပြီး ပြောပြတာပါ"

ဖြူ့အသံက ဝမ်းနည်းသံ ပေါက်နေသည်။





"ဒေါင်းဖန်ဝါ မိဘတွေ ဘာလဲ ညာလဲ ဆိုတာ ကိုလည်း စိတ်ဝင်မငင်စားဘူး၊ ခင်စရာကောင်းတဲ့ မိတ်ဆွေအဖြစ် ဒေါင်းဖန်ဝါကို ခင်တယ်၊ ဒါပဲ"

ဖြူက သူ စိတ်ဆိုးမှာ ကြောက်သည့်ပုံစံဖြင့် မျက်နှာငယ်လေးနဲ့ ကြည့်နေရှာသည်။

ပြီးမှ အသံတိမ်တိမ်လေးဖြင့် ...

"ကို မကြိုက်ရင် မပြောတော့ပါဘူး"

အမြဲတမ်း သူ့အနွံတာခံသည့် ဖြူ့ကိုကြည့်ပြီး စိတ်တိုမိသည့်အတွက် စိတ်မကောင်း ဖြစ်သွားမိပြန်သည်။

ဘာဖြစ်လို့ သူ စိတ်တိုမိသွားရတာပါလိမ့်။

သူနဲ့ ဖြူ့ကြားမှာ သူမကို ဘယ်တုန်းက အဟန့်အတား ဖြစ်မိနေသည်မသိ။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအမေက နိုင်ငံခြားမှာ၊ အမေနဲ့အဖေက ကွဲနေတယ်။ အဖေကတော့ ပြီးခဲ့တဲ့ ဆယ်နှစ်လောက်က ဆုံးသွားပြီ။ ကျွန်မအတွက် မြန်မာပြည်မှာ ခင်တွယ်စရာဆိုလို့ အမျိုးရင်းကြီးတွေ သိပ်မရှိဘူး၊ ပြီးတော့ ကျွန်မ ခြေထောက်ပေါ် ကျွန်မ ရပ်တည်နေတယ်။ ကဲ ... ကင်း ဘာသိချင်သေးလဲ"

"ဒေါင်းဖန်ဝါရဲ့မိဘတွေအကြောင်း တစ်ခါမှ မကြားဖူးပါလား"လို့ စကားစလိုက်ရုံနဲ့ သူမဆီက အလွယ်တကူ ထွက်လာသည်။

"ဒေါင်းဖန်ဝါ မြန်မာပြည်မှာ တစ်ယောက်တည်းနေမယ့်အစား အမေနဲ့ သွားနေပါလား"





သူမဆီမှာ အပြုံးထူးထူးဆန်းဆန်း တစ်ခုကို တွေ့လိုက်ရသည်။

ဝမ်းနည်းနာကျင်တဲ့ အပြုံးလေလား။

အရှုံးတိုက် အားတင်းနေတဲ့ အပြုံးလေလား။

"အမေ ... ဒီစကားစုလေးကို ကျွန်မ မခေါ်ဖြစ်တာ ကြာလှပြီ။ အဖေနဲ့အမေ ကွဲပြီးကတည်းက မခေါ်ဖြစ်တော့တာပဲ"

သူမအသံက ဆွေးဆွေးမြည့်မြည့်၊ နာနာကျင်ကျင်၊ ကြေကြေကွဲကွဲ။

သူ အားနာစွာ ဆက်မမေးဖြစ်တော့ပေမယ့် သူမက ဆက်ပြောပြနေသည်။

"အမေက အဖေ့ကို ထားသွားခဲ့တာလေ၊ ကျွန်မ အဖေ့သမီးပဲ၊ အဖေ့နားမှာပဲ နေခဲ့တာပေါ့၊ အဖေက ကျွန်မကို လုံလောက်တဲ့ အနေအထားနဲ့ ခွဲသွားခဲ့တဲ့အတွက် ကျွန်မ အားငယ်စရာ မရှိခဲ့ပါဘူး၊ မိဘက လွဲရင်ပေါ့"

သူမအစက သူမ ပြောချင်လောက်အောင် ချောမွေ့မှုမရှိခဲ့တာကို သူ နားလည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ... ဒေါင်းဖန်ဝါ၊ ကျွန်တော် ဒေါင်းဖန်ဝါရဲ့ ကိုယ်ရေးကိုယ်တာကို မစပ်စုသင့်ဘူး"

သူမက သူ့ကို နားလည်စွာ ငွေ့ငွေ့လေး ပြုံးပြပြီး ...

"ဟင့်အင်း ... ကျွန်မ ကင်းကို ပြောပြသင့်ပါတယ်၊ ကင်းကို ပြောလည်း ပြောပြချင်တယ်၊ အခု ပြောပြလိုက်ရတဲ့အတွက် ရင်ထဲလည်း နည်းနည်းပေါ့သွားသလိုပဲ"

သူမရင်ထဲ ပေါ့သွားပေမယ့် သူ့ရင်ထဲ မပေါ့သွား။ သူမ သူ့အပေါ် ပိုရင်းနှီးလာခြင်းကို အပြစ်တစ်ခုလို သူ ခံစားနေရသည်။

"ဟိုနေ့က ကင်းရဲ့ဖြူနဲ့ တွေ့တယ်၊ သူ ပြောပြသေးလား"

"အင်း"

"ဖြူကလေ ချစ်စရာကောင်းအောင် ဖြူစင်လွန်းနေသလိုပဲ၊ ကျွန်မ သူ့လိုဖြစ်ချင်တယ်၊ ဒါပေမဲ့ သူ့လိုမနေချင်ဘူး"

သူ သူမရဲ့စိတ်ကို ရယ်ချင်မိသွားသည်။

ဒါပေမဲ့ လေးလေးနက်နက် ပြောနေတဲ့ သူမအသွင်ကြောင့် သူ မရယ်မိတော့။





"တစ်ခါတလေ လောကကြီးက အဖြူထည်ကြီးအတိုင်း ဆက်ဆံလို့ မရဘူးလေ"

သူမအတွက် လောကကြီးက မတရားတာတွေ ပေးခဲ့လေသလား။

"ကျွန်တော့်ကိုတော့ အဖြူထည်အတိုင်း ဆက်ဆံလို့ရပါတယ်နော်"

သူမက ပြုံးသည်။

လှပသေသပ် ဆွဲဆောင်မှုရှိသော အပြုံးမျိုး။

"ဟင့်အင်း ... လောကကြီးမှာ ကျွန်မစိတ်ကို နားလည်နိုင်တဲ့ သူ့ကိုပဲ ကျွန်မ အဖြူထည်အတိုင်း ဆက်ဆံတယ်၊ အဲဒါကလည်း တစ်ယောက်တည်းပဲရှိတယ်၊ ကျွန်မ ဖေဖေပေါ့"

သူ့အတွက် ခံရခက်စွာ အောင့်သက်သက် ဖြစ်သွားပေမယ့် သူမကို နားလည်ပေးလိုက်သည်။

"ဒေါင်းဖန်ဝါက အရောင်မဆိုးဘူးဆိုရင် အားလုံးလည်း ဖြူနေမှာပါ၊ အဖြူရောင်ချက်လုံးနဲ့ပဲ ကြည့်ရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အကြည့်စူးစူးစိမ်းစိမ်းက သူ့ပေါ်ကျရောက်လာပြီး ...

"ကျွန်မ ဘယ်တော့မှ ကြည့်နိုင်မယ် မထင်ဘူး"

သူမသည် အစောပိုင်းကာလများက အလှတရားနဲ့ သူ့စိတ်ကို ဆွဲဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် သူမရဲ့ ထူးဆန်းသောစိတ်ဓာတ်ကို သူ ပိုစိတ်ဝင်စားသွားခဲ့သည်။

♥ → ♥





ထူးထူးဆန်းဆန်း ဒီနေ့မနက် Breakfast စားတဲ့အချိန် တစ်အိမ်လုံး လူစုံနေသည်။

အထူးသဖြင့် ခပ်စောစော ဆိုင်သွားဖွင့်တတ်သော သူ့ဦးလေးနှင့် မနက်ပိုင်း သင်တန်းမျိုးစုံအောင် တက်တတ်သော သူ့ညီမတို့ကိုပါ တွေ့ရသောကြောင့်ပင်။

"ဟာ ... လူစုံလို့ပါလား"

နောက်ဆုံး ဝင်ထိုင်သူက သူ ဖြစ်နေပြီး သူ့စကားကြောင့် မေမေကပါ အားလုံးကို သတိထားမိသွားပြီး ...

"ဟုတ်ပါ့၊ ဒီနေ့ လူစုံလို့ပါလား"

သူ့ညီမ မိသင်းက မေမေ့ကို နှာခေါင်းလေး ရှုံ့ပြရင်း ...

"ခေါင်းကိုက်နေလို့ ဒီနေ့ မသွားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးကတော့ စကားနည်းသူပီပီ ဘာမှမပြော။

"မောင်လေး ... မင်းရော နေကောင်းရဲ့လား"

မေမေ မေးတော့မှ လေးလေးက အမေးကိုပြန်ဖြေသည်။

"ကောင်းပါတယ် မမ၊ ညက အိပ်ရာဝင်နောက်ကျသွားတာနဲ့ ဒီမနက် စောစောမနိုးလို့ပါ"

မေမေက လေးလေးအတွက် ပေါင်မုန့်မီးကင်ကို ထောပတ်ပါးပါးသုတ်ပေးပြီး ချိစ်ပြားလေးပါလှီးပြီး လှမ်းပေးသည်။

"ဘာဖြစ်လဲ မောင်လေးရယ်၊ တစ်ခါတလေ နှေးတာပဲ၊ အိပ်ရေးဝအောင်အိပ်ပေါ့၊ သားပဲ ဒီနေ့ ဆိုင်သွားဖွင့်လိုက်တော့၊ မင်း လေးလေး အေးအေးဆေးဆေးမှ လာပါစေ၊ ဟုတ်လား"

တစ်လက်စတည်း သူ့ကိုပါ မေမေက လှမ်းပြောသည်။

"ဒါနဲ့ မောင်လေး၊ မင်းရော အိမ်ထောင်လေး ဘာလေး ပြုဖို့ စိတ်ကူးမရှိတော့ဘူးလား"





လေးလေးတော့ မသိ။ သူပင် ကော်ဖီသီးချင်သွားသည်။

လေးလေးက ဘာမှမဖြေဘဲ ဆက်စားနေသည်။

"ဘာလဲ ... မင်းက ဟိုတစ်ယောက်မှ ဟိုတစ်ယောက်ပဲ ဆိုပြီး ခွဲခံနေတာလား"

မေမေနဲ့ လေးလေးက မောင်နှမဆိုပေမယ့် အသက်ချင်း အတော်ကွာသဖြင့် လေးလေးက မေမေ့ကို အမေတစ်ယောက်လို ကြောက်ရွံ့ရိုသေရသူဖြစ်သည်။

လေးလေးက ဘာမှမပြော။

သူ လူပျိုပေါက် အချိန်လောက်တုန်းကတော့ လေးလေးနဲ့ မေမေ၊ လေးလေးနှလုံးသားရေးရာကိစ္စနဲ့ ပတ်သက်ပြီး စကားများပုံတာ ကြားဖူးသည်။

သူ ငယ်တုန်းဖြစ်နေ၍ ဘာကိစ္စလဲဆိုတာ သေသေချာချာ မမေးမိ။

ထိုကိစ္စက ခဏလေးနဲ့ ပြီးပြတ်သွားခဲ့သော်လည်း မေမေနဲ့ လေးလေး ထိုအချိန်ကစပြီး သွေးအေးသွားခဲ့ကြတာကိုတော့ သတိထားမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားရင်လည်း ကိစ္စမရှိဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက်ကို စောင့်နေတာ ဆိုရင်တော့ မင်း ဘဝဆုံးသွားလိမ့်မယ်"

သူ့ညီမလေးက လေးလေးကို သနားသလိုကြည့် ပြီး ထထွက်သွားသည်။

"ကျွန်တော် သူ့ကိုစောင့်နေတာ မဟုတ်ဘူး မမ၊ ကျွန်တော် ဘယ်သူ့ကိုမှ ချစ်လို့မရတော့တာ"

လေးလေးက ပြောပြီးသည်နှင့် ထထွက်သွားသည်။

မေမေက သူ့မောင်ကို စိတ်ပျက်သလိုနဲ့ ပါးစပ် အပေါ်ဟောင်းသားပွင့်ပြီး ကြည့်နေသည်။

ပြီးမှ အနားမှာရှိသော ဖေဖေ့ဘက်ကို လှည့်ပြီး ...

"နည်းနည်းပါးပါး ယောက်ဖကို ဖျောင်းဖျကြည့်ပါဦး လား"

ဖေဖေက မေမေ့ကို ရယ်ပြီးကြည့်နေသည်။

ပြီးမှ ...

"မင်းမာနတွေ၊ အတ္တတွေကြောင့် ဖြစ်နေတာကို ငါကြား ဝင်ခိုင်းနေတာလား၊ မင်းမောင် အသက်လည်း ကြည့်ဦး





လေ လေးဆယ်နား နီးနေပြီ၊ သူငယ်နှပ်စားလေး မဟုတ် ဘူးကွ"

မေမေရဲ့ဒေါသတွေ စုပုံရာက သူ့ဘက်လှည့်လာ နိုင်သဖြင့် သူပါ ထထွက်ခဲ့လိုက်သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းက မေမေနဲ့ စကားများထား၍လားမသိ။ လေးလေး မျက်နှာက တစ်နေ့လုံး မကြည်လင်။

နဂိုကတည်းက စကားနည်းသူ ဖြစ်သည့်အထဲ၊ စိတ်မကြည်နေချိန်ပါဖြစ်၍ ပိုဆိုးတော့သည်။

"လေးလေး ယောက်ျားတွေအတွက် အချစ်ဆိုတာ တစ်ကြိမ်မက မွေးဖွားနိုင်တယ်လို့ ကျွန်တော် ကြားဖူးတယ်၊ ဟုတ်လား"

စာရင်းတွေ လုပ်နေသည့် လေးလေးနားမှာ ထိုင်ချရင်း သူ မေးလိုက်မိသည်။

လေးလေးက သူ့စကားကို သေသေချာချာ ကြားရပေမယ့် ဘာမှပြန်မပြော။





ပြန်မဖြေလောက်တော့ဘူးလေလို့ ထင်ထားတဲ့ အချိန်ကျမှ လေးလေးက ...

"ယောက်ျားတွေမှ မဟုတ်ဘူး၊ မိန်းမတွေမှာလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ ယောက်ျားတိုင်း မိန်းမတိုင်း မဟုတ်ဘူး"

လေးနက်တည်ကြည်စွာ ပြန်ပြောတဲ့ လေးလေးကို သူ ကြည့်နေမိသည်။

"ခင်းရော သဒ္ဒါဖြူအပြင် တခြားမိန်းကလေးကို ချစ်လို့ရလား"

နဖထက်ထိတော့ ဘာကိုမှ သူ ပြတ်ပြတ်သားသား မဖြေနိုင်။ ဖြူ့ကို သူ အမြဲချစ်နေနိုင်သည် ဆိုတာထက် ဖြူ့ကို သူ ချစ်နေသည်ဆိုတာကိုပဲ သေသေချာချာ ပြောပြနိုင်သည်။

အနာဂတ်အတွက် သူ ကြိုပြီးအပြောမကြီးချင်။

ဖြူသာသိရင် သူ့ကို စိတ်ကောက်ဦးမလားမသိ။

"ခုချိန်ထိတော့ ကျွန်တော် ဖြူ့ကိုပဲ ချစ်တယ်"

ဖျတ်ခနဲ သူမကို မြင်ယောင်လိုက်တဲ့အတွက် သူ့ကိုယ်သူ စိတ်တိုသွားသည်။

"အေး ... ဒါလည်း ဒီလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက တုံးတိတိကြီးပြောပြီး စကားစ ဖြတ်လိုက်သည်။

ဒါပေမဲ့ သူက စကားအဖြတ်မခံ။ လေးလေးဆီက စကားစကို ထဆွဲထုတ်ဖို့ ကြိုးစားလိုက်သည်။

"လေးလေး ဘာဖြစ်လို့ ကိုယ်ချစ်တဲ့သူကို ရအောင်မကြိုးစားခဲ့တာလဲ"

လေးလေးက စာရင်းစာအုပ်ကို ပိတ်လိုက်ပြီး ထိုင်ခုံနောက်မှီပေါ် ကျောမှီလိုက်သည်။

သူ့ကို နှုတ်ခမ်းမဲ့ပြီး ပြုံးပြနေပုံက ကိုယ့်ကိုယ်ကိုယ် အပြစ်တွေ ပြည့်နက်နေသည့် လူတစ်ယောက်နှယ်။

"သတ္တိ နည်းခဲ့တာကိုးကွ၊ ငါ သိပ်သတ္တိနည်းခဲ့တာကိုး"

မေမေတို့ သဘောမတူသဖြင့် လေးလေး နောက်ဆုတ်ခဲ့သည်ကို သူ တစွန်းတစ ကြားဖူးခဲ့သည်။

"အခုရော သူ ရှိသေးလား၊ အိမ်ထောင်ကျသွားပြီလား"

လေးလေးက အပြင်ဘက်သို့ ရီဝေလွှမ်းမောစွာ ငေးကြည့်ရင်း ...

"ငါက မှားခဲ့တဲ့သူလေ၊ သူ့အကြောင်းကို စုံစမ်းနားစွင့်ခွင့်တောင် မတန်တဲ့ကောင်ပါကွာ"





သူ လေးလေးကို ဆက်မမေးရက်တော့။

ထိုစဉ် ဆိုင်ထဲသို့ ဖောက်သည်တစ်ယောက် ဝင်လာသဖြင့် သူ ထသွားလိုက်သည်။

♥ — ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုရောင်ဆိုင်လေးဆီ သူရောက်သွားစဉ် သူမကို ဆိုင်မှာမတွေ့ရ။

နေမကောင်း၍ မလာနိုင်ကြောင်းကိုသာ ဆိုင်က တာဝန်ခံကောင်လေးတစ်ယောက်က ပြောသည်။

သူမနဲ့ မတွေ့ရတာ ငါးရက်လောက်ရှိပြီဖြစ်သလို သူမ ဖုန်းမဆက်တာလည်း ငါးရက်လောက်ရှိပြီထင်။

"သိပ်ဖျားနေတာလား"

ကောင်လေးက သူမနဲ့ သူ့ကြားရှိ အနေအထားကို အတိုင်းအတာတစ်ခုအထိ ရိပ်မိထားပုံရသည်။

"မမလေးက တော်ရုံအဖျားလောက်နဲ့ဆိုရင် ဆိုင်ကိုလာနေကျခင်ဗျ၊ တချို့က မမလေး ကိုယ်တိုင်ဖျော်မှ သောက်ချင်ကြတာလေ"





သူမကို အစိုးရိမ်ကြီး မဟုတ်ပေမယ့် စိတ်ထဲက တော့ ပူသွားမိသည်။

"လိပ်စာပေးကွာ၊ ငါ သွားကြည့်လိုက်မယ်"

ကောင်လေး ရေးပေးသည့်လိပ်စာကိုယူပြီး ပြန်ထွက်လာစဉ် သူ သွားသင့် မသွားသင့် တွေဝေသွားသေးသည်။

နောက်ဆုံးတော့ သွားရမှ သူ့စိတ်ထဲ ဘဝင်ကျနိုင်လိမ့်မည်ဆိုတဲ့ အတွေးကိုပဲ ဦးစားပေးလိုက်ရသည်။

ကွန်ဒိုအဆောက်အအုံတစ်ခုရှိ ကိုးထပ်မြောက်အခန်းတွင် သူမ နေပြီး သူမအခန်းရှေ့တွင် အုန်းပွားပင်လေး စိုက်ထားတာ တွေ့ရသည်။

Bell နှိပ်ပြီး မကြာခင် တံခါးဖွင့်သံ ကြားရပြီး တံခါးလာဖွင့်ပေးသူက သူမကိုယ်တိုင် ဖြစ်နေသည်။

"နေမကောင်းဘူးဆို"

သူမ အသွင်က အနည်းငယ် နွမ်းလျသည့်ပုံ ပေါက်နေသော်လည်း လူမမာနှင့်တော့ မတူ။

"နည်းနည်း ခေါင်းကိုက်နေလို့ပါ၊ ဘယ်က ဘယ်လို စိတ်ကူးပေါ်ပြီး ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ ရောက်လာသည့်အပေါ် သိပ်အံ့သြသွားသည့်ပုံ မပေါ်။

အနည်းဆုံးတော့ အံ့သြဝမ်းသာသင့်သည်ဟု သူထင်သည်။

"ဆိုင်ရောက်သေးတယ်၊ နေမကောင်းဘူး ဆိုတာနဲ့ လာကြည့်ချင်လို့ လိပ်စာတောင်းပြီး လာခဲ့တာ"

သူမက အိမ်နေရင်း စပို့ရှပ်အပြာနုနုနှင့် ဂျင်းအပျော့သားဘောင်းဘီကို တွဲဝတ်ထားသည်။

လုံချည်နှင့် အမြဲမြင်နေကျ သူမကို ဂျင်းပန်နှင့်တွေ့ရသဖြင့် ပိုပြီးနုပျိုနေသယောင်။

"ဘာသောက်မလဲ"

"ဂန္ထဝင်ရှေ့ ရနိုင်ရင် သောက်ချင်တယ်"

သူက သူမရဲ့ကော်ဖီကို နှစ်သက်စွဲမြဲစွာ သောက်တတ်နေပြီဖြစ်သည်။

"အိုကေ"

သူမ အိမ်ထဲဝင်သွားသည်။

တိတ်ဆိတ်နေသည့် သူမအခန်းကို လှည့်ပတ်ကြည့်နေမိစဉ် အိမ်သားတစ်ယောက်ကိုမျှ မတွေ့ရ။





ငါးကန်သုံးကန်ကို အခန်းထောင့်တစ်နေရာစီမှာ တွေ့ရပြီး နံရံတွေမှာ ပုဂံခေတ်က နံရံဆေးရေးလက်ရာဆန်ဆန် ပန်းချီကားတွေကို တွေ့ရသည်။

နံရံကပ်ရှီးကေ့စ်လေး တစ်ခုမှာတော့ ဆုတံဆိပ်တချို့။

ပြတင်းပေါက်ရှိသော်လည်း မှန်တံခါးပိတ်ပြီး ခန်းဆီးအပြာရောင်ပါ ကာထား၍ ပုံမှန်အလင်းရောင်မရှိ။

မီးချောင်းတွေဖွင့်ပြီး aircon ဖွင့်ထားသော အခန်းက လုံလောက်သော အလင်းရောင်နဲ့ အအေးဓာတ်ကို ရရှိနေသည်။

"ဘယ်သူမှ မရှိဘူးလား"

ကော်ဖီခွက်လေးကိုင်ပြီး ထွက်လာသည့် သူမကို လှမ်းမေးစဉ် သူမက ပခုံးတွန့်ပြပြီး …

"အစကတည်းက ဒီအခန်းမှာ ကျွန်မတစ်ယောက်ပဲ ရှိတာလေ"

သူမစကားကြောင့် သူ ငြိမ်သွားစဉ် သူမက …

"ဘာလဲ … တစ်ယောက်တည်းရှိနေလို့ လာလည်တာသင့်တော် မသင့်တော် စဉ်းစားနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးကို သူ ထုတ်ပြောစရာ မလိုဘဲ သူမက သိနေပြန်သည်။

"ကျွန်မပတ်ဝန်းကျင်က အလကားနေ အတင်းပြောတတ်တဲ့ ပတ်ဝန်းကျင် မဟုတ်ပါဘူး၊ မစိုးရိမ်ပါနဲ့"

သူမစကားကြောင့် သူ ရှယ်နေလိုက်မိသည်။

"ပြောမယ့်သာ ပြောရတာ ဖေဖေဆုံးပြီးကတည်းက ကျွန်မ အိမ်ကို လာလည်တဲ့ ဧည့်သည်အဖြစ် ရှင်က ပထမဆုံးပဲ"

ဘုရားရေ ... ငါးနှစ်တာကာလာပတ်လုံး သူမ ဘယ်လောက် ပျင်းရိငြီးငွေ့စွာ နေခဲ့တာပါလိမ့်။

"ကျွန်တော် ဂုဏ်ယူရမှာလား၊ ဒုံးဩရမှာလားတောင် မသိတော့ဘူး ခေါင်းဖန်ဝါ"

သူမက သူနဲ့အတူ ကော်ဖီထိုင်သောက်နေသည်။

အိမ်နေရင်းဖြစ်၍ ဆံပင်များကို ကပိုကရို သိမ်းထားသည့် သူမအသွင်က ညှို့ချက်ပြင်းနေသလိုပင်။

တစ်ခါတလေ တမင်လှအောင် ပြုံးတတ်သည့် အပြုံးတွေကို သူ ရင်မခုန်အောင် ကြိုးစားနေရသေးသည်။





မှုလောင်ပြင်းရှသည့် တမ်းမက်သည့် အရသာကို သူ မနှစ်သက်လိုသော်လည်း ...

သူမသည် သူမနာမည်လိုပင် ဆူးရှပြင်းပြသည့် အလင်းအဖြစ် ရင်ဆိုင်မကြည့်ရဲအောင် လှလွန်းသူဖြစ်သည်။

သူ့အတွက် သူမသည် ပြင်းရှရှ ဝိုင်တစ်ခွက် ဖြစ်နေသည်။

♥ – ♥



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း သဒ္ဒါဖြူနဲ့ လက်ထပ်ဖို့ မစဉ်းစားသေးဘူးလား"

နောက်တစ်နေ့မနက်မှာ မေမေမျက်စိထဲ ဆံပင်ဖွေးဖွေးသူက သူ ဖြစ်နေသည်။

"လက်ထပ်မှာပေါ့ မေမေ၊ ဘာဖြစ်လို့လဲ"

လေးလေးက ဆိုင်သွားပြီဖြစ်၍ ကော်ဖီဝိုင်းမှာမရှိ။

"မင်းအသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီလေ၊ လက်ထပ်သင့်တဲ့အရွယ် ရောက်နေပြီပဲ၊ မေမေတို့ မြို့မိဘတွေဆီ သွားနားဖောက်ပေးထားချင်တယ်"

မေမေက သူ အိမ်ထောင်ပြုဖို့ကိစ္စကို သူ့ထက်ပိုပြီး ဆန္ဒစောနေသူဖြစ်သည်။

"သား ဖြူနဲ့တိုင်ပင်ဦးမယ် မေမေ"





"အော ... တိုင်ပင်ရင်လည်း မြန်မြန်တိုင်ပင်၊ အချိန်သိပ်ဆွဲမနေနဲ့"

မေမေက လေးလေးကိစ္စကို စိတ်တိုင်းမကျတိုင်း သူ့ကိစ္စကိုပါ ဝင်စွက်ဖက်ဖို့ ကြိုးစားနေခြင်းပင်။

"သဒ္ဒါဖြူလို မိန်းကလေးမျိုးကို သူကပဲ အချိန်ဆွဲနေရသေးတယ်၊ ဟိုက တခြားနောက် ပါသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

မေမေက သူ့ဘာသာသူ ညည်းသလိုနဲ့ မကြားတကြား ရေရွတ်နေသည်။

"ဒါပဲနော် ... သဒ္ဒါဖြူနဲ့ပဲ မေမေသဘောတူတယ်၊ တခြားဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး"

မေမေစကားက ဘယ်အဓိပ္ပာယ်ရောက်သွားသည် မသိ။ သူကတော့ မေမေ့ရဲ့ခေါင်းမာတတ်မှုကို ချစ်စနိုးပြုံးကြည့်နေမိသည်။

"စိတ်ချ၊ မေမေ့အတွက် ချွေးမအလောင်းက ဖြူပဲ ဖြစ်စေရမယ်၊ ကျွန်တော်လည်း ဖြူကလွဲပြီး ဘယ်သူမှ မချစ်ပါဘူး၊ ကဲ ... ကျေနပ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ပါးကို ရွှတ်ခနဲနမ်းပြီး ပြောလိုက်စဉ် မေမေက သူ့ကို ခပ်ပြုံးပြုံးနဲ့ မျက်စောင်းထိုးပြီး ...

"မင်း,လေးလေးတုန်းက မေမေ ဘယ်လောက်စိတ်ဆင်းရဲခဲ့ရလဲ၊ သားကိုလည်း အဲဒီလိုဖြစ်မှာစိုးလို့ပါ"

အပြည့်အစုံ မသိထားသည့် လေးလေးကိစ္စကို ခုမှ သူ စိတ်ဝင်စားလာသည်။ ဒါပေမဲ့ မေးဖို့တော့ ဆန္ဒမရှိသေး။

"နောက်ပြီး သားဆန္ဒရှိမယ်ဆိုရင် မေမေတို့ ဆိုင်ခွဲဖွင့်ပေးချင်တယ်၊ သားရဲ့ကိုယ်ပိုင်စီးပွားရေးတစ်ခု အဖြစ်နဲ့ပေါ့၊ ကိုယ့်အိမ်ထောင်နဲ့ ကိုယ်ဆိုရင် ကိုယ့်စီးပွားရေးနဲ့ကိုယ်ဆိုတော့ ပိုကောင်းတာပေါ့၊ ဒါမှ သားလည်း စီးပွားရေးကို ဖိဖိစီးစီးလုပ်မှာ၊ ပြီးတော့ သားလေးလေးကိုလည်း မေမေ တစ်ချိန်လုံး မအုပ်စီးထားချင်ဘူး၊ စီးပွားခွဲပေးလိုက်ချင်ပြီ"

မေမေတို့ ဘိုးဘွားတွေလက်ထက်ကတည်းက လုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်းအဖြစ် မေမေတို့မောင်နှမက ဆက်လုပ်ခဲ့ခြင်းသာဖြစ်သည်။





သူ့အဖေကတော့ အစိုးရအရာရှိဘဝမှ ဆေးပင်စင်ယူပြီး စီးပွားရေးကိစ္စတွေကို မေမေ့လောက် စိတ်ဝင်စားသူ မဟုတ်ပေ။

"လေးလေးကိစ္စကိုတော့ မေမေ ကြိုက်သလို စီမံပါ၊ သားအတွက်တော့ မေမေတို့ ဝန်ပိမယ့်ကိစ္စမျိုးဆို မလုပ်ပေးပါနဲ့ဦး"

"အေးပါ၊ မေမေလည်း စဉ်းစားထားတာကို ပြောတာပါ၊ သဒ္ဒါဖြူနဲ့ လက်ထပ်ရင်တော့ သား အလုပ်ကို ဖိဖိစီးစီး လုပ်မှရမယ်နော်"

မေမေ့စိတ်တိုင်းကျ သူ ခေါင်းညိတ်ခဲ့ပြီး ဆိုင်သို့ ထွက်လာခဲ့လိုက်သည်။ ဆိုင်မှာ လေးလေးကို မတွေ့ရဘဲ အလုပ်သမားလေးတွေကိုသာ တွေ့ရသည်။

"လေးလေး အပြင်ခဏထွက်သွားတယ်" ဆိုခြင်းကြောင့် လက်ဖက်ရည်ဆိုင်လောက်သာ ထင်ထားသော်လည်း လေးလေးက စောစောစီးစီး ဘီယာသောက်ပြီး ပြန်လာတာတွေ့လိုက်ရသည်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှာ သူ့မိကို မတွေ့ရသဖြင့် မေးနေကျ ကောင်လေးကို မေးလိုက်စဉ် ...

"ဟိုမှာလေ ဆရာရဲ့"

ကောင်လေး ညွှန်ပြရာသို့ သူ ကြည့်လိုက်စဉ် နိုင်ငံခြားသားသုံးယောက်နဲ့ ထိုင်စကားပြောနေသော သူမကိုတွေ့လိုက်ရသည်။

အမျိုးသားသုံးယောက်နဲ့ သူမ အတူတူထိုင်နေခြင်းက မျက်စိထဲ အမြင်ရိုင်းနေသလို၊ ပိုပြီးရင်းနှီးပုံရသော အနေအထားကြောင့် သူ့စိတ်ထဲ အနှောင့်အယှက် ဖြစ်သွားသည်။

သူ့ကိုတောင် မမြင်ဘဲ သူမ ဟက်ဟက်ပက်ပက် ရယ်မောစကားပြောနေတာ တွေ့ရလေ သူ ပိုပြီးနေရခက်လေ ဖြစ်နေသည်။





"ငါ ရောက်နေတယ်လို့ သွားပြောပေးကွာ"

ကောင်လေးကို ပြောခိုင်းလိုက်စဉ် ကောင်လေးက ချက်ချင်းပင် သူမတို့ဝိုင်း ရောက်သွားသည်။

သူမနားကပ်၍ တစ်ခုခု ပြောလိုက်စဉ် သူမအကြည့်တွေက သူ့ဆီရောက်လာသည်။

သူ့ကိုလည်း လက်ကာပြပြီး ကောင်လေးကိုလည်း တစ်ခုခု မှာနေတာ တွေ့ရသည်။

ကောင်လေးက သူ့နား ပြန်ရောက်လာပြီး ...

"ဆရာ ... အစ်မက ကော်ဖီသောက်ပြီး စောင့်နေပါတဲ့၊ သူ ခဏနေရင် လာခဲ့ပါမယ်တဲ့"

သူက အမြဲတမ်း သူမဖျော်တဲ့ ကော်ဖီမှ သောက်နေကျ ဆိုတာကို သူမ မေ့နေတာလား။

"အေး ... ဒါဆိုလည်း ငါ ပြန်ပြီလို့ ပြောလိုက်ကွာ၊ မစောင့်နိုင်တော့ဘူးလို့"

သူ့ကိုယ်သူပင် ဒီလောက်စိတ်ဆိုးလိမ့်မည်ဟု မထင်ထား။ သူ ဆိုင်ထဲက ဆူပွက်နေသောစိတ်နဲ့ ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်ခါနီး သူမကို လှည့်ကြည့်လိုက်မိသေးသည်။ သူမက ဆက်ပြီး စကားပြောကောင်းနေဆဲ။

သူ့ထက် အရေးကြီးတဲ့ဧည့်သည် ရှိနေမှတော့ သူ ဆက်မနေမိတာ မှန်သည်ဟုပဲ တွက်ထားလိုက်သည်။

သူ့ဆိုင်ကို ပြန်ရောက်သည့်အထိ သူ့ဒေါသထွက်နေဆဲ။ သူမနဲ့ပတ်သက်ပြီး သူ ဒီလောက် စိတ်မလှုပ်ရှားသင့်။ သူ့ရင်ထဲမှာ ဖြူ့အတွက် နေရာပေးပြီးမှ သူမက မသိမသာ နေရာဝင်ယူနေလေသလား။

♥ ➡ ♥





"ကင်း စိတ်ဆိုးသွားတာလား"

သူ့ဆိုင်ရောက်ပြီး တစ်နာရီကျော်လောက် အကြာမှာ သူမဆီက ဖုန်းဝင်လာသည်။

"ဒေါင်းဖန်ဝါ လုပ်တာ စိတ်ဆိုးစရာ မဟုတ်လို့လား"

သူမက သဘောကျစွာ ရယ်နေသေးသည်။

ပြီးမှ...

"ဆောရီး ကင်းရယ်၊ အဲဒါ တို့အဘွားရဲ့ အမျိုးတွေကွ၊ တို့အဘွားက ဘာရာဇီးမှာ နေခဲ့ဖူးတာ ကင်းကို ပြောပြခဲ့ဖူးတယ်နော်"

သူမ အကြောင်းပြချက်က ခိုင်လုံနေသယောင်ယောင်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရောက်ကုန်း သူတို့ကလည်း အဘွားဖျော်ပေးတဲ့ ကော်ဖီအကြောင်း ပြန်ပြောရင်းနဲ့ စကားကောင်းနေလို့ ကင်းကို ဂရုမစိုက်တာ မဟုတ်ပါဘူးကွာ"

သူမ အသံက ချိုအီနူးညံ့စွာ။

သူမနဲ့ သူ့ကြားမှာ ဒီလိုရင်းနှီးမှုမျိုးက မသိမသာ ဖြစ်တည်လာတာလား။

"အခု ကင်း ဘာလုပ်နေလဲ"

ဝယ်သူတစ်ယောက်စ နှစ်ယောက်စလောက်ကို ဆိုင်က လိုက်ပြပေးနေသည်။ လေးလေးကတော့ ဘီယာအရှိန်နဲ့ အိပ်ပျော်နေသည်ထင်။

"ဆိုင်မှာပေါ့"

"ဒါဆို ကျွန်မကို နာရီဝက်လောက် အချိန်ပေးမလား"

"ဘာလုပ်မလို့လဲ"

"ကျွန်မ နှင်းတုကင်းဆိုင်ရဲ့ တစ်ဖက်ကားလမ်းမှာ ရှိနေတယ်လေ၊ ကင်း ထွက်လာခဲ့ပေါ့"

ခုမှ သူ သတိထားလိုက်မိသည်။





သူမကားက ကားလမ်းရဲ့တစ်ဖက်မှာရပ်လျက်၊ ကားထဲ ဖုန်းပြောနေတဲ့ သူမကိုတော့ ခပ်ဝါးဝါးသာ တွေ့ရသည်။

"ကျွန်တော် ဒီနေ့ ဂန္ဓဝင်ရွှေ မသောက်ခဲ့ရသေးဘူး"

သူမက ရယ်နေပြန်သည်။ ပြီးမှ ...

"ထွက်လာခဲ့ပါ ကင်းရဲ့၊ ကျွန်မ သိပ်စိတ်ရှည်ရှည် မရှောတတ်ဘူးနော်"

သူ ဆိုင်ကာဝန်ခံလေးကိုမှာပြီး ဆိုင်ထဲက ခပ်သွက်သွက် ထွက်လာခဲ့လိုက်သည်။

ကားပေါ်အရောက် သူမက စိတ်ကောက်တတ်သော ကလေးတစ်ယောက်ကို ကြည့်သကဲ့သို့ သူ့ကိုချစ်စနိုး ကြည့်နေတာ တွေ့ရသည်။

သူ ကားထဲထိုင်လိုက်သည်နှင့် ကားက ငြိမ့်ခနဲ ထွက်သည်။

"ဘယ်သွားမှာလဲ"

"ကင်း ဂန္ဓဝင်ရွှေ အေးအေးဆေးဆေး သောက်လို့ရတဲ့ နေရာပေါ့"

ကားမောင်းကျွမ်းကျင်တယ်ပဲ ပြောရမလား။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းကြမဲ့ဟာယ်ပဲ ပြောရမလား။

မီးပွိုင့်များကို ပွတ်ခနဲ သီခနဲ မီးနီမမိခင် မောင်းနိုင်သူဖြစ်သည်။

ရှစ်မိနစ်လောက်နဲ့ သူမအခန်းရှိရာသို့ ရောက်သွားပြီး သူမက ဂန္ဓဝင်ရွှေနဲ့ ညှော်ခံလေသည်။

"ခန်းဆီးတွေက အရောင်လဲချင်လဲ၊ ဒါမှမဟုတ် မှန်တံခါးတွေကို ဖွင့်လိုက်ပါလား၊ လင်းလင်းရှင်းရှင်း ဖြစ်သွားတာပေါ့"

သူမက ခေါင်းခါပြပြီး ...

"ကျွန်မက အလင်းရောင်ကို သိပ်ပြင်းပြင်းပြပြကြီး မကြိုက်ဘူး၊ မှိန်ဖျော့ဖျော့ အလင်းမျိုးကိုကြိုက်တာ၊ ကျွန်မနာမည်နဲ့ ကျွန်မအကြိုက်ကတော့ ပြောင်းပြန်ဘဲနော်"

သူမစကားကို သူ ပြုံးလိုက်မိပြီး စိတ်ထဲကတော့ ...

"မင်းအလှနဲ့တော့ မင်းနာမည် လိုက်ပါတယ်"ဟု ပြောနေမိသည်။

"ကျွန်တော်ကတော့ အလင်းရောင်ကို တကယ်လင်းလင်းပျပျမှ ကြိုက်တယ်၊ အလင်းဖျော့ရင် စိတ်ထဲကပါလိုက်ပြီး ညှိုးနွမ်းသွားသလိုပဲ"





သူမက သူ့အယူအဆကို နားလည်စွာ ခေါင်းညိတ်နေသည်။

"ဘယ်လိုလဲ၊ ဒေါင်းဖန်ဝါရဲ့ဂန္ဓဝင်ရွှေ ဈေးကွက်ဝင်ရဲ့လား"

သူမကော်ဖီအကြောင်း စကားစလိုက်သည်နှင့် သူမမျက်လုံးတွေ လင်းလက်သွားသည်။

"ဟာ ... သိပ်ကြိုက်ကြတာပေါ့၊ ကျွန်မ ထင်ထားတာထက် ပိုကြိုက်ကြတယ်၊ ဒါပေမဲ့ ရွှေအိုရောင် ပရိသတ်တချို့ကတော့ ရွှေအိုရောင်မှ ရွှေအိုရောင်ပဲလေ"

လူတစ်ကိုယ် အကြိုက်တစ်မျိုးဖြစ်၍ သဘာဝကျပါသည်။ သူမရဲ့တီထွင်မှု အောင်မြင်သည့်အတွက် သူ မုဒိတာပွားပေးရသော။

"ကဲ ... မိနစ်နှစ်ဆယ်ရှိပြီ၊ ကာင်း ဆိုင်ကိုက ဆယ်မိနစ်လောက် မောင်းရဦးမှာဆိုတော့ ကင်းပေးတဲ့အချိန်ပြည့်ပြီ၊ သွားကြစို့"

ဟင် ... သူမက သူ့စကားကို တိကျပြတ်သားစွာ လိုက်နာလျက် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားနဲ့သူ ပိတ်မိနေပြီဖြစ်၍ မပြန်ချင်သေးဘဲ နဲ့လည်း ထပြန်ခဲ့ရသည်။

ဒီလိုမှန်းသိ ကော်ဖီကို အချိန်ဆွဲပြီး သောက်ပါ သည်ဟု ညစ်ကျယ်ကျယ် တွေးလိုက်မိသေးသည်။

သူမ သူ့ကို ဘာမှမချော့ရသေးဘဲ သူ လွယ်လင့် တကူ စိတ်ဆိုးပြေသွားကာ ဆိုင်ရောက်မှ သတိထားမိလိုက်တော့ သည်။

ဆိုင်ထဲဝင်လိုက်သည်နှင့် ဖြူက ပြုံးလုလုမျက်နှာနဲ့ စောင့်နေသည်။

သူမ ကားပေါ်က သူ ဆင်းလာတာကို ဖြူ မြင် လိုက်ပြီးပြီဖြစ်သည်။

♥ → ♥

BURMESE CLASSIC .com





"ဖြူ ရောက်နေတာကိုး"

အပြစ်လုပ်ထားသူဖြစ်၍ သူ့မျက်နှာခပ်အမ်းအမ်း တော့ ဖြစ်နေပေလိမ့်မည်။

"ဟုတ်တယ် ကို၊ ကို ကားပေါ်တက်သွားကတည်းက ဖြူ ရောက်နေတယ်၊ အဲဒါ ဒေါင်းဖန်ဝါ မဟုတ်လား ကို"

ဖြူက ေလေသံမှန်မှန်လေးနဲ့ ပြောနေပေမယ့် ပုံမှန် မဟုတ်တာတော့ ပေါ်လွင်နေသည်။

"ဟုတ်တယ်၊ ကိစ္စတစ်ခုရှိလို့ ကို လိုက်သွားတာပါ"

"ဘာလဲ ... သူ့အိမ်အထိလား"

သူ ဖြူ့မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။

ခိုင်မာပြတ်သားတဲ့ ဖြူ့မျက်နှာပေါ်က အရိပ်တွေ ကို သူ ရင်မဆိုင်ရဲခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ ခေါင်းဖန်ဝါကား နောက်က တောက်လျှောက်ပါလာတာပါ ကို"

ဖြူ့အသံက တဖြည်းဖြည်း ငိုသံပေါက်လာသည်။

"စိတ်အေးအေးထားစမ်းပါ ဖြူရယ်၊ ကိုတို့က ရိုးရိုးသားသားပါ"

ဖြူက သူ့ကို သံသယတစ်ပုံတစ်ပင်နဲ့ ကြည့်ပြီး ...

"ရိုးရိုးသားသားဆိုတဲ့ ခေါင်းစဉ်အောက်မှာ မရိုးသားတဲ့ လူတွေ တစ်ပုံတစ်ပင်ကြီးပါ၊ ကို"

သူ ဖြူ့အပေါ် စိတ်ခုချင်သလိုလို ဖြစ်သွားသည်။

"ဘာလဲ ... ဖြူက ကို့ကို မယုံတာလား"

ဖြူ့မျက်ဝန်းတည့်တည့်ကို ပြန်ကြည့်ပြီး မေးလိုက်မိသည်။

ဖြူက အမြဲတစေ သူ့အကြည့်ကို ကြာရှည်ရင်ဆိုင်ဝံ့သူ မဟုတ်။

ဖြူကအရင် အကြည့်လွှဲလိုက်ပြီး ...

"မယုံကြည်ရဲတော့တာပါ ကို၊ ဒါပေမဲ့ ဖြူ ထပ်ပြီးယုံကြည်နေပါ့မယ်"





ဖြူ့ပုံစံလေးက သိပ်ငယ် သိုဝှက်စွာနဲ့ အရာရာကို အရှုံးပေးသည့်ပုံ ပေါ်နေသည်။

သူ ဖြူ့လက်ချောင်းလေးတွေကို ဆွဲယူဖျစ်ညှစ်လိုက်ပြီး ...

"စိတ်ချ ဖြူ၊ ကိုက ဖြူ့ရဲ့ကိုပါပဲကွယ်"

ဖြူ ပြုံးသည်။

အေးမြကြည်စင်တဲ့ ဖြူ့အပြုံးကို သူ ဘာဖြစ်လို့ အေးစက်ပြင်းပြတဲ့ အပြုံးနဲ့ လဲလှယ်ချင်ရတာပါလိမ့်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းတွေ နောက်ဆုတ်ဖို့ ကြိုးစားလာမိချိန်မှာ သူမ ခြေလှမ်းတွေက ရှေ့တိုးဖို့ ကြိုးစားလာတာ တွေ့ရသည်။

သူ ဖုန်းမဆက်မိသည့် နေ့တွေမှာ သူမက ဖုန်းဆက်လေ့ရှိပြီး၊ သူ မသွားဖို့ ဆုံးဖြတ်ထားတဲ့နေ့မှာ သူမက အရောက်လာဖို့ တောင်းဆိုတတ်သူ ဖြစ်လာခဲ့သည်။

သူ့အတွက် စွဲစရာမလိုလို့ ယူဆခဲ့တဲ့ ဂန္ဓဝင်ရွှေကော်ဖီကပင် သူ့ကို မသောက်ရ မနေနိုင်လောက်အောင် ဆွဲဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။

ရင်းနှီးပိုလာသလို ခံစားရသော်လည်း သူမနဲ့ပတ်သက်တဲ့ကိစ္စများကိုတော့ ပိုပြီးပဟေဠိဆန်လာခဲ့သည်။

အမျိုးသမီးတစ်ယောက် သူမဘဝကို သူမတစ်ယောက်တည်း အထီးကျန်ဆန်စွာ ဖြတ်သန်းနေတယ်ဆိုတဲ့ အသိက တစ်ခါတလေ လက်တွေ့မဆန်သလိုပင်။





သူပင် တစ်ယောက်တည်းနေရန် သတ္တိနည်းသူဖြစ်နေ၍ သူမရဲ့စိတ်ခွန်ကို တစ်ခါတလေ နားမလည်ချင်။

"ကင်း ... ရှင် ဖြူ့ကို တော်တော်ချစ်လား"

သူမက စိတ်လိုလက်ရရှိလျှင် ဖြူနှင့်ပတ်သက်ပြီး မေးလေ့ရှိသည်။

တကယ်တော့ သူမရှေ့မှာ ဖြူနဲ့ပတ်သက်တာကို သူ မဖြေချင်ပါ။

"အင်း ... ချစ်တယ်၊ ဖြူ့ကို ညီမလေးလိုရော ချစ်သူလိုရော၊ တစ်ခါတလေ အလိုလိုက်တတ်တဲ့ အမေတစ်ယောက်လိုရော ချစ်တယ်၊ ဒါပေမဲ့ သိပ်ဂဂျီဂဂျောင်ကျတဲ့ အချိန်ဆိုရင်တော့ ကျွန်တော် စိတ်ရှုပ်တယ်၊ ဘယ်လောက်ချစ်ချစ် သည်းမခံချင်တော့ဘူး"

သူ့အဖြေကို သူမက မပွင့်တပွင့်ပြုံးပြီး နားထောင်နေသည်။

"ကျွန်မကိုရော"

သူမမေးခွန်းကို သူ ရုတ်တရက် ကြောင်သွားသည်။

"ဘယ်လို ..."



www.burmeseclassic.com

www.burmeseclassic.com



သူ နားမလည်စွာ ထပ်မေးလိုက်စဉ် သူမက နှုတ်ခမ်းကို စိတ်တိုတိုဖြစ်အောင် နှုတ်ခမ်းနှစ်လွှာကို ဖိစေ့လိုက်ပြီး ...

"ဆောရီး ... ကျွန်မ လောဘကြီးသွားတယ်"

သူမ မေးခွန်းကို သူမဘာသာ ပြန်ရုပ်သိမ်းသွား၍ သူ ရင်ချောင်သွားသည်။

သူမအတွက် နေရာလွတ် အနည်းငယ်ကလွဲ၍ ဘာမှ သူ မပေးနိုင်တာ စိတ်မကောင်းဖြစ်ရသည်ရှိသည်။

"ကျွန်မတို့နှစ်ယောက်က ဘာလဲ ကင်း"

သူမက ပျင်းရိလေးတွဲ့သော အသံနဲ့ မေးသည်။

ဒီနေ့ သူမ မေးခွန်းတွေက ထူးဆန်းနေသည်။

မကြာခဏ အစာအိမ်ဖြစ်တတ်တဲ့ သူမကို ဒီနေ့လည်း သူ့အိမ်အရောက် သတင်းလာမေးခြင်းပင်။

"မိတ်ဆွေတွေပေါ့၊ တစ်ယောက်ကိုတစ်ယောက် နားလည်ပေးတဲ့ မိတ်ဆွေတွေပေါ့"

ဒီထက်ပိုပြီး သူ မပေးနိုင်သလို ပေးလည်းပေးခွင့်မရှိ။

သူမ မျှော်လင့်နေတာ သိရက်နဲ့ သူ အသည်းမာသူအဖြစ် အားတင်းထားရသည်။





"အင်း ... ဒီအတိုင်းပဲ ကောင်းပါတယ်နော်၊ ဒါပေမဲ့ ... ဒါပေမဲ့ ..."

သူမက စကားဆက်ရန် ကြိုးစားလိုက်ပုံရသည်။ ပြီးမှ အသံတိမ်တိမ်နဲ့ ...

"ဒါပေမဲ့ ... ကျွန်မ လောဘကြီးချင်လာတယ် ကင်းရယ်"

သူမကို သူ ဆေးတိုက်ရန် ရေသွားယူလိုက်သည်။

ဆေးတိုက်ပြီး သူ ပြန်ရမည်။ ဖြူ့ကို ရုံးသွားကြိုပေးရမည်။

"ဆေးသောက်ပြီး နားလိုက်တော့ ဒေါင်းဖန်ဝါ၊ ကျွန်တော် ပြန်ရတော့မယ်၊ သိပ်ပြီး ဘာမှမတွေးဘဲနဲ့ အိပ်လိုက်နော်"

ကလေးတစ်ယောက်လို ချော့ပြီး ဆေးတိုက်စဉ် သူမ မျက်ဝန်းတွေ စိုရီပြီး သူ့ကို မော့ကြည့် ခေါင်းညိတ်ပြတာ တွေ့ရသည်။

သူမသည် တစ်ခါတလေ ချိုရှရှ ဝိုင်တစ်ခွက်။

သူမသည် တစ်ခါတလေ သိုးငယ်တစ်ယောက်။

သူမသည် တစ်ခါတလေ ကဝေတစ်ယောက်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပင် ဖြူ့ကို ပဲခူးသို့လိုက်ပို့ပေးမည်ဟု ကတိပေးထားပြီးမှ ထိုနေ့သည် သူမရဲ့မွေးနေ့ ဖြစ်နေသည်။

တစ်ရက်အလိုရောက်မှ သူမဆီက ဖုန်းဆက်ပြီး သူမမွေးနေ့ကို သူနဲ့အတူ ကျင်းပရန် တောင်းဆိုခဲ့သည်။

"ကျွန်တော် ဖြူ့ကို ပဲခူးပို့ပေးဖို့ ကိစ္စရှိတယ်၊ နောက်နေ့မှ လုပ်ရင် မရဘူးလား"

"မွေးနေ့ကို ရွှေ့လို့ရတယ်လို့ ကြားဖူးလား ကင်း"

သူမက စကားကို ကတ်သီးကတ်သတ် ပြောလိုက်သည်။

"မွေးနေ့ကို ရွှေ့ခိုင်းတာ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ကျင်းပမယ်ဆိုတဲ့ရက်ကို ရွှေ့ခိုင်းတာပါ"





သူမက ခဏငြိမ်သွားပြီး ...

"ဒါဆိုလည်း မတတ်နိုင်ဘူးလေ၊ ကျွန်မ မွေးနေ့ကိုတော့ မရွှေ့တော့ဘူး၊ အိမ်က ခွေငါးလေးတွေနဲ့ပဲ ကျင်းပတာပေါ့၊ ကင်းနဲ့ ဖြူရဲ့လမ်းခရီး သာယာချောမွေ့ပါစေ"

သူမက ဘာမှမဖြစ်သလို လေသံနဲ့ ဆုပင်တောင်းပေးသွားသေးသည်။

သူ့ဘာသာသူ ဖြူနဲ့သွားမယ် ဆုံးဖြတ်ပြီးကာမှ ခွေငါးလေးတွေနဲ့သာ ကုန်ဆုံးရမည့် သူမ မွေးနေ့အတွက် သူ သနားစိတ်ဝင်သွားသည်။

ဖြူ့မှာက သူငယ်ချင်း အပေါင်းအသင်း ပေါသည်။ အလိုလိုက်တတ်သော မိဘတွေရှိသည်။ သူမမှာက ...

သူ ဖြူ့ဆီ ဖုန်းဆက်လိုက်ပြီး ...

"ဖြူ ပဲခူးက မနက်ဖြန်သွားမှ ဖြစ်မှာလား"

"ဟင် ... ဘာဖြစ်လို့လဲ ကို၊ မနက်ဖြန်သွားမှရယ်လို့တော့ မဟုတ်ပါဘူး၊ သူငယ်ချင်းတွေနဲ့ ချိန်းပြီးသားတော့ ဖြစ်နေပြီ ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးသို့ အပျော်ခရီးရော၊ ဘုရားဖူးအတွက်ပါ စီစဉ်ထားပြီးဖြစ်၍ ဖြူက ဖျက်ချင်ပုံမပေါ်။

"တကယ်လို့ ကို မလိုက်ဖြစ်ရင် ကားဘယ်သူမောင်းမလဲ"

"ဟင် ... ကိုကလည်း ဖြစ်ပြန်ပြီ"

ဖြူ့ရဲ့စိတ်အလိုမကျတဲ့ အသံလေးကို ကြားရပြီး...

"ကို မလိုက်ဖြစ်ဘူးလား"

"ကို့မှာ ကိစ္စတစ်ခု ပေါ်လာလို့ ဖြူရဲ့၊ အဲဒါ ကို ဖြူနဲ့ လိုက်နိုင်မယ် မထင်ဘူး"

ဖြူ့ဘက်က ခဏတိတ်သွားပြီး ...

"ဘာတတ်နိုင်ပါ့မလဲ၊ ရွှေ့ရအောင်လည်း အားလုံးက စီစဉ်ပြီးနေပြီ၊ ငြိမ်းငြိမ်းအိမ်က ဒရိုင်ဘာကိုပဲ မောင်းခိုင်းရတော့မှာပေါ့"

"အေးပါကွာ၊ နောက်မှပဲ ကို အေးအေးဆေးဆေး ရှင်းပြတော့မယ်၊ ကားကို သတိထား မောင်းသွားကြဦးနော်"

ဖြူ့ကို ညာလိုက်ရတာကို သူ လိပ်ပြာမလုံ။

ဒါပေမဲ့ သူ ပြန်ပေးဆပ်ပေးပါမယ်လို့ စိတ်ထဲက အကြွေးမှတ်ထားလိုက်သည်။





ဖြူ့ဆီ ဖုန်းဆက်ပြီးသည်နှင့် သူမ ဖုန်းနံပါတ်တွေကို သူ ကောက်နှိပ်လိုက်မိသည်။

သူ ဖြူ့အပေါ် မတရားတဲ့အတွက် ပျော်တောင်ပျော်ရဲ့ပါ့မလား မသိ။

♥ – ♥



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းစွာ လှပနေတဲ့ သူမ။

နှင်းဆီနီရောင်တောက်တောက် ပိုးဖြောင်အင်္ကျီလက်ပြတ်နဲ့ ထိုအရောင် ပိုးပျော့ထဘီအပွင့် ရိပ်ရိပ်လေးကို တွဲဝတ်ထားသည်။

ပန်းနုရောင်ဖွေးဖွေးက သူမအသားနဲ့တော့ လိုက်ဖက်စွာရဲ့စွာ။

သူမအတွက် စီစဉ်ထားသည့် နှင်းဆီနီရဲရဲပန်းစည်းလေးကို ကမ်းပေးပြီး ...

"Happy Birthday ဒေါင်းဖန်ဝါ"

"ကျေးဇူးပဲ ကင်း"

သူမက သူပေးတဲ့ ပန်းစည်းကို ယုယစွာ လှမ်းယူပြီး ပန်းတွေကို ငုံ့မွှေးလိုက်တာ တွေ့ရသည်။





သူ့ရင်ထဲ လှိုက်ခနဲ ဘာလိုလို။

ဘုရားရေ ... သူ စိတ်လှုပ်ရှားလို့မဖြစ် ဆိုတာကို မေ့ပစ်တော့မလို့။

သူမက သူမမွေးနေ့ကို ရွှေအိုရောင်မှာလည်းမလုပ်၊ သူမနေတဲ့ တိုက်ခန်းမှာလည်း မလုပ်ပေ။

သူ့ကားကို သူမတိုက်ခန်းအောက်မှာ ရပ်ထားစေခဲ့ပြီး သူမကားနှင့်ပင် သန်လျင်ဘက် ထွက်လာခဲ့ကြသည်။

"သန်လျင်မှာ ဘာရှိလို့လဲ"

မိန်းမတစ်ယောက်မောင်းသည့်ကားကို စီးရတာ စိတ်တိုင်းမကျ ဖြစ်ရလိမ့်မည်ဟု ထင်ထားသော်လည်း၊ ထိုသို့မဟုတ်။ သူမက သူ့လိုပင် ကားမောင်းရတာ စိတ်မြန်ပြီး စိတ်တိုလွယ်သူလည်းဖြစ်တာ တွေ့ရသည်။

"ဖေဖေ့ ခြံတစ်ခြံ ရှိတယ်လေ၊ အစောင့်ဦးလေးတစ်ယောက်ပဲ ရှိတယ်၊ ဟိုရောက်ရင် ကင်း တွေ့လိမ့်မယ်"

သူမ ခေါ်သွားသော ခြံလေးသည် သန်လျင်မြို့ထဲမှာလည်းမဟုတ်၊ မြို့စွန်လည်း မကျ၊ ဒါပေမဲ့ ဆိတ်ငြိမ်အေးချမ်းသော နေရာလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံက ပေတစ်ရာပတ်လည်နီးပါးရှိပြီး အိမ်လေးက တော့ ပေ ၃၀၊ ပေ ၄၀ လောက်သာ။

တစ်ထပ်တိုက်ပုလေးဖြစ်ပြီး အပင်မျိုးစုံ စိုက်ထား၍ စိမ်းစိုငြိမ်းချမ်းစွာ။

ခြံစောင့်ဦးလေးကြီးရဲ့ အထိန်းအသိမ်းကောင်းမှု ကြောင့် ခြံလေးက မြင်ရသည်နှင့် စိတ်ကိုညွတ်နူးသွားစေသည်။

"ဖေဖေက အရင်တုန်းက ဒီမှာ မကြာခဏ လာနေတတ် တယ်၊ ဆိတ်ငြိမ်တာရော၊ ကျန်းမာရေးအတွက် လေကောင်း လေသန့် ရတာရောပေါ့"

သူ့ ခြံပတ်လည်ကို မျက်ဝန်းဝေ့ကြည့်လိုက်ပြီး ...

"လူကြီးမပြောနဲ့ ကျွန်တော်တောင် ကြိုက်တယ်"

သူမ မျက်လုံးလေးက တောက်ပသွားပြီး ...

"ဒါဆို ကျွန်မ ဒီခြံလေးထဲ ခေါ်လာရကျိုး နပ်သွားတာ ပေါ့"

သူမကတော့ လိုချင်တာရသည့် ကလေးလို မြူးကြွ ပျော်ပါးနေသည်။





သူမ ကားနောက်ခန်းထဲတွင် စားစရာထည့်လာ သော ဘူးတွေ ခြင်းတွေက တကယ် ပျော်ပွဲစားထွက်လာသည့် အလား။

"ဘာကျွေးမှာလဲ"

သူလည်း ထူးခြားစွာ စိတ်လက်ပေါ့ပါးနေသည်။

သူမ ခြံလေးရဲ့ လုံခြုံနွေးထွေးမှုကြောင့်လည်း ဖြစ် ပေလိမ့်မည်။

"အသားကင် ကျွေးမယ်လေ"

သူမက ခြံစောင့်ဦးလေးကြီး အကူအညီနဲ့ ခြံထဲမှာ ပင် ခင်းကျင်းပြင်ဆင်နေသည်။

စတီးခေါက်ကုလားထိုင်လေး နှစ်လုံးနဲ့ စားပွဲရှည် ဝိုင်းဝိုင်းလေးတစ်လုံး၊ စားပွဲအလယ်တည့်တည့်မှာ သူ ယူလာပေး သည့် နှင်းဆီပန်းကို ပန်းအိုးကြီးကြီးနဲ့ ထိုးစိုက်ထားသည်။

သူမ လှုပ်ရှားမှုမှန်သမျှကို သူလိုက်ကြည့်နေစဉ် သူမက မီးဖိုချောင်သုံး ကာဗာဆင်တူလေးတစ်စုံကို ယူလာပြီး ပျော်ခနဲ သူ့ခေါင်းမှတစ်ဆင့် စွပ်ချလိုက်သည်။ ပြီးတော့ သူမ ါ တစ်ခုလိုက်ဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြာနုရောင် ရင်ဘတ်ကာဇာလေးတွေကို သူတို့နှစ်ယောက်စလုံး ပြိုင်တူငုံ့ကြည့်လိုက်ကြပြီး လွတ်လပ်ပေါ့ပါးစွာ ရယ်မိလိုက်ကြသည်။

"အတူတူကင်မှ ပျော်စရာ ကောင်းမှာပေါ့"

သူမက သူ့လက်ထဲကို အသားစိမ်းကင်တံလေးတွေ လှမ်းပေးသည်။

ကြည့်စမ်း ... ဒီလို ထူးဆန်းလှပသည့် စိတ်လှုပ်ရှားမှုမျိုးကို သူ ခုမှ ခံစားမိတာလား။

ဖြူနဲ့တုန်းက သူ သတိမထားမိတာလား။

သေချာတာကတော့ ဖြူနဲ့သူ တွေ့ဆုံရင်းနှီးပုံက သမရိုးကျပင်။ ဒီလို ဆန်းပြားတိမ်းညွတ်ဖွယ်ကောင်းသော အဖြစ်အပျက်မျိုး မခံစားဘူး။

မီးခဲငွေ့ငွေ့လေးတွေ အနီရောင်သမ်းလာစဉ် သူမနဲ့ သူ အသားကင်တံလေးတွေကို ပြိုင်တူကင်လိုက်ကြသည်။

သူတို့နှစ်ယောက် တစ်နေ့လုံးနီးပါး အသားကင်လေးတွေ ကင်လိုက်၊ စားလိုက်၊ ကော်ဖီသောက်လိုက်နှင့် သူမ မွေးနေ့လေးက လှပစွာ။





အားလုံးသိမ်းဆည်းပြီး ခြံထဲမှာ အေးအေးဆေးဆေး ထိုင်နေချိန်မှာတော့ သူမဆီက ထူးဆန်းသော စကားတချို့ကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကင်းနဲ့ ဖြူ တကယ်လက်ထပ်ကြမှာလား"

သူမက နှင်းဆီပန်းပွင့်ဖတ်လေးတွေကို ခပ်ဖွဖွပွတ်သပ်ရင်း မေးသည်။

သူမ မေးခွန်းက ထူးဆန်းသော်လည်း ဖြေရခက်သော မေးခွန်းမဟုတ်။ ဘယ်အချိန်မေးမေး အဖြေရှိပြီးသားသော မေးခွန်းဖြစ်သည်။

"အင်း … သိပ်မကြာခင် လက်ထပ်ဖြစ်မယ် ထင်တယ်"

သူမက ဘာမှဆက်မပြောဘဲ သက်ပြင်းချလိုက်တာ တွေ့ရသည်။ ညနေစောင်းစပြုနေပြီဖြစ်၍ သူမ ပါးပြင်နုနုဖက်က ဆည်းဆာရောင်ကြောင့် ပိုပြီး နီစွေးနေသယောင်ယောင်။

"ဖြူနဲ့ လက်ထပ်ပြီးရင် ကျွန်မတို့ တွေ့ဖြစ်ကြဦးမှာလား"





သူမ အသံက ဆွေးမြည့်ကြေကွဲသံတွေ ပါနေသလိုထင်။

ဒါတော့ သူ အာမ,မခံနိုင်။

"အင်း … မတွေ့ဖြစ်ကြတော့တာက ပိုကောင်းမယ်ထင်တယ်"

သူမ မျက်နှာက ပိုပြီး နီမြန်းညိုမှောင်သွားသည်။

"ဖြူနဲ့ လက်မထပ်ဖြစ်ရင်တော့ ဆက်တွေ့လို့ ရသေးတယ်ပေါ့"

သူမ ဘာဖြစ်လို့ ဒီရှုထောင့်က ပြောရတာပါလိမ့်။

သူမကို သူ ဖျတ်ခနဲ အံ့သြကြည့်လိုက်မိသည်။

"စိတ်ကူးကြည့်ရင်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ စိတ်ကူးက စိတ်ကူးပဲလေ၊ ကျွန်တော်က ဖြူနဲ့ လက်ထပ်ဖြစ်မှာသေချာပါတယ်"

သူမက ပြုံးသည်။

သူ တစ်ခါမှ မမြင်သောအပြုံး။

နက်နဲလျှို့ဝှက်ပြီး သိမ်မွေ့ပါးနပ်လွန်းသော အပြုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ၊ ကျွန်မ စိတ်ကူးကို ပြောတာပါ ကင်းရဲ့"

သူမက ဆက်ပြီး စကားအတိုက်အခံ မပြောတော့ဘဲ စကားစကို သေသပ်ကျနစွာ သိမ်းလိုက်သည်။

"ပြန်ကြရအောင်၊ နေညိုနေပြီ ကင်း"

သူမက ပြန်ဖို့စပြောစဉ် သူ မပြန်ချင့်ပြန်ချင်။

ဘာဖြစ်လို့ သူ အချိန်တွေကို နှမြောနေရတာလဲ။

သူမအပြုံးကြောင့်ဆိုလျှင် ထိုအပြုံးသည် သူ့အတွက် ရင်ခုန်ရန် နောက်ကျနေပြီဖြစ်သော အပြုံးပင်ဖြစ်သည်။

ဖြူ့ဆီ ဖုန်းခေါ်ရန် ဖုန်းထုတ်ကြည့်လိုက်စဉ် ဖုန်းလိုင်းမမိ။

သူ တကယ်ပဲ ဖြူ့ရဲ့ဆက်သွယ်မှုဧရိယာပြင်ပကို ရောက်နေပြီထင်။

♥ → ♥





ညဘက် ဖြူ့အိမ် သူ ရောက်သွားစဉ် ဖြူက ခရီးကပန်းလာသဖြင့် အိပ်နေသည်။

အိပ်ပျော်နေသည့် ဖြူ့ကို အခန်းတံခါးဝကနေ အသာလေး ရပ်ကြည့်ပြီး ပြန်ထွက်လာခဲ့လိုက်သည်။

လိုက်ပို့ပေးသည့် ဖြူ့အမေက ဖြူ့အနားထိ သွားကြည့်ပြီး ...

"အိပ်ပျော်နေပြီ သားရဲ့၊ စောစောကလေးတင် သားကို စောင့်နေသေးတယ်"

ဖြူ သူ့ကို ဘယ်လောက်တောင် မျှော်နေပါလိမ့်။

"ခရီးက ချောချောမွေ့မွေ့ပဲလား အန်တီ၊ ဘာသံကြား သေးလဲ"

အန်တီက သူ့ကို ဧည့်ခန်းထဲမှာ ဧည့်ခံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါတယ်၊ လမ်းမှာ ဘီးပေါက်လို့ ဘီးလဲရတာ တော့ ရှိတယ်တဲ့၊ အတော်ပဲ၊ သား လာတာနဲ့ ပြောစရာ လေးတွေလည်း ရှိတယ်"

ဖြူ နိုးတာကို မစောင့်ဘဲ ပြန်မယ်စိတ်ကူးမိရုံရှိ သေး အန်တီက စကားစလိုက်၍ သူ ဆက်နေဖြစ်သွားသည်။

"ဟုတ်ကဲ့၊ ပြောပါ အန်တီ"

"ပြီးခဲ့တဲ့ တစ်ပတ်လောက်က သားမေမေနဲ့ ဗိုလ်ချုပ်ဈေး မှာ တွေ့သေးတယ်၊ တစ်ခုခုစားရင်းနဲ့ စကားပြောဖြစ်ကြ တယ် ဆိုပါတော့"

ပြောမယ့်စကားကို သူ မှန်းလို့ရလာသည်။

"သားမေမေက သားနဲ့ ဖြူ့ကိစ္စကို စီစဉ်ချင်နေပြီတဲ့၊ အဲဒါ သားတို့လူငယ်ချင်းတိုင်ပင်ပြီး ညှိကြဦး၊ အန်တီတို့က သားတို့ စိတ်တိုင်းကျ လိုက်စီစဉ်ပေးရုံပဲ မဟုတ်လား"

သူနဲ့ ဖြူ့ရေ့ရေးက ဘာအဖုအထစ်မှမရှိ။ ချောမွေ့ ဖြောင့်ဖြူးလွန်းစွာ။

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ဖြူနဲ့ တိုင်ပင်ပါ့မယ်"





တစ်ခါတလေ သိပ်ချောမွေ့လွန်းနေခြင်းသည် ရင် ထိတ်စရာ ကောင်းလောက်သော အချိုးအဆစ်တစ်ခုလည်း ဖြစ်နိုင် ကြောင်း သူ အရင်က လက်မခံခဲ့ပေ။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်ခါစပင် ရှိသေးသည်။ သူ့ဖုန်း မြည်လာသည်။ အိပ်ချင်မူးတူးနဲ့ ဖုန်းကို လှမ်းယူလိုက်ပြီး ဒီအချိန်မှရွေးပြီး နှောင့်ယှက်ဖုန်းဆက်တတ်သည့် သူမပင် ဖြစ်လိမ့်မည်ဟု ထင်လိုက်သည်။

"ပြော ... ဒေါင်းဖန်ဝါ၊ ဘယ်အချိန် ရှိနေပြီလဲကွာ"

တစ်ဘက်က အသက်ရှူသံသာ ကြားရပြီး စကားသံ ပြန်မကြားရ။

သူမ ဘာဖြစ်လို့ တိတ်နေရတာပါလိမ့်။

တစ်ခုခုများ ဖြစ်နေသလား။

"ဒေါင်းဖန်ဝါ ဘာဖြစ်လို့လဲ၊ ဘာဖြစ်နေတာလဲ"

သူ မေးနေစဉ်မှာပင် တစ်ဘက်က ဖုန်းချသွားသည်။





သူလည်း ပြန်အိပ်ချင်နေပြီမို့ ဖုန်းပြန်မခေါ်ဖြစ်တော့။

တစ်နေကုန် သူမနဲ့ အချိန်ဖြုန်းခဲ့ရသဖြင့် တစ်ညလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

နိုးနေကျ အချိန်မှာပင် အိပ်ရာမှ လန်းဆန်းစွာနိုးလာစဉ် အခန်းဝက တံခါးခေါက်သံ ကြားရပြီး ...

"နှိုင်းတုကာင်း ... သား နိုးပြီလား၊ ဖြူ ရောက်နေတယ်"

မေမေ့အသံကြောင့် သူ အိပ်ရာထဲက လူးလဲထလိုက်ပြီး မျက်နှာပင် မသစ်ဘဲ ထွက်လာခဲ့လိုက်သည်။

"ဖြူ ဘာဖြစ်လို့လဲ၊ အစောကြီးပါလား"

ဖြူ့ပခုံးကို အနောက်မှဖက်ပြီး မေးလိုက်စဉ် ဖြူ့ကိုယ်လေးက တောင့်ပြီးပါလာသည်။

အရင်ကလို နွေးထွေးပျော့ပြောင်းနွဲ့နေသည့် ကိုယ်လေးက အေးစက်တောင့်ခဲနေသလိုပင်။

"ကို အချိန်ရရင် ဖြူ စကားပြောချင်တယ်"

ဖြူ့မျက်နှာနဲ့ ဖြူ့စကားကြောင့် သူ အံ့သြသွားသည်။

"ခဏလေးဖြူ ကို မျက်နှာသစ်ပြီး ပြန်ထွက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ကမန်းကတန်း မျက်နှာသစ်ပြီး ထွက်လာခဲ့ချိန် အထိ ဖြူ ဘာဖြစ်လာတာလဲ၊ မှန်းဆမရနိုင်သေး။

သူနဲ့ ဖြူ့ကြားမှာ သူ့ရဲ့ခြေလှမ်းယိုင်နဲ့မှုကို သူ့ ဘာသာသူ အချိန်မီ ထိန်းနိုင်လိမ့်မည်ဟု ထင်ထားခဲ့သော်လည်း။

♥ → ♥





"ဖြူက ကို့ဆီကို ဖုန်းလေး ဘာလေးဆက်တာ မဟုတ်ဘူး၊ မပြောမဆိုနဲ့ ရောက်လာတာကိုတောင် အံ့သြသွားတယ်"

Dimsum ဆိုင်မှာ ဖြူ ကြိုက်တတ်သည့် ဝက်သား ပေါင်းလေးတွေကို ဖြူ့ပန်းကန်ထဲ ထည့်ပေးရင်း ပြောလိုက်စဉ် ဖြူက ...

"အခု ဖြူ ပြောမယ့်စကားကို ကြားရင် ကို ပိုတောင်အံ့သြ သွားဦးမယ်၊ ဟင့်အင်း ... မဟုတ်သေးဘူး၊ အအံ့သြဆုံး လူက ဖြူပဲထင်တယ်"

ဖြူ့စကားတွေက အရှုးတစ်ယောက်လို ရေရေရာ ရာ ပြတ်ပြတ်သားသားမရှိ။

"ညက ဖြူ ကို့ဆီ ဖုန်းဆက်တယ်"

"ဟုတ်လား၊ ကို အိပ်ပျော်နေလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောလိုက်ပြီးမှ ညက ဖုန်းခေါ်သံတစ်ခုကို သတိရလိုက်မိပြီး ...

"ည ... ညက ဖုန်းခေါ်တာ ဖြူလား"

သူ ဖြူ့ကို အလန့်တကြား ကြည့်လိုက်မိစဉ် ဖြူ့ မျက်နှာက သွေးဆုတ်ပြီး ဖြူရော်နေသည်။

"ဟုတ်ပါတယ် ကို၊ ဖြူ အိပ်ရာကနိုးနိုးချင်း ကို ဖုန်းမျှော်နေမယ်ထင်ပြီး ဖုန်းဆက်လိုက်တာပါ၊ ဒါပေမဲ့ ..."

ဖြူက ဆက်မပြောနိုင်တော့ဘဲ အသံလေး တိမ်ဝင်သွားသည်။

"ဖြူ ဘာမှဆက်မတွေးနဲ့တော့နော်၊ ကို ဖြူ့ကို ရှင်းလည်း မရှင်းပြချင်ဘူး၊ ဒါပေမဲ့ ဖြူ သိထားရမှာက ကို ဖြူ့ကို ချစ်တယ်"

သူက ခေါင်းကို ဖြည်းလေးစွာခါယမ်းသည်။ ဖြူ ခေါင်းအယမ်းမှာ ဖြူ့မျက်ရည်တွေကပါ လွင့်ခနဲ။

"ဖြူ ... ဖြူလည်း ဘာမှနားမထောင်ချင်ဘူး၊ ဒါပေမဲ့ ဖြူ သိထားရမယ့် ကိစ္စတစ်ခုတော့ မေးပါရစေ"





ဖြူက တုန်ယင်တိုးလျတဲ့ အသံလေးနဲ့ ဝမ်းနည်းစွာ ပြောသည်။

"ကိုနဲ့ ဒေါင်းဖန်ဝါ အနေအထားကိုတော့ ဖြူ သိပါရစေ"

သူ ဖြူ့ကို စိတ်မကောင်းစွာ ကြည့်လိုက်ပြီး ...

"ခုချိန်ထိတော့ မိတ်ဆွေကောင်းတွေပါ"

သူ ပွင့်လင်းစွာ ဝန်ခံလိုက်ရတာကို စိတ်မကောင်း။

"ဖြူ ယုံကြည်ရမလား ကို"

သူ ဖြူ့လက်ဖျားလေးတွေကို ကြင်နာစွာ ဆုပ်ကိုင်ထားလိုက်ပြီး ...

"ယုံရမယ် ဖြူ၊ ဖြူ ကို့ကို ယုံရမယ်၊ ကိုတို့ အမြန်ဆုံး လက်ထပ်ကြမယ် ဖြူ"

သူ ကယောင်ကတမ်းနဲ့ ဖြူ့ကို ကတိပေးလိုက်ပေမယ့် သူ့ဆန္ဒအမှန်ကလည်း ဒီလိုပဲ ဖြစ်သည်။

"လက်ထပ်မယ်ဆိုတဲ့ အကြောင်းပြချက်က ဘာလဲ ကို"

ဖြူက သူ့မျက်ဝန်းတွေကို စစ်ကြောစေ့ရေစွာကြည့်ပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ့ကို ချစ်လို့ပေါ့"

သူ ဖြူနဲ့လက်ထပ်ခြင်းသည် သူမဆီက ရှောင်ပြေးရန်းထွက်ဖို့ အကောင်းဆုံးနည်းလမ်းအဖြစ် သူ ယုံကြည်နေခဲ့မိသည်။

♥ → ♥





သူမဆီကို ထပ်မသွားတော့ဖို့ ဆုံးဖြတ်လိုက်ခြင်းသည် သူမအတွက် အလွန်ရက်စက်သော လုပ်ရပ်ဖြစ်သော်လည်း သူ ဂရုမစိုက်အားတော့။

သူမဆီကို မသွားဖြစ်သည့်ရက် တစ်ပတ်ကျော်လောက်တွင် သူမဆီက ဖုန်းဝင်လာသည်။

"ကင်း လူလည်းမလာ၊ ဖုန်းလည်းမဆက် ဘယ်လိုဖြစ်နေတာလဲ"

နော့တော့တော့ အသံက စိုးရိမ်သံပါနေသည်။

"ကျွန်တော် မအားလို့ပါ"

သူမဆီက ခဏအသံတိတ်သွားပြီး ...

"ဖုန်းဆက်ဖို့ အချိန်မရှိရလောက်အောင်တောင် မအားဘူးလား ကင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမကို လိမ်ရတာ မပင်ပန်းပေမယ့် အဲဒီလိုလိမ်နေရတာကို သူ မနှစ်သက်တော့။

"ဟုတ်တယ်၊ ကျွန်တော် ဖြူနဲ့လက်ထပ်ဖို့ အလုပ်ရှုပ်နေတယ်"

သူမဆီက အသက်ရှူသံပြင်းပြင်းကို စိုးရိမ်တကြီးကြားလိုက်ရသည်။

တကယ်လည်း ဒီတစ်ရက် နှစ်ရက်မှာ ဖြူ့အိမ်ကို သွားမြန်းကြဖို့ စီစဉ်ပြီးဖြစ်သည်။

"ကျွန်မတို့ ဖြူနဲ့လက်မထပ်ခင်အထိ တွေ့လို့ရတယ်လို့ ကင်း ပြောခဲ့တယ်လေ"

သူမအသံက သနားစရာ ကောင်းနေသဖြင့် သူ ကရုဏာမဖြစ်မိအောင် အားတင်းထားရသည်။

"ကျွန်မတို့ နောက်ဆုံးအကြိမ်အဖြစ် တွေ့ပြီးစကားပြောရအောင်"

သူမဆီက ပြတ်သားတဲ့ တောင်းဆိုချက်တစ်ခု ထွက်လာသည်။

"ကျွန်တော်တို့ကြားမှာ ပြောစရာ သိပ်ထွေထွေထူးထူးရှိတာမှ မဟုတ်တာ"





သူ့စကားတွေက ကိုယ်ချင်းစာတရားမရှိတဲ့ လူတစ်ယောက်အဖြစ် အပြစ်ကြီးနေတာ သိနေသည်။

"စကားပြောချင်တာထက် ကင်းကို တွေ့ချင်တာပါ"

တင်းထားတဲ့ သူ့စိတ်တွေက ယိုင်လုလု။

သူမရဲ့ ဝမ်းနည်းအားငယ်တဲ့ အသံကို သူ ဘယ်လို ငြင်းဆန်နိုင်ပါ့မလဲ။

"ကျွန်မတို့ တစ်ခေါက်လောက် တွေ့ရအောင် ကင်း၊ ကျွန်မ ရွှေအိုရောင်က စောင့်နေမယ်နော်"

သူမဆီက ဖုန်းကျသွားစဉ် သူ ဖုန်းကိုင်ပြီး စဉ်းစားနေမိဆဲ။

ဖြူ့ဘက်ကို ငဲ့ညှာဖို့အတွက် သူမကို ရက်စက်ရမှာ မတရားမှန်း သိပေမယ့် သူမရော သူပါ ဒီလမ်းကို သိရက်နဲ့ လျှောက်ခဲ့ကြသူများအဖြစ် အပြစ်ရှိနေကြသည်။

သူမအသံတိမ်တိမ်ကို ပြန်ကြားယောင်စဉ် သူ့စိတ်တွေ နောက်ကျိရှုပ်ထွေးသွားရပြန်သည်။

ပြဿနာကို စခဲ့သူက သူကိုယ်တိုင်ပင်ဖြစ်၍ သူကိုယ်တိုင်ပင် အဆုံးသတ်ရန် ဆုံးဖြတ်လိုက်သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို တွေ့သည်နှင့် ဝမ်းသာလိုက်လှဲ့စွာ။

မတွေ့ဖြစ်သည့် တစ်ပတ်ကျော်ကျော်ကာလအတွင်း သူမ အနည်းငယ် ကိုယ်ရည်စစ်သွားသလိုပင်။

"ကျွန်မစိတ်ထဲ ကင်း လာလိမ့်မယ်လို့ ယုံကြည်နေတာ မှန်သွားပြီ"

သူမက သူ့အတွက် ဂန္ထဝင်ရွှေကို ဖျော်ပေးပြီး ယူလာသည်။

သူ နှစ်ခြိုက်စွဲလမ်းနေဆဲဖြစ်တဲ့ ဂန္ထဝင်ရွှေကို သောက်ရတာ သိပ်လိပ်ပြာမလုံ။

သူ ဂန္ထဝင်ရွှေကိုပါ သစ္စာဖောက်နေသလို ခံစားရသည်။

"ဖြန်းစားကြီး ဘယ်လိုဖြစ်သွားတာလဲ ကင်း"





"ဘာကိုလဲ ဒေါင်းဖန်ဝါ"

"သြော် ... ဖြူနဲ့ လက်ထပ်ကြတော့မယ် ဆိုတာလေ"

တစ်နေ့နေ့မှာ လက်ထပ်ဖြစ်မှာ သေချာနေသည့် ကိစ္စတစ်ခုကို အမြန်အကောင်အထည်ဖော်လိုက်ခြင်းက သိပ်အံ့သြစရာ မဟုတ်ပေမယ့် အကြောင်းပြချက်တော့ ရှိသင့်နေသည်။

"ကျွန်တော်တို့ လက်ထပ်သင့်ပြီလေ"

"သြော်"

သူမက သူ့အဖြေကို ကျေနပ်ဟန်မတူ၊ နှုတ်ခမ်းများလေးကို အသာဖိကိုက်နေသည်။

ပန်းနုရောင်ဆိုးထားသဖြင့် သူမနှုတ်ခမ်းက ဖိကိုက်ထားစဉ် နီရဲဖူးကြွလာသည်။

သူမကို သူ မကြည့်သင့်တော့သလို အကြည့်လွှဲလိုက်ပြီး ...

"ကျွန်တော်တို့ နောက်ထပ် မတွေ့ကြတော့ဘူးနော်၊ ဒီနေ့ နောက်ဆုံးနေ့အဖြစ် ကျွန်တော် လာခဲ့တာ"

သူမက နှုတ်ခမ်းဖိကိုက်ထားရက်နဲ့ ခေါင်းညိတ်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ သိသွားလို့လား"

သူမ ဒီလိုမေးတာကို သူ မနှစ်သက်။

သူနဲ့ ဖြူရဲ့ကိစ္စကို သူမ ပြောစရာအကြောင်းမရှိဟု သူ ထင်သည်။

"ကျွန်မဆီ ဖြူရောက်လာတယ်"

သူမကို ထပ်မပြောရန် သူ တားမည်ပြုစဉ် သူမဆီက နောက်ထပ်ထွက်လာတဲ့ စကားကြောင့် သူ အံ့သြသွားသည်။

♥ ➞ ♥





"ဖြူ ဘာတွေပြောသွားလဲ ဒေါင်းဖန်ဝါ"

သူ့ကို အသိမပေးဘဲ ဖြူ ဘာကြောင့် ဒီလိုလုပ်ရတာပါလိမ့်။

သူမက ချက်ချင်းမဖြေဘဲ တိတိရိရိ ဖြတ်ထားတဲ့ သူမလက်သည်းတွေကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်နေသည်။ ပြီးမှ ...

"ကင်း ပြောသလိုပါပဲ၊ ဖြူတို့ လက်ထပ်ကြတော့မယ်တဲ့"

ဒီလောက်စကားလေးအတွက် ဖြူ သူမဆီကို တကူးတကဲ လာပါ့မလား။

"ကင်းကို ဖြူ ဘာမှမပြောဘူးလား"

သူ ဘာမှမဖြေမိ။

"ကျွန်မတို့ ပတ်သက်မှုကို ဖြူ တော်တော် သံသယဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ လေသံက စိုးရိမ်တကြီး လေသံမျိုးမဟုတ်။ ကျေနပ်အားရနေသည့် လေသံမျိုးဖြစ်သည်။

"ဒေါင်းဖန်ဝါ ဘာတွေ ပြောလိုက်သေးလဲ"

သူ့ဘက်ကသာ စိုးရိမ်တကြီး မေးလိုက်ပေမယ့် သူမဆီမှာတော့ သံသယဖြစ်ခံရသည့် ခံပြင်းချက်မျိုးကို တွေ့ရမယ့်အစား ကျေနပ်နှစ်သက်နေသည့် ပုံစံမျိုးကို တွေ့နေရသည်။

"ကင်းကို မေးကြည့်တာ ပိုကောင်းပါလိမ့်မယ်လို့ပဲ ပြောလိုက်ပါတယ်"

သူမဆီမှာလည်း အဖြေရှိရက်နဲ့ သူမ လမ်းလွှဲလိုက်ပုံက ဖြူ့သံသယကို ပိုပြီးကြီးထွားစေတာ တကယ်မသိတာလား၊ သိရက်နဲ့ တမင်လုပ်တာလား။

"ဖြူက ဒေါင်းဖန်ဝါနဲ့ ကျွန်တော် ပတ်သက်တာကို မကြိုက်ဘူး၊ ဒါကြောင့် ကျွန်တော်တို့ နောက်မတွေ့ဘဲ နေကြရအောင်"

သူမက ပြုံးသည်။

သိပ်လှတဲ့အပြုံး ဖြစ်ပေမယ့် သူ ရင်မခုန်ချင်တော့။





"ကျွန်တော် ဒီစကား ပြောချင်လို့ လာတာပါ၊ ဒေါင်းဖန်ဝါရော ဘာပြောဦးမလဲ"

သူမက ဘာမှမတတ်နိုင်ဆိုတဲ့ ပုံစံနဲ့ ပခုံးတွန့်ပြသည်။ အရင်ကထက် လေးလံနေးကွေးတဲ့ အမူအရာတွေကြောင့် သူမ စိတ်မကောင်း ဖြစ်နေတာတော့ သေချာသည်။

ဒါပေမဲ့ မာန် ... သူမ မျက်ဝန်းထဲက မာန်တွေကိုတော့ လျော့ပါးမသွား။

"ကျွန်မကို ကင်းကစ,ပြီး လာပတ်သက်တာပါ၊ ကျွန်မ ကင်းအပေါ်မှာလည်း ဘာအမှားမှ မလုပ်ဖူးဘူး၊ ဒါကြောင့် ကင်း ကျွန်မကိုစ,ပြီး အဆက်အသွယ် ဖြတ်တာကို လက်မခံနိုင်ဘူး"

ဟား ... သူမကို လျှော့မတွက်ခဲ့ပေမယ့်လို့ ဒီလိုခံစားချက်မျိုး ရှိလိမ့်မယ်လို့လည်း မထင်ခဲ့။

"ဆောရီး ... ဒေါင်းဖန်ဝါ၊ ဒါဆိုလည်း ဒေါင်းဖန်ဝါကပဲ ကျွန်တော့်ကို စ,ပြီးအဆက်ဖြတ်တယ်လို့ သဘောထားလိုက်ပါ၊ အဓိက,က ကျွန်တော်တို့ မတွေ့ဖြစ်ဖို့ပဲလေ"

သူမက နှုတ်ခမ်းကို သေသေသပ်သပ်မဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကင်းကို ကျွန်မကပဲစပြီး အဆက်အသွယ် ဖြတ်မယ်၊ လောလောဆယ်တော့ ကျွန်မစိတ်ထဲမှာ ကင်းနဲ့ ခပ်ရှင်းရှင်းနေဖို့ ဆန္ဒမရှိသေးဘူး၊ ဒီတော့ ကျွန်မ ကင်းကို အဆက်မဖြတ်နိုင်သေးဘူး"

သူမရဲ့အတွေးတွေက ကြောင်နေတာလား၊ ရဲတင်း ပွင့်လင်းလွန်းနေတာလား။

သူ သူမကို နည်းနည်းစိုးရိမ်လာသည်။

"ဟော ... ဟိုမှာ ပြောရင်းဆိုရင်း ဖြူ လာနေတယ်"

သူမ အကြည့်ရွေ့လျားရာကို သူ လိုက်ကြည့်လိုက်စဉ် ...

ဖြူ ... ဟုတ်သည်။ သူ့ရဲ့ဖြူ ...

အသက်မပါသော ခြေလှမ်းတုံ့နှေးနှေးဖြင့် သူတို့ နှစ်ယောက်ကို ရီဝေစွာကြည့်လျက် ...

ဖြူနဲ့ သူ့ကြားမှာ ထပ်ပြီးမှားယွင်းလွဲချော်တာမျိုး သူ မဖြစ်ချင်တော့။

♥ → ♥





ဖြူရော သူမပါ နှစ်ယောက်လုံး ငြိမ်နေကြသဖြင့် သူတို့ဝိုင်းက စိုးရိမ်စရာကောင်းအောင် တိတ်ဆိတ်လွန်းနေသည်။

အမျိုးသမီးနှစ်ဦးလုံးရဲ့ရင်မှာ ဘာတွေဖြစ်နေရလဲ ဆိုတာ မခန့်မှန်းနိုင်။

ဖြူကတော့ ငိုချင်နေတဲ့ မျက်နှာကို အတင်းအား တင်းထားရသည့်ပုံ။

သူမကတော့ တစ်ခုခုအတွက် ကြိုတင်ပြင်ဆင်စောင့် ဆိုင်းအားယူနေသည့်ပုံ။

"ပြန်ရအောင် ဖြူ"

သူကပင် စကားစပြောလိုက်ပြီး သူ ပြောလိုက်သည့် စကားက နိဂုံးဖြစ်နေသည်။

"ဖြူ ကိုကို လာခေါ်တာ မဟုတ်ဘူး ကို"



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ဆီက မထင်မှတ်သော စကားကြောင့် သူ နေရခက်သွားသည်။

"ဘာကော်ဖီသောက်မလဲ ဖြူ"

သူမက ဖြူ့ကို ဧည့်ခံဖို့ ကြိုးစားစဉ် ဖြူက ခေါင်းခါလိုက်ပြီး ...

"ကျွန်မ ကော်ဖီလာသောက်တာ မဟုတ်ဘူး မဒေါင်းဖန်ဝါ"

သူမက မျက်ခုံးပင့်ပြီး ဖြူ့ကို မထီတရီ ကြည့်နေတာ တွေ့ရသည်။

သူမတို့နှစ်ယောက်ကို ကြည့်ရတာ မကြာခင် ပေါက်ကွဲတော့မယ့် ဗုံးနှစ်လုံးကို စောင့်ကြည့်နေရသလို ရင်မောစရာကောင်းလှသည်။

သူ ထထွက်သွားချင်ပေမယ့် တမင်ရှောင်ထွက်သွားသည်ဟု ထင်မှာစိုး၍ ဆက်ထိုင်နေရသည်။

"စကားပြောစရာရှိလား ဖြူ၊ ကျွန်မမှာ လုပ်စရာရှိသေးတယ်"

သူမက ဖြူ့စိတ်ကို နှိုးဆွပေးလိုက်စဉ် ဖြူက နာနာကျင်ကျင်ပြုံးပြီး ...





"နိုင်းတုကင်းနဲ့ ထိုင်နေတဲ့ အချိန်တွေမှာရော လုပ်စရာ မရှိဘူးလား"

ဖြူ့စကားကြောင့် သူမ ရှက်သွားမည်ဟု ထင်ထားသော်လည်း သူမ မျက်နှာက ပြောင်းလဲမသွား။

"ကင်းနဲ့ စကားပြောနေရတာကိုက ကျွန်မအတွက် အလုပ်ပဲလေ"

သူမက သူ့ဘက်ကို မေးဆတ်ပြသလိုလုပ်ပြီး ဖြေသည်။

"ဒါဆိုလည်း အဲဒီအလုပ်ကို ဆက်မလုပ်ပါနဲ့တော့လို့ ကျွန်မ တောင်းဆိုပါရစေ"

ဖြူ့မှာ သတ္တိတွေ ဘယ်လိုရှိလာတာပါလိမ့်။

"ကျွန်မအလုပ်ကို ကျွန်မ လုပ်နေတာ ဖြစ်တဲ့အတွက် ဘယ်သူမှ လာဟန့်တားလို့ မရဘူး ဖြူ"

သူမကလည်း လုံးဝအလျှော့မပေးသည့်ပုံ။

"ပြန်ကြရအောင် ဖြူ"

အခြေအနေကိုထိန်းဖို့ သူ ဖြူ့ကိုဆွဲမ,လိုက်ပေမယ့် ဖြူက သူ့လက်တွေကြားက တွန်းရုန်းလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ကိုတို့ ပတ်သက်မှုကို ဖြူ ရှင်းရှင်းသိရမှ ဖြစ်မယ်"

သူ ဖြူ့ခေါင်းမာမှုကို စိတ်တိုစပြုလာသည်။

"ကိုတို့ ဘာမှထပ်ပတ်သက်ဖို့ မရှိတော့ဘူး ဖြူ၊ ဖြူ ကျေနပ်အောင် ကို ကတိပေးတယ်"

ဖြူက သူ့ကို နာကြည်းသလို ကြည့်နေပြီး ...

"လောလောဆယ် ဖြူ ကို့စကားကို နားမထောင်ပါရစေနဲ့ဦး ကို"

ဖြူ့ပုံစံက ကျားနာမလေးအသွင် ရဲဝံ့ပြင်းရှလျက် ...

"ဒေါင်းဖန်ဝါ ... တစ်ဆိတ် ကျေးဇူးပြုပြီး စကားမများကြဖို့ ကျွန်တော် တောင်းဆိုပါရစေ"

သူမကိုတော့ သူ ပြော၍ရမည်ထင်ပြီး ပြောလိုက်မိသည်။

"ကျွန်မတို့ စကားများနေကြတာ မဟုတ်ပါဘူး ကင်းရဲ့၊ ကျွန်မတို့ အခွင့်အရေးတွေ တောင်းဆိုနေတာပါ"

သူမက လိမ္မာပါးနပ်စွာနဲ့ သူ့စကားကို ရှောင်လွှဲသွားသည်။





"စိတ်ရှုပ်လိုက်တာကွာ၊ ဖြူ ... ဖြူမသွားရင် ကို သွားရလိမ့်မယ်"

ဖြူက သူ့ကိုလှမ်းကြည့်ပြီး ...

"ကို ရွှေအိုရောင်ထဲက ထွက်တာနဲ့ နောက် ဘယ်တော့မှ ဒီကိုမလာတော့ဘူးလို့ ကတိပေးပြီးသား ဖြစ်ရမယ်နော်"

ဖြူ့တောင်းဆိုမှုက တရားနည်းလမ်းကျတဲ့ တောင်းဆိုမှုဖြစ်၍ သူ ခေါင်းညိတ်ရန် ဝန်မလေး။

သူမကို အားနာသလိုလို ရှိပေမယ့် သူ ဖြူ့ဘက်ကို အလေးသာရမည်မို့ ...

"ကောင်းပြီ ဖြူ ကို ကတိပေးတယ်၊ အခု ကိုတို့ ပြန်ရအောင်"

သူ ဖြူ့ဆီ လက်ကမ်းပေးလိုက်စဉ် ဖြူက ဂိုချင်တာရပြီမို့ အသာတကြည် လက်ကမ်းပေးသည်။

သူ့ကို ဆုပ်ကိုင်လိုက်တဲ့ ဖြူ့လက်ဖဝါးလေးက အားကိုးယုံကြည်မှုတွေ ပြည့်နှက်နေသလိုပင်။

"ကင်း ... ကျွန်မကို လွယ်လွယ်နဲ့ လက်လျှော့မယ်လို့တော့ မထင်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက သူတို့နောက်နားဆီမှာ ပီသစွာ ကျန်ရစ်ခဲ့သည်။

သူ့လက်ကို ဆုပ်ကိုင်ထားသည့် ဖြူ့လက်လေးတွေက ပိုပြီးကင်းကျပ်သွားသည်။

♥ ➡ ♥





"ဖြူ့ဆီကို အမျိုးသားတစ်ယောက်က ဖုန်းဆက်ပြီးပြောတာ၊ ကိုကို ရွှေအိုရောင်မှာ ရှိနေတယ်ဆိုပြီး ပြောတာ"

ဖြူ့စကားကြောင့် သူ အံ့သြသွားရသည်။

သူ ရွှေအိုရောင် ရောက်နေခြင်းကိစ္စကို ဘယ်သူက ဂရုတစိုက် ဖြူ့ကို သတင်းပေးပါလိမ့် ဆိုတာထက် ဘာကြောင့် သတင်းပေးတာလဲ ဆိုတာကို ပိုပြီးစိတ်ဝင်စားနေမိသည်။

"ဖြူ အစက မယုံဘူး၊ ဒါပေမဲ့ ပြောတဲ့သူက သေသေချာချာကို ပြောနေတော့ သွားကြည့်တာ အကောင်းဆုံးဆိုပြီး ထွက်လာတာ"

ဖြူက တကယ် စွန့်စားခန်းကြီးကို ကြုံခဲ့ရသူတစ်ယောက်လို ပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဖြူ ဝမ်းနည်းတယ် ကို၊ ကို့ကို ဒေါင်းဖန်ဝါဆီမှာ မတွေ့ပါစေနဲ့လို့ ဆုတောင်းလာခဲ့ပေမယ့် ဆုတောင်း မပြည့်ဘူး ဖြစ်သွားတယ်"

သူ ဖြူ့အတွက် စိတ်မကောင်းပေမယ့် လောလောဆယ် သူကိုယ်တိုင်လည်း စိတ်ရှုပ်နေ၍ ထိရောက်တဲ့ နှစ်သိမ့်မှုမျိုးကို မပေးနိုင်။

"ကို တောင်းပန်ပါတယ် ဖြူ၊ ကို့အတွက် ဒါနောက်ဆုံး အကြိမ် ဖြစ်ရစေမယ်လို့ ကတိပေးပါတယ်"

ဖြူက အမြဲတမ်း သူ့ကို ယုံကြည်နေသူပီပီ ခေါင်းညိတ်ပြီး သူ့ပခုံးကို မှီနွဲ့သည်။

သူကတော့ နားထဲမှာ သူမအသံသဲ့သဲ့ကို ကြားယောင်နေဆဲ။ "ကျွန်မကို လွယ်လွယ်နဲ့ လက်လျှော့မယ်လို့တော့ မထင်နဲ့နော်"တဲ့။

သူမ ဘာဆက်လုပ်မလဲ။ သူ သိစမ်းလိုလှသည်။

ဒါပေမဲ့ ဒါကလည်း သူနဲ့ ဖြူ့အတွက် အန္တရာယ်များသော သိလိုမှုပင်ဖြစ်သည်။

♥ → ♥





သူမဘက်က တိတ်ဆိတ်နေခြင်းသည် အန္တရာယ်တစ်ခု ဖြစ်နိုင်သည်ဟု သတိနဲ့ စောင့်ကြည့်နေခဲ့စဉ်က သူမဆီက ဘာမှမကြားခဲ့ရဘဲ ဖြူနဲ့ စေ့စပ်ခါနီး ဆယ်ရက်ခန့်အလိုမှာတော့ သူမဆီက ဖုန်းရခဲ့သည်။

ထုံးစံအတိုင်း ညဉ့်နက်နက်မှာ ခေါ်ခဲ့ခြင်းဖြစ်ပြီး သူမအသံက ရီဝေလွမ်းမောနေသော အသံမျိုးဖြစ်နေသည်။

"ကင်း ... ကျွန်မ အိပ်လို့မရဘူး"

သူမအတွက် သူက အိပ်ဆေးမဟုတ်တာ သေချာသည်။

သူ ဖုန်းချလိုက်စဉ် သူ့အိမ်ဖုန်း မြည်လာသည်။

အိမ်က တခြားလူတွေ နိုးသွားမှာစိုးရိမ်နေစဉ် အိမ်ဖုန်းမြည်တာ ရပ်သွားပြီး သူ့ဟန်းဖုန်း ပြန်မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းပြန်ဖြေလိုက်စဉ် သူမပင် ဖြစ်နေသည်။

"ကင်း ... ရှင် ဖုန်းမချလိုက်နဲ့နော်၊ ကျွန်မ ဖုန်းဆက်တဲ့ နေရာမှာ ဖွဲ့ကြီးတယ်၊ ဥပမာ ... ရှင့်အိမ်သားတွေကို မနိုးစေချင်ရင်ပေါ့၊ ဒီည မဟုတ်သေးဘူး၊ နောက်ညတွေလည်း ဖြစ်နိုင်တယ်လေ"

သူမလေသံက အရူးတစ်ယောက်ရဲ့ ကယောင်ကတမ်း ခြိမ်းခြောက်သံနဲ့ တူလှသည်။

"မင်း ဘာပြောချင်လို့လဲ ဒေါ်ဖန်းဝါ"

သူ့မျက်လုံးတွေ ကျယ်သွားအောင် သူမ လုပ်လိုက်လေပြီကို။

"ကျွန်မ ကင်းကိုသတိရတယ်၊ ကင်းရော သတိမရဘူးလား"

သူ့ကို သတိရလိုက်တာနဲ့ အပြစ်တစ်ခုပါ ကပ်ပါလာတတ်တဲ့အတွက် သူ သတိမရချင်တော့။

"ကျွန်တော့်ဆီဖုန်းမဆက်ပါနဲ့တော့ ဒေါ်ဖန်းဝါ၊ ကျွန်တော် ဖြူနဲ့ လက်ထပ်တော့မယ်"

သူ အားမနာတမ်း ပြောချလိုက်စဉ် ...





"ကျွန်မ ... ကျွန်မ မကြားချင်တာ အဲဒီစကားတွေပဲ ကင်း၊ ကင်းတို့လက်မထပ်ရဘူးလို့ ကျွန်မ မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ လက်မထပ်ခင် ကျွန်မနဲ့ ခင်မင်ရင်းနှီးခွင့်ကို ဘာဖြစ်လို့ မပေးနိုင်ရတာလဲ၊ ကျွန်မ အမှားမရှိဘဲနဲ့ ဒီလို အပြစ်ခံရတာကို ကျွန်မ မခံနိုင်ဘူး၊ အဲဒီအတွက် ကင်းနဲ့ ဖြူလည်း စိတ်ချမ်းသာရလိမ့်မယ်မထင်နဲ့"

သူမ ရူးသွားလေပြီလား။

သူမစကားတွေက အထိန်းအကွပ်မဲ့စွာ ...

"မင်း ဘာတွေလျှောက်လုပ်မလို့လဲ ဒေါ်ဖန်းဝါ၊ ဟုတ်တယ်၊ ငါ မင်းအလှကို မက်မောခဲ့မိတယ်၊ သာယာခဲ့မိတယ်၊ ဒါပေမဲ့ ငါ့အချစ်တွေက ဖြူ့ကို ပေးထားပြီးသားဖြစ်တဲ့အတွက် ငါ မင်းကို မချစ်သင့်ဘူး၊ စောစောစီးစီး ဇာတ်သိမ်းလိုက်တာဟာ ငါတို့နှစ်ယောက်စလုံးအတွက်ရော၊ ဘာမှအပြစ်မရှိတဲ့ ဖြူ့အတွက်ရော အကောင်းဆုံးဖြစ်တာကို မင်း နားလည်မှာပါ၊ ငါ ဖြူ့ကို မဆုံးရှုံးပါရစေနဲ့ ဒေါ်ဖန်းဝါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားမာမာတွေကို သူမက ခနိုးခနဲ့ ရယ်ပြီး နားထောင်နေသည်။

"ကျွန်မ ကင်းကို လက်မလွှတ်ချင်လို့ ဖွတ်တိုးနေတာ မဟုတ်ဘူး ကင်း၊ ကျွန်မဆီကို ကင်း သဘောနဲ့ကင်း ရောက်လာပြီး၊ ကင်းသဘောနဲ့ကင်း ပြန်ထွက်သွားတာကို လက်မခံနိုင်တာ။ ကျွန်မ ထားခဲ့ချင်တဲ့ အချိန်မှ ကျွန်မ ကင်းကို လွှတ်လပ်ခွင့်ပေးနိုင်မယ်"

သူမရဲ့တရားလက်လွှတ် စကားတွေကို သူ ဆက် နားမထောင်ချင်တော့။

"မင်း ရူးနေတာပဲ ဒေါင်းဖန်ဝါ၊ မင်းဟာ အရူးပဲ"

သူ့ရဲ့ဒေါသတကြီး ရေရွတ်သံအဆုံးမှာ သူမ တကယ့်ကို အရူးတစ်ယောက်လို ရယ်မောနေသည်။

သူမ ရယ်သံမဆုံးခင် သူ ဖုန်းချလိုက်ပေမယ့် သူမ ဖုန်းပြန်မခေါ်တော့။

သူ ဆက်အိပ်၍လည်း မရတော့ပေ။

♥ → ♥





ဖြူနဲ့ စေ့စပ်ပွဲနေ့တွင် ဝတ်မည့်ဝတ်စုံများကို ရွေးပြီး ဖြူ့အိမ်ကို ဝင်ပို့ပေးပြီး အပြန်၊ ထူးဆန်းသော ဖုန်းတစ်ခု ဝင်လာသည်။

"ကိုနိုင်းတုကင်းလား ခင်ဗျာ"

အမျိုးသားတစ်ယောက်၏ အသံဖြစ်ပြီး သူ မရင်းနှီးသော အသံလည်းဖြစ်သည်။

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ကျွန်တော်တို့က မဒေါင်းဖန်ဝါရဲ့ ဘေးခန်းကပါ ခင်ဗျာ၊ မဒေါင်းဖန်ဝါ အသည်းအသန် ဖြစ်နေလို့ လာခဲ့ပေးနိုင်မလား ခင်ဗျာ"

သူမ ဘာအကွက်ဆင်လေသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မဒေါင်းဖန်ဝါနဲ့ ရင်းနှီးတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ့ဆွေမျိုးသားချင်းလည်း မဟုတ်တော့ မလိုဘူး ထင်ပါတယ် ခင်ဗျာ"

သူ ရိုးသားစွာ လွှဲရှောင်လိုက်စဉ် ...

"အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး ခင်ဗျ၊ မဒေါင်းဖန်ဝါရဲ့ ဖုန်း memory ထဲမှာ ကိုနိုင်းတုကင်းရဲ့ ဖုန်းနံပါတ်တစ်ခုပဲ တွေ့လို့ ဆက်လိုက်တာပါ၊ ရှင်းရှင်းပြောရင် ကျွန်တော်တို့လည်း မဒေါင်းဖန်ဝါနဲ့ သိပ်အရင်းနှီးကြီးတော့ မဟုတ်ဘူး၊ မျက်မှန်းတန်းမိရုံလောက်ပဲ သိတာ၊ အခုတောင် ရေသန့်ပို့ပေးနေကျ ကောင်လေးက လာပြောပေးလို့ သိတာပါ"

ဟာ ... သူမ ဒီလောက် အသိမိတ်ဆွေ ရှားရလား။

ဒါမှမဟုတ် သူမ တကယ်ဖြစ်နေတာရော ဟုတ်ရဲ့လား။

သူ စိတ်ရှုပ်သွားမိတာတော့ အမှန်ပင်။

"ကျေးဇူးပြုပြီး သူ့ကို ဆရာဝန်ခေါ်ပေးလိုက်ပါလား။ ကျွန်တော်က အခု အရေးကြီးတဲ့ အလုပ်ကိစ္စရှိလို့ပါ"





သူ သူမကို မယုံရဲတော့။

သူမလှည့်ကွက်ထဲ ဝင်သွားမည်စိုး၍ အားနာစွာနဲ့ ငြင်းဆန်လိုက်သည်။

"ကျွန်တော်တို့လည်း အပြင်ထွက်စရာကိစ္စတစ်ခုရှိလို့ ဖုန်းဆက်လိုက်တာပါ၊ ကျွန်တော်ရော ကျွန်တော့်မိန်းမရော မကြာခင် လေဆိပ်ဆင်းရမှာမို့ပါ"

ဟာ... တကယ့်ကို ကျဉ်းထဲကျပ်ထဲမှာ သူ အခက်ကြုံနေရသည်။

အကြင်နာတရား လက်ကျန်မဟုတ်တောင် လူသားတစ်ယောက်ရဲ့ဝတ္တရားအရ အားနည်းသူကို ကူညီရန် ဆန္ဒရှိသော်လည်း သူ မဝံ့ရဲ။

"သူ ဖုန်းပြောနိုင်လား မသိဘူး"

"မပြောနိုင်ဘူး ထင်တယ်၊ သတိလစ်ချင်သလိုတောင် ဖြစ်နေလို့"

သူ သက်ပြင်းချပြီး သံသယတွေကို မောင်းထုတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကျွန်တော် ဆရာဝန်တစ်ယောက်ခေါ်ပြီး လာခဲ့လိုက်မယ်"

သူ အမြန်ဆုံး ဆရာဝန်တစ်ယောက်ကို ခေါ်ပြီး သူမအခန်းရှိရာကို ထွက်လာခဲ့လိုက်သည်။

တကယ့်ကိုပင် ချွေးစေးတွေနဲ့ ရွှဲနစ်ပြီး နာကျင်မှုကို ကြိတ်မှိတ်ခံစားနေရတဲ့ သူမကို စိတ်မကောင်းစွာ တွေ့လိုက်ရသည်။

♥ ➡ ♥





"အစာအိမ်ရောင်နေတယ် ဆေးရုံတင်မှရမယ်"ဆိုတဲ့ စကားကြောင့် သူမကို သူ ဆေးရုံပို့ဖို့ စီစဉ်ရပြန်သည်။

ဆရာဝန်က အသက်ခြောက်ဆယ်ကျော် ဆရာဝန်မကြီးဖြစ်၍ သူမကို သူပဲ ပွေ့ချီပြီး ကားပေါ်တင်သွားရသည်။

မည်းညည်းညှုဘဲ အံကြိတ်တင်းခံနေတဲ့ သူမမျက်နှာနှာပေါ်က ချွေးဥချွေးစက်ကြီးတွေကို မြင်ရပြန်စဉ် သူ သနားသွားရပြန်သည်။

လူနာရှင်အဖြစ် စာရင်းသွင်းပြီး ဆေးရုံတင်ဖို့ကိစ္စအတွက် သူ တစ်ယောက်တည်း အပြေးအလွှား။

သူသာ အချိန်မီ ရောက်မလာခဲ့ရင် ဆိုတဲ့ အတွေးရင်လာစဉ် သူ လုပ်သင့်တာကို လုပ်ခြင်းအဖြစ် သူ့ကိုယ်သူ နှစ်ငြိမ့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တဲ့ ဆေးစစ်ချက်တွေလုပ်ပြီး သူ့အတွက် အခန်းရစဉ် ညခုနစ်နာရီ ထိုးနေပြီဖြစ်တာ တွေ့ရသည်။

ဖြူနဲ့ချိန်းထားသည့် အချိန်ကို ကျော်လွန်နေပြီဆိုတာ သတိရမိသော်လည်း မတတ်နိုင်။

ဆေးရှိန်ကြောင့် မှိန်းနေသည့် သူ့မကိုကြည့်ပြီး သူ သက်ပြင်းအကြိမ်ကြိမ် ချနေမိသည်။

ညသူနာပြုဆရာမ ရောက်လာစဉ် သူနာပြုဆရာမကိုအပ်ပြီး သူ ပြန်ရန်ပြင်လိုက်စဉ် ...

"ကင်း"

အိပ်ပျော်နေသည်ဟု ထင်ထားသော သူ့မက သူ့ကို လှမ်းခေါ်သည်။ သူ လှည့်ကြည့်လိုက်စဉ် ...

"ကျေးဇူးပဲ ကင်း၊ အားလုံးအတွက်"

သူ့မအသံသဲ့သဲ့က ချည့်နဲ့စွာ ထွက်လာသည်။

"ရပါတယ်၊ နေကောင်းအောင် ကြိုးစားပါ"

သူ့အသံ သိပ်အေးစက်ပြီး စစ္စာရား ဆန်နေသလား မသိ။

သူမ သူ့ကို တစ်ခုခု ထပ်ပြောရန် ကြိုးစားနေစဉ်မှာပင် ...





"ကျွန်တော် ပြန်တော့မယ်၊ ရွှေအိုရောင်ကိုဝင်ပြီး နောက်နေ့ကိစ္စတွေအတွက် ဒေါင်းဖန်ငါဆီ တစ်ယောက်ယောက်လွှတ်လိုက်မယ်"

သူ့မဆိုင်က သူ့မအလုပ်သမားတွေလက်ထဲ သူ့မကို အပ်ခဲ့ရသော။

ဆေးရုံထဲက ထွက်လာမှ သူ အသက်ဝဝရှူလိုက်ရသလိုပင်။

တစ်ဖက်သားကို ကူညီခြင်း ဖြစ်ပေမယ့် သူ့အတွက် စိတ်ကျဉ်းကျပ်မှုတွေနဲ့ ကူညီရသော ကိစ္စဖြစ်၍ ရင်ထဲမပေါ့ပါ။

ဖြူ့ဆီရောက်သွားစဉ် သူ ဒီနေ့ကိစ္စတွေကို ပြောပြဖို့ ကြိုးစားလိုက်ပေမယ့် စတ်စုံလေးတွေကိုကြည့်ပြီး ကျေနပ်ပြုံးပျော်နေတဲ့ ဖြူ့ကိုကြည့်ပြီး သူ မပြောပြရက်တော့။

ဖြူ ပြုံးရွှင်ကြည်နူးရခြင်းကိစ္စထက် အရေးကြီးတဲ့ ကိစ္စမျိုး မရှိဟု သူ ကြိတ်မှိတ် ယုံကြည်လက်ခံထားလိုက်သည်။

နောက်ထပ် သူ့မဆီ ထပ်သွားစရာမလိုတော့ဟု စဉ်းစားဆုံးဖြတ်ထားခဲ့သော်လည်း ...။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတင်ထားတဲ့ သူမဆီကို နောက်ထပ်မသွား ခဲ့မိခြင်းအတွက် သူ့စိတ်ထဲ ရှင်းနေခဲ့သည်။

သိပ်မကြာခင်မှာ ကျင်းပမယ့် သူနဲ့ဖြူရဲ့စေ့စပ်ပွဲ အတွက် အလုပ်ရှုပ်နေခြင်းက သူမကို အားမနာတမ်း မေ့နေစေ ခဲ့သည်။

သူမ ဆေးရုံတက်ပြီး သုံးရက်မြောက်နေ့တွင်တော့ သူ့အတွက် သူမဘက်က ကြီးကျယ်တဲ့ အမှားကြီးတစ်ခုကို တမင်တကာလေပဲလား၊ မရည်ရွယ်ဘဲနဲ့လား မသိ။ ကျူးလွန်ခဲ့ မိလေသည်။

စေ့စပ်ပွဲနေ့အတွက် ကျွေးမယ့်မုန့်တွေကို အစမ်း သွားစားကြည့်စဉ်ကဖြစ်သည်။





မုန့်တွေကို အမြည်းစားကြည့်ပြီး လိုအပ်တာကို မှာနေစဉ် သူ့ဖုန်းဝင်လာသည်။

Hotel က တာဝန်ခံနဲ့ စကားပြောနေချိန်ဖြစ်၍ ဖြူ က ဖုန်းကိုင်လိုက်တာကို တွေ့ရသည်။

ဖြူနဲ့ တစ်ဖက်က ဘာတွေပြောနေသည်ကို သူ ဂရုတစိုက် နားမထောင်မိ၍ မသိလိုက်။

ပြောစရာရှိတာပြောပြီး၍ ဖြူ့ကိုကြည့်လိုက်စဉ် ဖြူ့ မျက်နှာက စိုးရိမ်ထိတ်လန့်စရာကောင်းအောင် တုန်လှုပ်နေတာ တွေ့လိုက်ရသည်။

"ဘာလဲ ဖြူ၊ ဘယ်သူ ဘာဖြစ်လို့လဲ"

သူ့ဖုန်းထဲမှာ တုန်လှုပ်စရာကောင်းသော ကိစ္စတစ် ခုကို ကြားလိုက်ရတာ သေချာသည်မို့ သူ မေးလိုက်စဉ် ...

"ကို့အမျိုးသမီးက ဆက်ခိုင်းတာတဲ့"

ဘုရားရေ ... သူ့အမျိုးသမီးတဲ့။

သူ ဖုန်းကို ကမန်းကတန်း လှမ်းယူလိုက်စဉ် တစ် ဘက်က ဖုန်းမချသေးဘဲ ဟဲလို ... ဟဲလိုနဲ့ ခေါ်နေသေးတာ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြားဘူးသော အမျိုးသမီးတစ်ယောက်ရဲ့ အသံကို ကြားလိုက်ရပြီး ...

"ဟဲလို ... နှိုင်းတုကင်း ပြောနေပါတယ်"

"ကျွန်မ မဒေါင်းဖန်ဝါကိုစောင့်တဲ့ သူနာပြုဆရာမပါ၊ သူက ဖုန်းဆက်ပေးပါဆိုလို့ ဆက်ပေးတာပါ၊ အခု သူနဲ့ ပြောလိုက်ပါဦး"

သူ အခြေအနေကို နားလည်လိုက်သလို၊ ဖြူ ဘာတွေ ကြားသွားပြီလဲ ဆိုတာကိုလည်း စိုးရိမ်သွားသည်။

"ကျွန်တော် မအားဘူးလို့ ပြောလိုက်ပါ"

သူ ဖုန်းမှားနေပြီလို့ မပြောလိုက်ခြင်း အတွက် နောင်တရသွားသည်။

ဖုန်းချလိုက်ပြီး ဖြူ့မျက်နှာကို ကြည့်လိုက်စဉ် ဖြူ့မျက်နှာမှာ သွေးမရှိတော့။

ဖြူဆုတ် ဖွေးဖျော့နေတဲ့ မျက်နှာပေါ်မှာ တုန်လှုပ်မှုတွေ အပြည့်အနက်။

"ဖြူ ... ဘာဖြစ်လို့လဲ ဖြူ"

ဖြူက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။





ဖြူ့မျက်နှာလေး အယမ်းမှာ မျက်ရည်တွေ ဝေ့ဝဲကျလာပြီး ...

"ကို့အမျိုးသမီး ဒေါင်းဖန်ဝါက ဆက်ခိုင်းလို့ ဆက်တာပါတဲ့၊ သူ ဆေးရုံတင်ထားရတာလား ကို"

ဖြူက တိုးညင်းဖျော့တော့စွာ မေးလာသည်။

"ဒေါင်းဖန်ဝါ ဆေးရုံတင်ထားရတာယ်ဆိုတာ မှန်တယ် ဖြူ၊ ဒါပေမဲ့ သူနဲ့ ကိုရဲ့ ပတ်သက်မှုက သူနာပြုဆရာမက နားလည်မှုလွဲပြီး ..."

ဖြူ့မျက်နှာပေါ်မှာ ယုံကြည်မှုတွေက ပြိုအက်ပျက်စီးနေရာ တွေ့ရသည်။

"တော်လောဆယ် ဖြူ နားပါရစေ ကို၊ ဖြူ့စိတ်ထဲက ဒီကိစ္စကို လွဲမှားမှုတွေပါလို့ လက်ခံလာနိုင်တဲ့အထိ ဖြူ နားပါရစေ"

အက်ကွဲဘုန်ယင်နေတဲ့ အသံလေးက အားအင်မဲ့ပြီး မျှော်လင့်ချက် ပျောက်ဆုံးနေသည်။

"ကို ရှင်းပြပါရစေ ဖြူရယ်"

ဖြူက ထိုင်နေရာမှ ချည့်နဲ့စွာ ထလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ နားချင်ပြီ၊ ကိုနဲ့ ခပ်ဝေးဝေးမှာ ... မဟုတ်သေးဘူး ... ကို့အသံ၊ ကို့အရိပ် အားလုံးနဲ့ ဝေးတဲ့နေရာမှာ နေပါရစေ"

ဖြူ သူ့နားကနေ ဖြည်းလေးစွာ ထွက်ခွာသွားသည်။

သူ ဖြူ့ကို တားချင်ပေမယ့် ဖြူ့အတွက် ယုံကြည်မှုတွေ မတည်ဆောက်ပေးနိုင်သေး၍ သူ မတားမိတော့။

ဖြူ့နားမှာ ယုံကြည်မြတ်နိုးစွာ ရှိနေခွင့်ရဖို့အတွက် သူမနဲ့ ပြတ်သားစွာ ရှင်းလင်းရတော့မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

♥ ➡ ♥





"ကျွန်မ ဆက်ခိုင်းတာ မှန်တယ်၊ ဒါပေမဲ့ ကျွန်ကိုယ် ကျွန်မ ကင်းရဲ့အမျိုးသမီးပါလို့တော့ မပြောခဲ့ပါဘူး၊ အထင်နဲ့ သူ ပြောလိုက်တာ ဖြစ်မှာပေါ့"

သူမက သေးသေးဖွဲဖွဲ ကိစ္စလေးတစ်ခုကို ဖြေရှင်းနေသည့်နှယ် လွယ်ကူပေါ့ပါးစွာ။

ဆေးရုံမှာ ငါးရက်လောက်သာ နေရပြီး အစာအိမ်ရောင်နေသည်ဆိုသော ရောဂါအပြင် ဘာရောဂါမှ ဆိုးဆိုးဝါးဝါး မရှိဟု သူ သိခဲ့သည်။

လောလောဆယ် အနားယူနေသည့် သူမဆီကို သူ ရောက်သွားစဉ် သူမက ရွှင်လန်းစွာ ကြိုနေသည်။

"ကျွန်တော် ကူညီသင့်တာ ကူညီပြီးပြီပဲ၊ ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ၊ ဒေါင်းဖန်ဝါ ကျွန်တော့်ကို အဲဒီလို တွယ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေတာကိုက ကျွန်တော့်အတွက် စိတ်ပျက်စရာတစ်ခုပဲ ဒေါင်းဖန်ဝါ"

သူမ မျက်နှာက ကွက်ခနဲ ပျက်သွားပေမယ့် လှပဖူးရွသော အပြုံးဖြင့် ချက်ချင်း ပြန်ဆယ်သည်။

"ကျွန်မက လိုက်ရင် ပြေးတယ်ပဲ၊ ပြေးရင်လည်း လိုက်တတ်တယ်၊ ကျွန်မ ပြောပြီးသားပဲ၊ ကျွန်မဆန္ဒ မပါဘဲ ကင်း ကျွန်မနားက ထွက်ပြေးလို့ မရပါဘူးလို့ ကျွန်မ ပြောထားတယ်လေ"

ဆေးရုံဆင်းခါစ လူမမာတစ်ယောက်ရဲ့ အရိပ်အယောင်မျိုး သူမဆီမှာ မတွေ့ရ။

အနည်းငယ် ပိန်သွားသည်ကလွဲ၍ သူမအလှနဲ့ အသံက မပြောင်းလဲ။

ဒါပေမဲ့ သူမ အလှမှာ သူ မသာယာနိုင်တော့။ သူ့အတွက် အရေးကြီးဆုံးက ဖြူ ဆိုတာကို သေသေချာချာ သိနေပြီမို့ သူ ဘာနဲ့မှ မလဲနိုင်တော့။

"မင်း ဘာပြောပြော ငါ ဂရုမစိုက်ဘူး၊ ဒါပေမဲ့ အခုကိစ္စအတွက် ဖြူ အရမ်းစိတ်ထိခိုက်သွားတယ်၊ အဲဒီအတွက်





မင်း ဖြူ့ကို တောင်းပန်ပေးရမယ်၊ မင်းနဲ့ငါ ဘာမှမသက်ဆိုင်ဘူးဆိုတာ ရှင်းပြပေးပါ ဒေါင်းဖန်ဝါ"

သူမက သူ့ကို မျက်ခုံးပင့်ကြည့်နေသည်။

ပြီးမှ ...

"စိတ်မကောင်းပါဘူး ကင်း၊ ကျွန်မ ကင်းပြောတဲ့အတိုင်း မလုပ်ပေးနိုင်ပါဘူး၊ ဒီကိစ္စတွေ ပြောဖို့ဆိုရင်တော့ ကင်း ကျွန်မဆီ မလာတာ ပိုကောင်းလိမ့်မယ်၊ ကျွန်မ ကင်းကို တွေ့ချင်ပေမယ့် ဖြူနဲ့ပတ်သက်တာ မကြားချင်ဘူး"

သူမက သူ့ကို လှပစွာ နှင်ဖို့ကြိုးစားနေပြန်သည်။

"ကျုပ် ... ငါမှားတာ၊ ငါမှားတာ၊ မင်းနဲ့ ပတ်သက်ခဲ့မိတာကိုက ငါမှားတာ၊ ငါ့ဘဝတစ်ခုလုံး ဖောက်ထိုးမှိုးမျှော် ဖြစ်ရလောက်အောင်ကို မှားတာ"

သူ စိတ်ပျက်စွာ ရေရွတ်နေမိစဉ် သူမက သက်ပြင်းဖျော့ဖျော့ကို အသာလေး ချလိုက်ပြီး ...

"ကောင်းပြီလေ၊ ကျွန်မ ကင်း အတွက် တောင်းပန်ပေးပါ့မယ်၊ ဒါပေမဲ့ ဖြူ့ဘက်က လက်ခံမခံတော့ ကျွန်မလည်း မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမကို ကျေးဇူးတင်မိပေမယ့် အသာတကြည့်ရသော လိုက်လျောမှုမျိုး မဟုတ်၍ သူ မတင်ချင်ဘော့။

"အိုကေ ... မင်း ကတိတည်ရမယ်နော် ခေါင်းဖန်ဝါ"

သူမက ခေါင်းညိတ်လိုက်ပြီး ...

"ကျွန်မ ကတိတည်ရင်ရော၊ ကင်း ဘာလုပ်ပေးမလဲ"

သူမ တောင်းဆိုပုံက အလျော်အစားသဘော နိုင်လွန်းလှသည်။

"ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး ခေါင်းဖန်ဝါ၊ ကျွန်တော်တို့က ထပ်မဆုံသင့်တဲ့ လူတွေပဲလေ"

သူ့စကားအဆုံး သူမက တစ်စက်ပြုံးသည်။

သူမ အပြုံးက တစ်လောကလုံးကို အရှုံ့တိုက်ချင်သည့် အပြုံးမျိုးဖြစ်သည်။

♥ — ♥





ဖြူဘက်က နေ့စပ်ပွဲကို ရွှေ့ဆိုင်းသည်ဆိုသော အကြောင်းကြားချက်ကို ကြားရစဉ် သူ အံ့ဩသွားသည်။

သူ့ကိုချစ်သည့် အချစ်ကြောင့် ဖြူ သူ့ကိုစွန့်လွှတ်နိုင်လိမ့်မည် မဟုတ်ဟု တွေးထင်ထားခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ သား"

သူ့အမေက အံ့ဩတကြီး မေးလာစဉ် သူ ဘာဖြေရမည်မသိ။

သူ ငြိမ်နေသည့်အတွက် မေမေက ...

"မင်းဘက်က အမှားကြောင့်ပဲ ဖြစ်မယ်၊ ပြောစမ်းပါဦး နိုင်းတုကာင်း၊ မင်းနဲ့ဖြူ ဘာဖြစ်ထားကြလဲ"

သူ့ရင်ထဲ ဝမ်းနည်းနေသလိုလို ခံစားနေတာမို့ ဘာမှမဖြေချင်။



www.burmeseclassic.com

www.burmeseclassic.com



"သား မှားတာပါ၊ ဘာဖြစ်လို့လဲလို့တော့ ဆက်မမေးပါနဲ့တော့ မေမေ၊ သားကိစ္စကို သား ရအောင်ဖြေရှင်းပါ့မယ်"

သူ့အမှားပါလို့ စွပ်စွဲစဉ်က မေမေက ဘာမှမပြစ်၊ သူ ဝန်ခံလိုက်တော့မှ မေမေက အံ့သြတုန်လှုပ်သွားပြီး ...

"မင်း ဘာတွေရှုပ်ထားလို့လဲ နိုင်းတုကင်း၊ မေမေတို့ ဂုဏ်သိက္ခာ ထိခိုက်မယ့်ကိစ္စမျိုးတော့ မဟုတ်လောက်ပါဘူးနော်"

သူ မေမေ့ကို ထပ်မရှင်းပြနိုင်တော့။

ဆုံးရှုံးမှုကြီးကြီးတစ်ခုကို ရင်ဆိုင်လိုက်ရသလို လှိုက်ဟာဝမ်းနည်းလွန်းနေသည်။

"နိုင်းတုကင်းရယ် ... သဒ္ဒါဖြူ စိတ်ထိခိုက်ရလောက်အောင် မင်း ဘာတွေများ လုပ်ခဲ့တာပါလိမ့်"

မေမေက မျက်စိမျက်နှာ အကြီးအကျယ် ပျက်နေသည့် သူ့ကို စိတ်ပျက်အားလျော့စွာပြောပြီး ထထွက်သွားသည်။

ဆိုင်ရောက်တော့လည်း လေးလေးက သူ့ကိုမေးပြန်သည်။ သူ့ဆီက တိကျသည့်အဖြေကို မရသဖြင့် လေးလေးက ...





"မိန်းကလေးတစ်ယောက် သိပ်ချစ်လွန်းပြီး ခွင့်မလွှတ်နိုင်တာဆိုရင် နှလုံးသားကိစ္စပဲဖြစ်မယ်၊ မင်း ဖြူ့အပေါ် ဘာတွေသစ္စာဖောက်ခဲ့လဲ ငါ့တူ"

ဆံုးလေး စကားက မှန်နေပေမယ့် သူ ဝန်မခံချင်။ သူ့စိတ်ရဲ့ ဓာတ်တာတွေဝေသာယာမှုကို ဖောက်ပြန်မှုတစ်ခုအဖြစ် သူ မသတ်မှတ်ချင်။

"ကျွန်တော် ဖြူ့ကိုချစ်ပါတယ် လေးလေး၊ ဖြူကလွဲပြီး ကျွန်တော် ဘယ်သူ့ကိုမှလဲ လက်မထပ်နိုင်ပါဘူး၊ ဒါပေမဲ့"

သူ ဆက်မပြောဖြစ်တော့ဘဲ ရပ်လိုက်စဉ် လေးလေးက ဒေးရီဆွေးမြည့်စွာပြုံးပြီး ...

"ကိုယ်ချစ်တဲ့သူနဲ့ ကြည်ကြည်ဖြူဖြူ လက်တွဲခွင့်ရှိနေတဲ့ ဘဝကို မဖျက်ဆီးချင်ပါနဲ့ ကလေးရာ"

အမြဲတမ်း လက်လျှော့ ဝမ်းနည်းနေတတ်သည့် လေးလေးစကားက ခုချိန်မှာ အသုံးမဝင်တော့ဟု မပြောချင်တော့။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အကြိမ်ကြိမ် ဖုန်းဆက်တယ်၊ ဒါပေမဲ့ ကင်းရဲ့ဖြူက ဖုန်းမကိုင်ဘူး၊ ကျွန်မ ဖုန်းနံပါတ်တွေ့တာနဲ့ ဖုန်းပိတ်ပိတ်ပစ်လိုက်တယ်"

သူမက သူ့အတွက် ကော်ဖီလာချပေးရင်း ပြောသည်။

ဖြူနဲ့ပတ်သက်ပြီး မေးစရာရှိ၍ လာရခြင်းသာဖြစ်၍ သူမနဲ့ အရင်ကလို စကားလက်ဆုံ ပြောချင်စိတ်မရှိတော့။

ရွှေအိုရောင်ရဲ့အနံ့သင်းသင်းက သူ့ရဲ့အာခေါင်ကို မစိုစွတ်စေနိုင်တော့။

"ဟုတ်တယ်၊ ဖြူက ကျွန်တော်နဲ့ ဆေးစပ်မယ့်ကိစ္စကို ရွှေ့လိုက်တယ်"





စိတ်ပျက်စွာ သူ ပြောလိုက်စဉ် သူမက ခုံနောက်မှီပေါ် ကိုယ်ကိုမှီချ၍ လက်ပိုက်ထားလိုက်ပြီး ...

"ဆေးစပ်မယ့်ကိစ္စကို ရွှေ့လိုက်တာပဲ၊ ဖျက်လိုက်တာမှ မဟုတ်တာ၊ ဒီလောက် စိတ်ပျက်နေစရာလား"

ကိုယ်တိုင် ခံစားဖူးမှ သိမှာပါလို့ ရွဲ့ပြောချင်ပေမယ့် မပြောဖြစ်တော့။

"ကျွန်မဆို ဆေးစပ်မယ့်ကိစ္စကို အဖျက်ခံရတာ"

သူမဆီက ခပ်တိုးတိုး ရေရွတ်ပြောလိုက်သံကို ကြားရသည်။

သူမနဲ့ ရင်းနှီးစဉ်ကာလတစ်လျှောက်လုံး ဒီကိစ္စကို ပြောသံမကြားရ။

အရင်ကဆိုရင်တော့ စိတ်ဝင်တစားနဲ့ မေးမိဦးမည်။ အခုတော့ သူမဆီက ခံစားမှုတစ်ခုကို မျှဝေမခံစားချင်တော့။

"ကျွန်မက တောင်းပန်ရင်းပြုရမယ့်လူနော်၊ ဒီထက်ပိုပြီး ကျွန်မ အောက်ကျနောက်ကျ မခံနိုင်တော့ဘူး၊ ကင်းကို ကတိပေးထားတဲ့ကိစ္စ ကျွန်မ ဆက်မလုပ်နိုင်တော့ဘူး"

သူမက သူ့ဆီက နောက်ထပ်တောင်းဆိုမှုကို ကြိုမြင်နေသည့်နှယ်။ ကြိုပြီးကန့်ထားတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူချင်းတွေ့ပြီး ရှင်းပြလိုက်ပါလား၊ မြူးက လူတစ်ယောက်ကို မောင်းထုတ်ရလောက်အောင် မရိုင်းတတ်ပါဘူး"

သူမ မျက်ခုံးနှစ်ခုက မခံချိမခံသာပုံစံနဲ့ တွန့်ချိုးသွားပြီး ...

"အသံတောင် မကြားချင်တဲ့သူဆီကို ကျွန်မက မျက်နှာပြောင်တိုက်ပြီး၊ လူတစ်ကိုယ်လုံး သွားပြရမှာလား"

သူမစကား မှန်ပေမယ့် ဒီကိစ္စအတွက် သူမမှာ တာဝန်ရှိသူဖြစ်၍ သူမ ဒီလောက်လုပ်ပေးသင့်တယ်လို့ သူ မြင်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ခေါင်းဖန်ဝါ၊ မြူ့ကို လူကိုယ်တိုင်တွေ့ပြီး ရှင်းပြပေးပါ"

မလွယ်မှန်းသိပေမယ့် သူ နောက်မဆုတ်နိုင်။

သူကိုယ်တိုင် အကြိမ်ကြိမ် သွားတွေ့ပေမယ့် အတွေ့မခံသည့် မြူ့ကို သူ့မှာ ရှင်းပြခွင့်မရှိ။

"ကင်း"

သူမအသံက နူးညံ့တိုးလျစွာ။

သူ အံ့ဩစွာ ကြည့်လိုက်စဉ် ...





"ကင်း ... ကင်းအတွက် ကျွန်မက ဘယ်လိုနေရာမျိုးလဲ"

သူမအသံက ထူးထူးခြားခြား ကြေကွဲနာကျင်သံမျိုး ပေါက်နေသည်။

"ကျွန်မက ကင်းအတွက် ဘယ်နေရာလဲဟင်"

သူမကို သူ အံ့ဩတကြီး ကြည့်နေမိသည်။

"ဖြေပါ ကင်း။ ကျွန်မအတွက် ကင်းရဲ့အဖြေက အရေးကြီးလို့ပါ"

သူမက သူ့ဆီက အတင်းအကျပ် တောင်းဆိုနေတာမို့ သူ သက်ပြင်းချလိုက်ပြီး ...

"ပြင်းပြင်းရှရှနဲ့ ကျွန်တော် နှစ်သက်ခဲ့ဖူးတဲ့ ဟောဒီကော်ဖီတစ်ခွက်လိုပဲ"

သူမ ပြုံးသည်။

နှစ်သက်ကြည်နူးတဲ့ အပြုံးလား။

သူမကိုယ်သူမ အားပေးနှစ်သိမ့်တဲ့ အပြုံးလား။

သူမ အပြုံးတွေ ထူးဆန်းနေသည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပ်မသောက်နဲ့တော့ နှင်းတုကင်း၊ အပြန် ကားမောင်းရဦးမှာ"

ကောင်းနိုင်ကိုခေါ်ပြီး ဘီယာဆိုင် သွားထိုင်စဉ် စထွက်လာခဲ့တုန်းက ဘီယာသောက်မည်ဟု စိတ်ကူးခဲ့သော်လည်း ဆိုင်ရောက်စဉ် ဘီယာမသောက်ချင်တော့။

ကောင်းနိုင် တားတဲ့ကြားက သူ **Redlebel** မှာ သောက်လိုက်သည်။

အရက်သောက်တာ လုံးဝမကြိုက်သော ဖြူ့ကို သတိရနေသည့်ကြားက သူ ဆက်သောက်နေဖြစ်သည်။

ဖြူ့ကို နာကြည်းရမှာလား။

ဒါမှမဟုတ် တစ်လောကလုံးကို ဒေါသဖြစ်ရမှာလား။





နောက်ဆုံး သူ့အတွက် ကံဆိုးခြင်းတွေကို သယ်ဆောင်လာတဲ့ သူမကို စိတ်တိုရမှာလား။

အားလုံးကို သူ မေ့ထားလိုက်ချင်သည်။

မှုးမှုးမေ့မေ့နဲ့ အားလုံးကို လျစ်လျူရှုထားလိုက်ချင်သည်။

ဒါပေမဲ့ ဖြူ မပါ။

ဖြူမပါဘဲ သူ ရှင်သန်နေ၍မရ။

ခွင့်လွှတ်ပါ ဖြူရယ်။

ကိုကို ခွင့်လွှတ်ပါ။

"ဖြူ့ဆီ သွားမယ်"

သူ သောက်နေရာက ဖြုန်းခနဲ ထရပ်ပြီး ပြောလိုက်စဉ် ကောင်းနိုင်က ...

"မင်းကိုယ်မင်းတောင် ငြိမ်အောင်မရပ်နိုင်ဘဲနဲ့ ဘယ်လိုကားမောင်းမှာလဲ"

သူ တကယ် ဖြူ့ကို တွေ့ချင်လာသည်။

သူမကိုပါ ဖြူ့ဆီခေါ်သွားပြီး ဖြူကျေနပ်သည့်အထိ ဖြူ့ကို တောင်းပန်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူ ခွင့်မလွှတ်မချင်း ဖြူဆီက မပြန်ဟုပါ ဆုံးဖြတ်လိုက်သည်။

"ငါ ဖြူ့ဆီသွားမယ်"

သူ စားပွဲပေါ်က ကားသော့ကို လှမ်းယူလိုက်ပြီး ဆိုင်ထဲက ကမူးရှူးထိုး ထွက်လာခဲ့လိုက်သည်။

"ဟာ ... ဟော့ကောင် နိုင်းတုကင်း၊ ငါ့ကို စောင့်ဦးလေ၊ စားပွဲထိုးတွေ ပိုက်ဆံရှင်းမယ်၊ လာကြဦး"

ကောင်းနိုင် ·အသံကို ကြားရပေမယ့် သူ မစောင့်ဖြစ်တော့။

ကားတွေကို သဲသဲကွဲကွဲ မမြင်၊ ကားမီးလုံးအရောင်တွေက တစ်ခုပြီးတစ်ခု ရိပ်ခနဲ ရိပ်ခနဲ။

သူမရှိရာနေရာကို ရောက်သွားစဉ် ထုံးစံအတိုင်း အစောင့်က ကားရပ်၍မရဟု ပြောပြန်သည်။

"ခဏပဲ၊ ငါ အခုပြန်လာမှာ"

တားနေသည့်ကြားက သူ ခြံတံခါးထဲ ဇွတ်ဝင်လိုက်သည်။

သူမ အခန်းတံခါးကို ထုလိုက်စဉ် သစ်သားတံခါးရဲ့ ချောင်းကြည့်ပေါက်လေး ဦးစွာပွင့်လာသည်။





ပြီးတော့ တံခါးက ဖြည်းညင်းစွာ။

သူမ တံခါးက ဆီမထည့်တာကြာ၍ထင် ကျွီခနဲ အသံကို ကြားရပြီး ခေါင်းပိုမှူးလာသည်။

တံခါးပေါက်ကို လက်ထောက်ရပ်နေသော သူမ။

သူမ ဝတ်ထားတာ ညဝတ်အင်္ကျီကြီးလား။

အိမ်နေရင်း ဂါဝန်ရှည်ကြီးလား မသဲကွဲ။

"ကင်း ဘာဖြစ်လာတာလဲ"

"ခေါင်းဖန်ဝါ ကျွန်တော်တို့ ဖြူ့ဆီသွားရအောင်"

သူ့လျှာတွေက လေးလိုက်တာ၊ စကားပြောရဘာ ပင်ပန်းလိုက်တာ။

သူ အိပ်လိုက်ရင် ကောင်းမလား။

ဟင့်အင်း ... သူ အိပ်လို့မဖြစ်ဘူး၊ ဖြူ့ဆီ သွားရမယ်။

"ကင်း အရက်တွေ သောက်လာတာ ထင်တယ်၊ လာ ... လာ ... ကျွန်မ ကင်း အမူးပြေအောင် လုပ်ပေးမယ်၊ အထဲဝင်ဦး"

သူမကို တွန်းတိုက်ပြီးမှ သူ အထဲရောက်သွားသည်။

သူမအခန်းကလည်း မှောင်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖွင့်လိုက်ပါလား ဒေါင်းဖန်ဝါ။

မဟုတ်သေးပါဘူး၊ မီးဖွင့်ထားတာပဲ၊ မီးကို သူမက ခပ်မှိန်မှိန်လေး ဖွင့်ထားတာပဲ။

သူ့စိတ်ထဲက ပြောနေတဲ့ စကားတွေ အပြင်ထွက် မထွက် သူ မသိ။

မှုးလိုက်တာ။

သူမ အထဲဝင်သွားတာ ကြာလှချည်လား။ ဟော... ဟိုမှာ သူမ ထွက်လာပြီ။

သူမ လက်ထဲမှာ ဘာလဲ၊ ကော်ဖီခွက်လား။

သူ ကော်ဖီမသောက်ချင်။

သူ မျက်လုံးတွေပိတ်ပြီး ခဏလေး နားချင်သည်။

ခဏလေး နားပြီးရင် ဖြူ့ဆီ လာမယ်နော်။

ဒေါင်းဖန်ဝါရေ ဖြူ့ဆီ လိုက်မယ် မဟုတ်လား။

ဖြူ့ဆီ သွားမယ်နော် ...

ဖြူ့ဆီ ...

ဖြူ ...။

♥ ➡ ♥





တဆစ်ဆစ် ထိုးကိုက်နေသည့်ခေါင်းက ထူမရအောင် လေးလံလွန်းနေသည်။

ခပ်ကျဲကျဲ တိုးဝင်နေတဲ့ အလင်းရောင်က မှေးပိတ်ထားတဲ့ သူ့မျက်လုံးတွေထဲ အလုအယက်ဝင်ဖို့ ကြိုးစားနေသည်။

သူ့ကျောအောက်က အိပ်ရာအထိအတွေ့၊ ပြီးတော့ သူ ရနေကျမဟုတ်တဲ့ အနံ့တစ်မျိုး၊ ပန်းနံ့လိုလို ပရုတ်နံ့ဖျော့ဖျော့လိုလို။

ဒါ ... ဒါ ... ဘယ်နေရာလဲ။

မျက်လုံးတွေကို အားစိုက်ဖွင့်လိုက်စဉ် မျက်နှာကြက်ဝါဖျော့ဖျော့ကို အရင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေကို ဘေးဘက်ရွှေ့လိုက်စဉ် မှန်တင်ခုံ ခရမ်းရောင်တစ်ခု၊ ပြီးတော့ အခန်းနံရံတွေ အားလုံးက ခရမ်းရောင်။

သူ ဘယ်ရောက်နေတာလဲ။

ညက အဖြစ်ကို ပြန်စဉ်းစားစဉ် သဲသဲကွဲကွဲ သူ မစဉ်းစားနိုင်။

သူ့အာရုံထဲမှာ ခပ်ရွှဲရွှဲ ရပ်နေတဲ့ အမျိုးသမီးအရိပ် တစ်ခု၊ ဖြူလား။

နံရံပေါ်က ထိုက်ကျိကစားနေတဲ့ သားအဖနှစ် ယောက်ဓာတ်ပုံကို မြင်ရစဉ်၊ သူ မှားယွင်းမှု အခန်းတစ်ခုထဲမှာ ရောက်နေတာ သိလိုက်သည်။

သူ အိပ်ရာထဲမှ လူးလဲထလိုက်စဉ် အခန်းတံခါး ခေါက်သံ ကြားရပြီး သူမအသံ ပေါ်လာသည်။

"ကင်း ... နိုးနေပြီလား"

သူ ဘာမှပြန်မဖြေခင် တံခါးဖွင့်သံ ကြားရပြီး သူမ ဝင်လာသည်။

"ကျွန်တော် ဘယ်လိုလုပ်ပြီး ဒေါင်းဖန်ဝါ အခန်းထဲရောက် နေတာလဲ"





သူ ထိတ်လန့်တကြား ဖြစ်နေသေမယ့် သူမက သွေးအေးစွာ ...

"ညက ကင်း အရက်တွေမူးပြီး ရောက်လာတာလေ"

ညက ဘာတွေဖြစ်ခဲ့လဲ သူ မမှတ်မိ။

"ကျွန်တော်တို့ ဘာမှမဖြစ်ပါဘူးနော်"

သူမက ခပ်ရွှဲရွှဲပြုံးသည်၊ ပြီးမှ ...

"အပြင်မှာ ကင်းမီဘတွေနဲ့ ဖြူ ရောက်နေတယ်"

ဘုရားရေ ... ဘယ်လိုတွေ ဖြစ်ကုန်တာလဲ။

သူ ဧည့်ခန်းထဲကို ကမန်းကတန်း ရောက်သွားစဉ် ...

ဖြူ့ကို မေမေက မေးဖက်ထားပြီး ဖြူ့ကိုယ်လေး က တသိမ့်သိမ့် လှုပ်နေသည်။

ဖြူ ငိုနေတာလား။

သူ့ကိုမြင်သည်နှင့် ဖေဖေက ထိုင်နေရာက ထ,လာ ပြီး သူ့ကို ဆွဲထိုးလိုက်သည်။

မထင်ထားမိ၍ သူ ရှောင်ချိန်မရလိုက်။

ခေါင်းမူးနေသေးသည့် အရှိန်လည်း ကျန်နေသေး၍ ကြမ်းပေါ်ပစ်လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြမယ်"

သူ့အဖေက သူ့အမေကို ပြောလိုက်သံ ကြားရပြီး ဖြူနဲ့မေမေက ချည့်နဲ့စွာ ထရပ်လိုက်ကြတာ တွေ့ရသည်။

"သား ရှင်းပြတာ နားထောင်ပါဦး ဖေဖေနဲ့ မေမေ၊ ဖြူ... ကို ရှင်းပြပါရစေဦး"

ဖြူက ငိုရလွန်း၍ နီအစ်ရဲတွတ်နေသော မျက်နှာလေးနဲ့ ခေါင်းခါတာ တွေ့ရသည်။

"ဦးလေးတို့ဘက်က သားရဲ့မိုက်မဲမှုအတွက် တာဝန်ယူပေးပါ့မယ်"

ဖေဖေ့စကားက ဘာစကားလဲ။

သူ့အတွက် ဘာတာဝန် ယူပေးရမှာလဲ။

"ကျေးဇူးတင်ပါတယ် ဦး"

သူမကရော ဘာတွေ ကျေးဇူးတင်နေတာလဲ။

သူ အားလုံးကို နားမလည်စွာ လိုက်ကြည့်နေမိသည်။

သူ ဆက်တီပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်စဉ် သူမက သူ့ဘေးနား ဝင်ထိုင်လိုက်ပြီး ...





"ကျွန်မတို့ လက်ထပ်ရအောင် ကင်း"

သူ သူမကို အံ့သြတကြီး ထိတ်လန့်တကြီး ကြည့်လိုက်မိသည်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဘာတွေဖြစ်ခဲ့လဲ ဒေါင်းဖန်ဝါ"

အားလုံး ပြန်သွားစဥ် သူ လိုက်မပြန်ဖြစ်သေးဘဲ သူမနဲ့စာရင်းရှင်းရန် ရင်ဆိုင်လိုက်သည်။

"ကျေးဇူးပြုပြီး ဒီမေးခွန်းကို မမေးပါနဲ့ ကင်း၊ ကျွန်မသိက္ခာကို လေးစားရင်ပေါ့"

သူမစကားက သူမကိုယ်သူမ သိပ်အရောင်တင်လွန်းနေသဖြင့် ...

"သိက္ခာ... ဟုတ်လား၊ ယောကျ်ားတစ်ယောက်ကို အတင်းဆွဲထားတာက သိက္ခာရှိတဲ့မိန်းမအလုပ် ဟုတ်လို့လား"

သူမ မျက်နှာပေါ်မှာ နီပုပ်ပုပ် အရောင်တစ်မျိုး ဖြတ်ပြေးသွားသည်။

ဒါပေမဲ့ သူမ ခေါင်းမာစွာ ပြုံးနေဆဲ ...





"ကင်းကို ကျွန်မဆီလာပါလို့ မနေ့ညက ကျွန်မ ခေါ်ခဲ့သလား၊ ကျွန်မဘေးမှာ ရှိနေပါလို့ရော မနေ့ညက ကျွန်မ တောင်းဆိုခဲ့သလား၊ အားလုံး ကင်းသဘောနဲ့ကင်း လုပ်ခဲ့တာတွေချည်းပဲလေ"

သူမ စကားတချို့တစ်ဝက်ကတော့ မှန်နေပေမယ့် သူ့အမှား လုံးလုံးကြီး မဟုတ်တာလည်း သူ ယုံကြည်နေသည်။

"ထားပါတော့၊ ငါ မှားတယ်ပဲ ထားဦး၊ ငါ့မိဘနဲ့ဖြူက ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"တစ်ညလုံးလည်း ကင်းဖုန်း မြည်တယ်၊ မနက်စောစောလည်း ကင်းဖုန်းကို သူတို့ခေါ်နေကြတယ်၊ မိုးလင်းမှ အရမ်းဖုန်းခေါ်လွန်းတာနဲ့ ကျွန်မ ဖုန်းကိုင်လိုက်တာ၊ သူတို့က ကင်း ဘယ်မှာရှိနေလဲဆိုလို့ ကျွန်မ ပြောပြလိုက်တာ"

သူမရဲ့စကားထဲမှာလည်း သူမ အမှားကင်းနေသယောင်ယောင်။

"အဲဒါနဲ့ ကင်းမိဘတွေ ရောက်လာပြီး၊ ကင်းအမေကတော့ ကျွန်မကို စကားမပြောဘူး၊ ကင်းအဖေကပဲ ညက ကင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်မနဲ့ အတူရှိနေတဲ့အတွက် မိကောင်းဖခင်သားသမီး ပီသအောင် ကင်းကို တာဝန်ယူခိုင်းမယ်တဲ့"

သူမ စကားက သူ့ကို ချည်ပြီးတုပ်ပြီး ဖြစ်နေသည်။

"မင်း ဘာတွေပြောလိုက်လို့ ဖေဖေက ဒီလိုဆုံးဖြတ်ရတာလဲ"

သူမက ခနိုးခနဲ့ ပြုံးသည်။

သူမအသွင်က သူ တစ်ညလုံး ရှိခဲ့တဲ့ကိစ္စအပေါ် နည်းနည်းမှ စိတ်အနှောင့်အယှက်ဖြစ်သည့်ပုံ မပေါ်။

"ဘာမှမပြောပါဘူး၊ ဦးလေး သားကတော့ ကျွန်မအခန်းထဲမှာ တစ်ညလုံး ရှိနေခဲ့တယ်လို့"

သူမ စကားမဆုံးခင် သူ့နားတွေကို ခပ်တင်းတင်း ဖိပိတ်ထားလိုက်သည်။

"တော်တော့ ဒေါင်းဖန်ဝါ ... တော်တော့၊ မင်း ငါ့ဘဝ တစ်ခုလုံးကို ဖျက်ဆီးလိုက်တာပဲ"

သူမက သူ့ကို သရော်မျက်လုံးများနဲ့ လှမ်းကြည့်နေပြီး ...





"ကျွန်မအခန်းထဲ ကင်း ရောက်ခဲ့တာပါ ကင်းရဲ့၊ ကင်းအခန်းထဲ ကျွန်မ တိုးဝင်ခဲ့တာ မဟုတ်ပါဘူး"

သူ ဘာကိုမှ မကြားချင်တော့။

မျက်နှာကို လက်ဖဝါးနဲ့အုပ်ပြီး သူ ငိုချလိုက်ချင်သည်။

"မဖြစ်စေရဘူး၊ မင်းစိတ်တိုင်းကျ မဖြစ်စေရဘူး"

သူ အရူးတစ်ယောက်လို အော်ဟစ်ပြီး သူမအနားက ပြေးထွက်လာခဲ့လိုက်သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူ ထင်ထားသည်ထက် ဖြူက သူ့ကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်တာ တွေ့ရသည်။

အရင်က တွေ့ခွင့်မပေးသည့် ဖြူက အခု သူ့ကို ကြည်ဖြူစွာ တွေ့ခွင့်ပေးသဖြင့် သူ အံ့ဩနေစဉ်မှာပင် ...

"ကို ... ဒေါင်းဖန်ဝါကို လက်ထပ်ပါ"

ဖြူ့စကားကြောင့် သူ့တစ်ကိုယ်လုံး ကျင်စက်နဲ့ အတို့ခံရသလို ထုံကျင်တုန်လှုပ်သွားသည်။

"ကို သူ့ဆီသွားတယ် ဆိုကတည်းက ကို့မသိစိတ်ရဲ့စေနိုင်းမှုကြောင့်ပဲ၊ သူကလည်း ကို့ကို ကြည်ကြည်ဖြူဖြူလက်ခံတယ်၊ ကို့အတွက် သူ လိုအပ်ပါတယ်"

ဖြူက မျက်ဝန်းအေးကလေးဖြင့် သူ့ကို ကြည့်နေသည်။





ဒီလောက် တည်ငြိမ်အေးချမ်းတဲ့ မိန်းကလေးကို စွန့်လွှတ်ပြီး မာယာတွေနဲ့ ပြင်းရှတဲ့ သူမကို လက်ထပ်ရမှာလား။

"ကို ပြန်မလာတဲ့ညက ကို့မေမေ ဖြူ့ဆီ ဖုန်းဆက်တယ်၊ ကောင်းနိုင်နဲ့ အတူထွက်သွားပြီး၊ ကောင်းနိုင်က ဖြူ့ဆီ သွားမယ်ဆိုလို့ ကို ဖြူ့ဆီရှိနေလားဆိုပြီး ဆက်တာ"

"ဟုတ်တယ်လေ၊ ကို ဖြူ့ဆီကိုလာဖို့ ဒေါင်းဖန်ဝါကို ဝင်ခေါ်တာ၊ ဖြူက ကိုနဲ့ ဒေါင်းဖန်ဝါကို အထင်လွဲနေတာ မဟုတ်လား၊ အဲဒီအတွက် ကို ဒေါင်းဖန်ဝါဆီ သွားခဲ့တာပါ"

ဖြူက နှမ်းယှဲ့စွာ ခေါင်းခါပြီး ...

"ဖြူတို့ တစ်ညလုံး စိတ်ပူနေချိန်မှာ ကိုက ဒေါင်းဖန်ဝါရဲ့ရင်ခွင်မှာ မှေးမိုတ်နေခဲ့ပြီပဲ၊ ကို့ကို ဒေါင်းဖန်ဝါ ပိုင်သွားပါပြီ။ ဒါကြောင့် ဖြူတို့ လမ်းခွဲရအောင် ကို"

ဖြူ့အသံလေးက တိုးညင်းတုန်ခါလျက် ...

ဒီစကားတွေကို ဖြူ ဘယ်လိုနာကျင်ဝမ်းနည်းမှုတွေနဲ့ရင်းပြီး ပြောရလဲဆိုတာ သူ နားလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနဲ့ သူ့ဘာမှမဖြစ်ခဲ့ဘူး၊ ကို သူနဲ့လက်မထပ်နိုင်ဘူး၊ ကို ဖြူ့ကိုပဲ ချစ်တာပါ ဖြူရယ်"

သူ ဖြူ့ကို ဝမ်းနည်းကြေကွဲစွာ တောင်းပန်နေမိသည်။

တဆတ်ဆတ် တုန်နေသည့် ဖြူ့လက်ချောင်းလေးတွေကို ဆုပ်ကိုင်လိုက်စဉ် ဖြူက လူးလွန့်ရုန်းထွက်လိုက်ပြီး ...

"ကို ဖြူ့ဆီ နောက်ထပ်မလာခဲ့နဲ့တော့နော်၊ ကို့ကို ဖြူ ခွင့်လွှတ်ပါတယ်၊ ဖြူ အားလုံးကို နားလည်လက်လျှော့လိုက်ပါပြီ"

ဖြူ့အသံက ကြည်ဖြူစွာ ခွင့်လွှတ်လိုက်သော အသံထက် အားလုံးကို အရှုံးပေးလိုက်သော အသံသာ ဖြစ်သည်။

သူ ဖြူ့ကို တတွတ်တွတ် တောင်းပန်နေပေမယ့် သူ ဖြူ့လက်တွေကို အားကိုးတကြီး ဆုပ်ကိုင်ဝမ်းနည်းနေပေမယ့် ဖြူက အေးစက်ထုံကျင်စွာနဲ့ ခံစားမှုအားလုံးနဲ့ ဝေးရာကို ဖြူက တဖြည်းဖြည်း ထွက်ခွာနေသည်။

♥ → ♥





## အခန်း(၂)

မကြိတ်ရသေးတဲ့ ကော်ဖီစေ့လေးတွေကို လက်ဖြင့် ခပ်ဖွဖွ ထိုးကစားရသည့် အရသာကို သူမ ဘယ်တုန်းကတည်းက နှစ်သက်ခဲ့ပါလိမ့်။

အဲဒီလိုပဲ ... သူမ နှစ်သက်မှန်းမသိ နှစ်သက်ခဲ့တဲ့ ကိစ္စတွေက အများကြီးပဲ။

သူမ နှစ်သက်ခဲ့တဲ့ ကိစ္စတိုင်းက သူမအတွက် အန္တရာယ်မဖြစ်တဲ့ ကိစ္စတွေချည်း ဖြစ်ခဲ့ပေမယ့် ကင်းကို နှစ်သက်ခဲ့ရခြင်း ကိစ္စမှာတော့ သူမအတွက် အန္တရာယ်ကြီးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုတွေနဲ့ အေးခဲအသားကျနေတဲ့ သူမဘဝထဲကို ကင်းက သိသိသာသာ ဝင်ရောက်ခဲ့ပြီး သူမစိတ်တွေကို မသိမသာ စိုးမိုးလာခဲ့သည်။

ကင်းအပေါ်ကို သူမ နှလုံးသားတစ်ခုလုံး မြှုပ်နှံပြီး မချစ်ရဟု ဆုံးဖြတ်ထားသည့်ကြားက ကင်းဆီမှာ သူမ လုံးဝကျရှုံးခဲ့သည်။

ကင်းနဲ့ သူမ မဖြစ်နိုင်ဟု လက်ခံယုံကြည်ထားသည့်ကြားက ကင်းကို ပိုင်ဆိုင်လိုလာသည်။

သူမအတွက် ယောကျ်ားတွေက ကော်ဖီစေ့တွေလောက် စိတ်ဝင်စားစရာ မကောင်းဟု ယုံကြည်ထားသည့် သူမအတွေးအခေါ်တွေ အားလုံးကို ကင်းက ချေပခဲ့သူဖြစ်သည်။

ခုလောက်ဆို ကင်းတစ်ယောက် ကြေကွဲဝမ်းနည်းနေမလား။

အင်းလေ ... သူမလည်း အမြဲတမ်းကြေကွဲဝမ်းနည်းနေခဲ့ရသူပဲ။

ကင်းမှာက နှစ်သိမ့်အားပေးမယ့်လူတွေ ရှိသေးသည်။ သူမမှာက ...





နံရံပေါ်က ဖေဖေ့ဓာတ်ပုံကို ကြည့်လိုက်စဉ် ဖေဖေက နွေးထွေးစွာ ပြုံးပြနေသည်။

ဖေဖေ့ဆီက ဒီအပြုံးတွေ ပျောက်ဆုံးစေခဲ့တဲ့သူတွေအခု သူတို့ဆီက ဒီအပြုံးမျိုးကို သူမ ပြန်ပြီးခြွေယူနိုင်ခဲ့ပြီလေ။

ဒါပေမဲ့ အမြဲတမ်း ကြင်နာမှုတွေနဲ့သာ အလျှော့ပေးတတ်တဲ့ ဖေဖေက သူမ လုပ်ရပ်အတွက် ကျေနပ်အားရနိုင်ပါ့မလား။

ဖေဖေ သူမကို အပြစ်တင်နေမှာလား။

ခွင့်လွှတ်ပါ ကင်းရယ်၊ ကင်းက မထင်မှတ်ဘဲ ပစ်မှတ်တစ်ခုအဖြစ် ကျွန်မဆီ ရောက်လာတာပါ။

အတွေးတွေနဲ့ လုံးချာလည်နေတဲ့ သူမရှေ့ကို ကင်းက ဘွားခနဲ ရောက်လာပြန်သည်။

ညှိုးသိုးသိုး ဖိုသီဖတ်သီ ဖြစ်နေတဲ့ ကင်းပုံစံက လောကကြီးတစ်ခုလုံးနဲ့ အဆင်မပြေ ဖြစ်နေသည့်ပုံနှယ်။

ထိုင်နေတဲ့ သူမရှေ့မှာ မားမားကြီး မတ်တတ်ရပ်လျက် ...

"ကျွန်တော် ဘာလုပ်ပေးမှ ဒေါင်းဖန်ဝါ ကျေနပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကင်း မျက်လုံးတွေက နီရဲပြီး နှုတ်ခမ်းတွေလည်း ခြောက်သွေ့လွန်းနေသည်။

"ရေအရင်ချိုးလိုက်ပါလား ကင်း၊ ကင်းစိတ်တွေ လန်းသွားတော့မှ ပြောကြတာပေါ့"

ကင်းက နှုတ်ခမ်းကို ကွေးညွတ်ကျသွားအောင်မဲ့ပြီး ...

"ကျွန်တော့်စိတ်ဓာတ်တွေကို ဒေါင်းဖန်ဝါ ညစ်ထေးဖျက်ဆီးပြီးမှတော့ ဘယ်လိုလုပ်လုပ် လန်းလာတော့မှာ မဟုတ်ဘူး"

ကင်းက အားအင်မဲ့နေတဲ့ ခန္ဓာကိုယ်ဖြင့် သူမရှေ့တွင် ရပ်နေဆဲ။

"ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို နာကျင်စေရတာလဲ"

ဖိကြိတ်ထားသည့် နှုတ်ခမ်းကြားမှ ကင်းအသံက ခပ်အက်အက်။

"တို့ ခံစားခဲ့ရသလိုမျိုး ကင်းမိသားစုကို နာကျင်စေချင်လို့၊ ခုချိန်ကစပြီး ကင်းက ဓာတ်လိုက်မဟုတ်တော့ပါဘူး၊





ကျွန်မ ဖြစ်စေချင်တာတွေ ကင်းကြောင့် ဖြစ်လာခဲ့ပြီးပြီဆိုတော့၊ ကင်းအခန်းက ပြီးသွားပြီ၊ အခု ဆက်ပြီးသရုပ်ဆောင်ရမှာက ကင်းမိသားစုပဲ"

ဒီစကားတွေကို သူမ အားရကျေနပ်စွာ ပြောနိုင်ဖို့ ဘယ်လောက်စောင့်ခဲ့ရသလဲ ကင်းရယ်။

"ဘာတွေ ပြောနေတာလဲ၊ မင်း ပြောနေတာတွေ ငါ နားမလည်ဘူး"

ကင်းက တုန်လှုပ်အံ့သြနေသော ပုံစံနဲ့ မေးသည်။

"ကင်း မိသားစုနဲ့ ခုချိန်ထိ မတွေ့ရသေးဘူးလား၊ တွေ့ပြီးသွားရင်တော့ ကင်း ဓာတ်ရည်လည်သွားမှာပါ၊ ဒါမှမဟုတ် ကျွန်မ ရင်နာနာနဲ့ ပြောတာကို နားထောင်မလား"

ကင်း မျက်လုံးတွေက သိချင်စိတ်နဲ့ တောက်ပစူးရဲလျက်။

"ဒီအကြောင်းတွေကို ပြောရလို့ မင်း ရင်နာမယ်ဆိုရင် ကျွန်တော် နားထောင်မယ် ဒေါင်ဖန်ဝါ"

ကင်းက သူမအပေါ် တုံ့ပြန်ဖို့ ဝန်မလေး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ရှက်စွံ့သိမ်ငယ် ဝမ်းနည်းခဲ့ရသော အဖြစ်အပျက်ကို ဘယ်အချိန် ပြန်စဉ်းစားစဉ်းစား ပြန်ရင်နာနေရဆဲ။

ဒီတစ်ခါတော့ သူမ ရင်နာရတာ ကျေနပ်နေသည်။

♥ ➡ ♥





"လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက သိပ်လှတဲ့ ကောင်မလေး တစ်ယောက်ကို ကောင်မလေးထက် ဆယ်နှစ်လောက် အသက်ကြီးတဲ့ လူတစ်ယောက်က ချစ်မိသွားတယ်၊ ကောင်မလေးက အသက်နှစ်ဆယ်တောင် မပြည့်သေးဘူး၊ အချစ်ဆိုတာလည်း ကောင်းကောင်း နားမလည်သေးဘူး၊ ဒါပေမဲ့ ကောင်မလေး ကောင်းကောင်းနားလည်တာ တစ်ခုရှိတယ်၊ သူ့အဖေရဲ့စိတ်ပဲ။ သူ့အဖေက အဲဒီအမျိုးသားရဲ့ နက်ရှိုင်းတဲ့မေတ္တာကို နားလည်လို့ ကောင်မလေးနဲ့ သဘောတူခဲ့တယ်၊ ကောင်မလေးမှာက အမေမရှိလို့ ကောင်မလေးကို သူ့အဖေကပဲ နားချပြီး အဲဒီအမျိုးသားနဲ့ စေ့စပ်ဖို့ စီစဉ်ခဲ့ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ သူမရင်ထဲ ဆို့ကျပ်လာသလိုပင်။ သူမ မျက်လုံးထဲမှာလည်း အဖြူရောင်ဝတ်စုံလေးနဲ့ ကောင်မလေးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားနေတဲ့ မျက်နှာလေးကို မြင်ယောင်နေသည်။

"လူကြီးချင်း ကျေကျေနပ်နပ် စီစဉ်ထားတဲ့ကိစ္စကို ကောင်မလေးက အချစ်မပါပေမယ့် အေးအေးဆေးဆေး လက်ခံပေးခဲ့တယ်၊ ဒါပေမဲ့ ..."

နာရီလက်တံတွေ တရွေ့ရွေ့ လှုပ်ရှားနေတဲ့အသံနဲ့ ဖေဖေ့ရဲ့ အိုမင်းလာတဲ့ မျက်နှာကို မြင်ယောင်လာသည်။

"ဒါပေမဲ့ စေ့စပ်ပွဲကို အဲဒီအမျိုးသားဘက်က မရောက်လာခဲ့ကြဘူး"

သူမ သက်ပြင်းတစ်ခုကို ပင်ပင်ပန်းပန်း ချလိုက်ရသည်။

စိတ်ဝင်တစား နားထောင်နေတဲ့ ကင်း မျက်နှာပေါ်မှာ သဲသဲကွဲကွဲ နားမလည်တဲ့ အရိပ်တွေ ထင်ဟပ်နေဆဲ။

"သိပ်ကျန်းမာပြီး၊ သိပ်စိတ်သဘောထားကောင်းတဲ့ ကောင်မလေးရဲ့အဖေ၊ သိပ်ရှက်သွားတယ်၊ သူ့ဆန္ဒကြောင့် သူ့သမီးလေး အရှက်ကွဲရတာကိုလည်း ယူကျုံးမရဖြစ်သွား





တယ်၊ ရှက်လွန်းလို့ ငိုနေတဲ့ ကောင်မလေးကို ချော့ရင်းနဲ့ ကောင်မလေးအဖေ မူးလဲသွားတယ်"

သူမ မျက်ဝန်းတွေ စိုစွတ်ပြီး သူမပါးတွေ နွေးလာသည်။

မျက်ရည်တွေနဲ့ စိုစွတ်နေတဲ့ သူမကို ကင်းက အံ့သြစွာ ကြည့်နေသည်။

"ကောင်မလေးအဖေ သတိရတော့ သူ့ခန္ဓာကိုယ်က မလှုပ်ရှားနိုင်တော့ဘူး၊ စိတ်သိပ်ထိခိုက်လွန်းလို့ သူ့အာရုံကြောတွေ ထိခိုက်သွားတာလို့ ဆရာဝန်က ပြောတယ်၊ မျက်စိသူငယ် နားသူငယ်နဲ့ ကျန်နေတဲ့ ကောင်မလေးကို သူ့အဖေက စိတ်မချဖြစ်ခဲ့ပေမယ့် နောက်ခြောက်လလောက်မှာ ကောင်မလေးကို တစ်ယောက်တည်း ထားရစ်ပြီး မပြန်နိုင်တဲ့လမ်းကို ရွေးချယ်သွားခဲ့တယ်"

ဖေဖေရယ် ... သမီးရင်တွေ ခုထိ နာကျင်ကြေမွနေတုန်းပဲ။

ဖေဖေ့ရဲ့ သန့်မာနွေးထွေးတဲ့ ရင်ခွင်ကို သမီး တမ်းတ အောက်မေ့နေဆဲပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဧစ့စပ်ပွဲကို တစ်ဘက်က မလာခဲ့တာလဲ၊ ပြန်ပြီး မတောင်းပန်ကြဘူးလား"

ကင်း အသံက ကောင်မလေးဘက်က ရပ်တည်ပြီး ဒေါသဖြစ်နေတဲ့ အသံလား၊ အကြောင်းရင်းကို ကွဲကွဲပြားပြား သိလိုတဲ့ အသံလား။

"ကောင်မလေးရဲ့အမေက နိုင်ငံခြားမှာ နိုင်ငံခြားသားတစ်ယောက်နဲ့ နောက်ထပ် အိမ်ထောင်ပြုထားတယ်၊ မြန်မာပြည်က ခင်ပွန်းကို ထားခဲ့ပြီး နောက်ထပ်အိမ်ထောင်ပြုထားတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ သမီးမို့လို့တဲ့၊ အမေတူသမီး ဖြစ်ခဲ့ရင် သူတို့ဂုဏ်သိက္ခာ ထိခိုက်လိမ့်မယ်တဲ့။ ရှင်းရှင်းပြောရရင် ကောင်မလေးရဲ့ မျိုးရိုးကို သဘောမကျလို့ ဧစ့စပ်ပွဲကို မလာတာလို့ ပြောတယ်"

ဖေဖေနဲ့ မေမေရဲ့ အိမ်ထောင်ရေးအကြောင်းကို မသိသူများအတွက် မေမေက သစ္စာဖောက်သူ၊ ဖောက်ပြန်သူ ဖြစ်စေခဲ့သည်။ အစကတည်းက စရိုက်မတူသူနှစ်ယောက်ရဲ့ ပေါင်းဆုံမှုမှ တစ်ဖက်ဖက်ကမှ အလျှော့မပေးချင်ကြတော့ နောက်ဆုံးတော့ တစ်ယောက်နဲ့တစ်ယောက် အဝေးကြီးမှာ နေကြဖို့ပဲ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

"ကောင်မလေးက သိက္ခာလည်း ကျရသေး၊ အထင်သေးလည်း ခံရသေး၊ အဖေလည်း ဆုံးရှုံးရသေးနဲ့ ကောင်မလေးဘဝက အလူးအလဲနဲ့ ပြန်ရုန်းထခဲ့ရတာပါ"

သူမ မျက်နှာပေါ်က မျက်ရည်တွေကို ကြမ်းတမ်းစွာ ပွတ်သုတ်လိုက်ပြီး ဓာတ်လမ်းလေးကို အဆုံးသတ်လိုက်စဉ်...

"အဲဒါနဲ့ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ ဒေါင်းဖန်ဝါ"

ခဏကြာရင် ကင်း ဓာတ်ရည်လည်တော့မှာပါ၊ လောကကြီးမှာ အကျိုးအကြောင်း ဆက်စပ်မှုဆိုတာ ရှိနေတတ်တာ ကင်း သိလာမှာပါ။

"အဲဒီကောင်မလေးက ကျွန်မဖြစ်ပြီး အဲဒီမိသားစုက ကင်းမိသားစု ဖြစ်နေတယ်ဆိုရင် ကင်း ယုံမလား"

ကင်းရဲ့ အံ့သြထိတ်လန့်သွားတဲ့ မျက်နှာကို တွေ့ရပြီး ဘာစကားမှ ပြောမထွက်အောင် ငြိမ်သက်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



"အခု ကျွန်မတို့ကိစ္စကြောင့် ကင်းအမေ စိတ်ဆင်းရဲရလိမ့်မယ်၊ ပြီးတော့ ကင်းဦးလေး၊ ကင်းနဲ့ ဖြူကိုတော့ မနာကျင်စေချင်ပါဘူး၊ ဒါပေမဲ့ လူဆိုတာ ကိုယ်ထိမှကိုယ်နာမှ ကိုယ်ချင်းစာစိတ်ဆိုတာ ပေါ်လာတတ်တာ မဟုတ်လား။ ကျွန်မ ဘယ်သူဆိုတာ သိရင် ကင်းအမေ ပိုပြီး စိတ်လှုပ်ရှားရဦးမယ်၊ ကျွန်မ အဲဒါတွေကို အရသာခံပြီး ကြည့်ချင်တယ်"

ကင်းဆီက ဘာစကားမှမထွက်လာတော့ဘဲ ဦးခေါင်းတစ်ခုလုံး စိတ်ပျက်လက်ပျက် ငုံ့ချထားတာတွေ့ရသည်။ ပြီးမှ ...

"ကျွန်တော် သေသေချာချာ မသိခဲ့တဲ့ လေးလေးရဲ့ကိစ္စတွေကို ခုမှ ကျွန်တော် သိခဲ့ရတာပါ ဒေါ်င်းဖန်ဝါ၊ ခုလောက်ဆိုရင်ပဲ ကျွန်တော့်အိမ်မှာ မိုးမီးလောင်နေလောက်ပြီ၊ ဒေါ်င်းဖန်ဝါ ကျေနပ်မယ်ဆို ကျေနပ်ပါတော့၊ ဒီထက်ပိုပြီး မေမေနဲ့ လေးလေးကို မထိုးနှက်ပါနဲ့တော့"

ကင်း သူ့မိသားစုဘက်က ရပ်တည်တာ တရားကျပါသည်။





ဒါပေမဲ့ သူမအတွက် ထည့်မစဉ်းစားတာတော့ တရားမကျ။

"ကျွန်မကတော့ အဆိပ်ပါတဲ့ ကော်ဖီတစ်ခွက်ဟာ ကင်းဖြစ်နေတယ် ဆိုရင်တောင် ကျွန်မ သောက်မိမယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဇာတ်လမ်းမှာ က,ရင်းနဲ့ ကျွန်မ ကင်းကို ချစ်မိသွားလို့ပဲ"

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး လေးလေးမျက်နှာက လူသေတစ်ယောက်လို ဖြူဖျော့အေးစက်သွားသည်။

"မမ သိလား"

လေးလေး အသံက အားအင်မဲ့စွာ။

"မေမေနဲ့ ဖေဖေ မနက်ဖြန် ဒေါင်းဖန်ဝါဆီ သွားမှာပဲ၊ သိလောက်တော့မှာပေါ့၊ အဲဒါ လေးလေး တစ်ခုခုလုပ်ပေးပါဦး"

လေးလေးက တစ်သက်လုံး တမ်းတမျှော်လင့်ခဲ့ရသူကို ဒီလိုပုံစံနဲ့ ဆုံစွင့်ရလိမ့်မယ်လို့ ဘယ်တွေးထားမိပါ့မလဲ။

"လေးလေးကို သူ အတွေ့မခံတာ ဆယ်နှစ်ရှိပြီလေ၊ ဒါပေမဲ့ အဲဒီတုန်းက သူ့နာမည်က ဒေါင်းဖန်ဝါ မဟုတ်ဘူး၊ သစ္စာညို တဲ့"





လေးလေး မျက်ဝန်းတွေက ရီဝေလွမ်းမောစွာ။

"ငါ သတ္တိနည်းခဲ့လို့၊ ငါ မပြတ်သားခဲ့လို့ ဖြစ်ခဲ့တာပါကွာ၊ သစ္စာ ပြောတာတွေက အမှန်တွေပါပဲ၊ ဒါပေမဲ့ သစ္စာ မသိသေးတဲ့ ကိစ္စတချို့လည်း ရှိနေပါတယ်၊ အဲဒါ လေးလေး သူ့ကိုချစ်နေဆဲ ဆိုတာရယ်၊ လေးလေး သူ့အပေါ် သစ္စာမဖောက်ခဲ့ဘူး ဆိုတာရယ်"

"တကယ်လို့ ကျွန်တော် သူ့ကို လက်မထပ်ဘူး ဆိုရင်ရော"

လေးလေးက သူ့ကို သနားလိုက်ကြည့်ပြီး ...

"လေးလေးနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်တုန်းက သူက အသက်နှစ်ဆယ် မပြည့်တပြည့် ချာတိတ်မလေးလေ၊ အခု ဒေါင်းဖန်ဝါက အသက်သုံးဆယ်နီးနီး အမျိုးသမီးတစ်ယောက် ဖြစ်နေပြီ၊ သူ ငြိမ်ခံနေမှာ မဟုတ်ဘူး"

သူ ထွက်ပေါက်ပိတ်နေသလို မွန်းကျပ်လာသည်။

"သစ္စာနဲ့ စေ့စပ်ဖို့ ကမ်းလှမ်းတုန်းက မမတို့က ယောက်ဖ အလုပ်ကြောင့် နယ်မှာရောက်နေတယ်လေ၊ ဖုန်းနဲ့ပဲလှမ်းပြီး စီစဉ်ထားခဲ့ရတာ၊ လေးလေးဘက်က မိတ်ဆွေတွေက သစ္စာဖေဖေ့ဆီမှာ တောင်းရမ်းပေးခဲ့တာ၊ တကယ် စေ့စပ်မယ့်နေ့မှ မမတို့က အချိန်မီ ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲတက်ဖို့ ရောက်လာတယ်လို့ ထင်ထားပေမယ့် မမက ပွဲဖျက်ဖို့ ရောက်လာတာ ဖြစ်နေတယ်၊ မမက သစ္စာဘက်က အနေအထားကို မိတ်ဆွေတွေရဲ့ အကူအညီနဲ့ တစ်ဆင့် စုံစမ်းပြီး သဘောမတူဘူးဆိုပြီး လေးလေးကို မသွားခိုင်းဘူး၊ အဲဒီတုန်းက မမမှာ နောက်ဆုံးကိုယ်ဝန် လွယ်ထားရတယ်လေ"

သူ အဲဒါတော့ မှတ်မိသည်။ မေမေက အသက်လေးဆယ်ကျော်မှ ကိုယ်ဝန်ထပ်ရပြီး ကိုယ်ဝန်ပျက်ကျသွားသဖြင့် အဖတ်မတင်ခဲ့။

"လေးလေးကို တားရင်းနဲ့ မမ လှေကားပေါ်က ခြေချော်ပြီး ကိုယ်ဝန်ပျက်သွားခဲ့တယ်၊ မမ အဲဒီလို ဖြစ်သွားတဲ့အချိန်မှာ လေးလေး ဘာကိုမှ မမြင်တော့ဘူး၊ လေးလေးတို့ လာမှာကို စောင့်နေရှာတဲ့ သစ္စာကိုတောင် မေ့သွားမိတယ်၊ မမကို ဆေးရုံပို့ပေးပြီး အားလုံး တည်ငြိမ်သွားတဲ့ အခြေအနေရောက်မှ သစ္စာကို သတိရတယ်။ ဒါပေမဲ့ အားလုံး နောက်ကျသွားပြီလေ။ သစ္စာတို့အိမ်က စေ့စပ်ပွဲ မလာသေးလို့ ဖုန်းဆက်တာကို maid က လေးလေးနဲ့ မမ စကားများကြတာကိုသိပြီး အမှန်အတိုင်း ပြောပြလိုက်





တယ်တဲ့၊ သစ္စာအတွက် မဆုံးနိုင်တဲ့ အမုန်းတရားတွေကို သယ်ဆောင်စေခဲ့တဲ့ အကြောင်းရင်းက ဒါတွေပဲ ငါ့တူ"

လေးလေးက သက်ပြင်းငွေ့ငွေ့ချလိုက်ပြီး ...

"မင်းကို သစ္စာ ... အဲလေ ... ဒေါင်းဖန်ဝါက ချစ်သတဲ့လား"

သူ လေးလေးကို အားနာစွာနဲ့ ခေါင်းညိတ်ပြလိုက်မိသည်။

"ဒါဆို သူ မင်းကို နာကျင်အောင်လုပ်မှာ မဟုတ်ပါဘူး"

လောလောဆယ် သူ့ရင်ဘတ်တစ်ခုလုံး နာကျင်နေတာ လေးလေး သိပါ့မလား။

"မေမေနဲ့ သူ့ကို ထိပ်တိုက်မတွေ့စေချင်ဘူး"

သူ့ဆန္ဒအမှန်ကို ပြောလိုက်စဉ် လေးလေးက ...

"မမက မောင်အတွက် ကလေးတစ်ယောက် ဆုံးရှုံးရသလို သူလည်း သိက္ခာအတွက် အဖေတစ်ယောက် ဆုံးရှုံးရတာပဲလေ၊ ကြားထဲက မင်းနဲ့ငါက နလုံးသားတွေ အဆစ်ပေးလိုက်ရတာပေါ့ ... ဟား ဟား ဟား"

လေးလေးက ရင်နာသောအသံကြီးနှင့် ခြောက်ကပ်အက်ကွဲစွာ အော်ရယ်လိုက်သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လာတဲ့အချိန်က ညဥ့်နက်နေပေမယ့် မေမေရော လေးလေးပါ ဧည့်ခန်းမှာ ထိုင်နေတာကို ထူးထူးဆန်းဆန်း တွေ့လိုက်ရသည်။

နှစ်ယောက်စလုံး ငြိမ်သက်နေသည်ကို ကြည့်ခြင်းဖြင့် မေမေ ကိစ္စအားလုံးကို သိလောက်ပြီးပြီဟု ခန့်မှန်းလိုက်မိသည်။

"ထိုင်ပါဦး"

မေမေက သူ့ကို ဝင်ထိုင်ခိုင်းသဖြင့် သူ ဝင်ထိုင်လိုက်ရသည်။ ပြဿနာဖြစ်ပြီးကတည်းက သူ မေမေနဲ့ မျက်နှာချင်းမဆိုင်ဖြစ်။

"သား သူ့ကို လက်ထပ်မှာလား"

မေမေက မျှော်လင့်ချက်တစ်မျှင် ဖမ်းယူဆုပ်ကိုင်တော့မည့်ပုံ ပေါ်နေသည်။





"ကျွန်တော် ဒေါင်းဖန်ဝါကို လက်ထပ်မှ သူ့အငြိုးအတေးတွေ ကျေသွားမယ်ဆိုရင် သား သူ့ကို လက်ထပ်မယ် မေမေ၊ ဒါပေမဲ့ သား သူ့ကိုမချစ်ဘူး"

လေးလေးကတော့ ဇက်ကြီးတစ်ခုလုံး အလိမ်ခံထားရသည့်နှယ် ခေါင်းငိုက်စိုက်ကျလျက် ...

"ဟင့်အင်း ... သား သူ့ကို လက်မထပ်ရဘူး၊ သူ့အပေါ် အပြစ်လုပ်ခဲ့တာ မေမေတို့ လုပ်ခဲ့တာပဲ၊ မေမေတို့ သူ ကျေနပ်အောင် တောင်းပန်ပေးမယ်"

မေမေက သူမစိတ်ကို သိမှသိမထားတာ။

လွယ်လွယ်နဲ့ ဖြေရှင်းလို့ရရင် သူမ ဒီလောက်ပုံပြင်ရှည်ရှည် ဖန်တီးမည်မဟုတ်။

"ဟင့်အင်း ... မမ တောင်းပန်စရာ မလိုပါဘူး၊ ကျွန်တော် သွားတောင်းပန်လိုက်ပါမယ်"

လေးလေးက တစ်ချိန်လုံး တိတ်နေရာက ဝင်ပြောသည်။

"သစ္စာ ဒီလောက် ခံစားရလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက သူမအပေါ် ကရုဏာတွေနဲ့ ရစ်ပတ်နေဆဲပင်။

"ဟင့်အင်း ... မောင်လေးနဲ့တုန်းကတောင် သဘောမတူခဲ့သေးတာပဲ၊ အခု သားနဲ့ဆို ပိုပေါင်ဆိုးသေးတယ်၊ မေမေ သူ့ကို ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး"

မေမေက ကမ္ဘာပျက်နေသူတစ်ယောက်လို စိုးရိမ်တုန်လှုပ်လျက်။

"သားအမှားတွေပါ မေမေ၊ သား သူ့အလှမှာ သာယာခဲ့ပြီး အပျော်သဘောမျိုး ပတ်သက်ခဲ့တာပါ၊ ဒါပေမဲ့ အဲဒီအပျော်က ဖြူနဲ့သားကိုရော၊ ပြီးတော့ မေမေတို့ကိုရော အားလုံးအတွက် ကြေကွဲစရာတွေ ဖြစ်ကုန်ပြီ။ သားကိစ္စကို သားကိုယ်တိုင်ပဲ ဖြေရှင်းပါရစေ"

သူမ သူ့ကို အလွတ်ပေးမည် မဟုတ်တာ သေချာသိနေမှတော့ သူကိုယ်တိုင်ပဲ ဝင်က,ရပေတော့မည်။

"ဖြူ့ကို ဆုံးရှုံးခဲ့ရမှတော့ သားအတွက် ဘာမှမထူးပါဘူး မေမေရယ်"

သူ ကိုယ်တိုင်လည်း ဘယ်လိုဖြေရှင်းရမည်ကိုမသိ။

♥ → ♥





"ကျွန်မတို့ လက်ထပ်ပြီးရင် နိုင်ငံခြားမှာ သွားနေရအောင်"

သူမဆီ သူရောက်သွားခြင်းက လက်ထပ်ဖို့ကိစ္စကို ဆွေးနွေးဖို့ မဟုတ်။ သူမကတော့ အားလုံးကို လျှော့တွက်ထားပုံရသည်။

"ဘာလဲ ... မင်းလုပ်ရပ်တွေအတွက် ရှက်လို့လား၊ မူးနေတဲ့ ယောကျာ်းတစ်ယောက်ကို ညအိပ်လက်ခံပြီး အပိုင်ဖမ်းလိုက်နိုင်တဲ့ သတ္တိကို လူတွေ ချီးကျူးမှာစိုးလို့လား"

သူမ မျက်ဝန်းတွေက ခံပြင်းမှုတွေနဲ့ ပေကျံသွားပေမယ့် ချက်ချင်း ဖယ်ထုတ်လိုက်နိုင်တာ တွေ့ရသည်။

"ခုထိ ငါ့စိတ်ထဲမှာ မင်းကို လက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးဘူး ဒေါင်းဖန်ဝါ"



www.burmeseclassic.com

www.burmeseclassic.com



သူမကို မြင်သည်နှင့် သူ့စိတ်တွေက ပူလောင်ဆူ ပွက်ပြီး ရန်လိုနေတတ်သည်။

"ကျွန်မ ကင်းကို ဖြူ ရှိနေရက်နဲ့ လက်ခံခဲ့တာ၊ ရှေ့ဆွတ် တိုးခဲ့တာတွေက ကင်းမိဘတွေကို ကလဲ့စားချေချင်တာ မှန်ပေမယ့် ကင်းနဲ့ပတ်သက်တဲ့ ခံစားချက်တွေကတော့ အားလုံး အမှန်တွေချည်းပဲ ကင်း၊ ကျွန်မ ကင်းကို ချစ် တယ်၊ အဲဒီအတွက် ပိုင်ဆိုင်ချင်တယ်၊ ကင်း ကျွန်မကို ချစ်ခြင်း မချစ်ခြင်းကို ကျွန်မ ဂရုမစိုက်ဘူး၊ ကင်းကို ကျွန်မ တစ်ရက် တစ်ခဏပဲဖြစ်ဖြစ် ပိုင်ဆိုင်ခွင့်ရမယ်ဆို ရင်တောင် ကျွန်မ ကျေနပ်တယ်"

သူမစကားက သူ့ရင်ထဲမှာ ဖြူသာ ရှိမနေလျှင် သိပ်ပြီး စိတ်လှုပ်ရှား ရင်ခုန်စရာကောင်းသော စကားတွေပင်။

"ကောင်းပြီလေ၊ မင်းကို ငါ ယောကျ်ားပီပီသသ လက် ထပ်မယ်၊ နောက်နေ့မှာ ငါတို့ ပြန်ကွာရှင်းမယ်၊ ဒါဆိုရင် ရော ကျေနပ်မလား၊ မင်းစကားထဲက အတိုင်းဆိုရင် တစ်ရက်တောင် သိပ်များနေမလားပဲ"





သူမမျက်ဝန်းတွေက ရီဝေဆွတ်ပျံ့စွာ၊ ပြီးတော့ ... တုန်ယင်နေသော နှုတ်ခမ်းဖျားဆီက ...

"ဟုတ်တယ်၊ ကျွန်မအတွက် တစ်ရက်ဆိုတဲ့ အချိန်တိုင်း ဟာ တန်ဖိုးကြီးကြီးမားမားပေးပြီး ဖြတ်သန်းနေရသလိုပဲ"

သူ သူမရဲ့ ဝမ်းနည်းနေပုံကိုကြည့်ပြီး ဟားတိုက် ရယ်မောနေမိသည်။

"ကောင်းပြီလေ၊ မင်းကို တရားရုံးမှာ လက်မှတ်ထိုးယူဖို့ တစ်ရက် အချိန်ပေးမယ်၊ နောက်တစ်နေ့မှာလည်း တရား ရုံးမှာ ပြန်ဆုံကြတာပေါ့၊ မင်းရော ငါရော အနှောင်အဖွဲ့ ကင်းကင်းနဲ့ ဆုံးဖြတ်ကြရအောင်"

သူမ သူ့ကို စူးစူးစိမ်းစိမ်းနှင့် စိုက်ကြည့်နေသည်။

သူမအကြည့်က စူးရှအေးစက်လွန်း၍ သူ့ကျောရိုး ထဲအထိ စိမ့်ဝင်ပျံ့နှံ့သွားသလိုပင်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိစ္စကြောင့် ရောဂါတွေတိုးနေသည့် မေမေ့အတွက် ဆေးသွားဝယ်စဉ် သူ့ကို အမျိုးသမီးတစ်ယောက် စေ့စေ့ကြည့်နေသလို ခံစားရသဖြင့် လိုက်ကြည့်လိုက်စဉ် ...

"မဒေါင်းဖန်ဝါ အမျိုးသား မဟုတ်လား"

မြင်ဖူးသလိုလို ရှိသော်လည်း လုံးဝမမှတ်မိ။

ဒီကြားထဲ ထိုအမျိုးသမီးမေးခွန်းက လွဲမှားနေသေးသည်။

သူ ဘာဖြေရမှန်းမသိ ဖြစ်နေဆဲမှာပင်။

"ဘယ်လိုလဲ၊ မဒေါင်းဖန်ဝါ သက်သာရဲ့လား၊ ဆေးရော သေသေချာချာ ကုရဲ့လား"

ထိုအမျိုးသမီး ပြောပုံက သူမနဲ့ အပိုင်သေချာရင်းနှီးနေသည့်ပုံ။





"ကျေးဇူးပြုပြီး ... ကျွန်တော် ခင်ဗျားကို မသိလို့"

ထိုအမျိုးသမီးက နှစ်သက်စွာရယ်ပြီး ...

"ကျွန်မ မဒေါင်းဖန်ဝါ ဆေးရုံတက်တုန်းက သူ့ကိုစောင့်ပေးရတဲ့ သူနာပြုဆရာမပါ"

ဪ ... သူလည်း မြင်ဖူးတာပဲ၊ ဒါပေမဲ့ သေသေချာချာ မမှတ်မိ။

"ရှင့်အမျိုးသမီးက ခေါင်းမာတယ်၊ သူ့ရောဂါက သေသေချာချာ ဆေးကုသခံယူရမယ့် ရောဂါကို ဆေးရုံကအတင်းတောင်းဆင်းသွားတယ်၊ အခုရော သေသေချာချာ ဆရာဝန်ပြပေးရဲ့လား"

သူမ သာမန်အစာအိမ်ရောင်သည့်ရောဂါလေးကို သူနာပြုဆရာမက အစိုးရိမ်ကြီးနေသလိုပင်။

"သူ အခုကောင်းသွားပါပြီ၊ အစာအိမ်ရောင်တာဆိုတော့ အစားအသောက် ဆင်ခြင်ရင် ကောင်းသွားတာပဲ၊ ဒါနဲ့ ကျွန်တော့်ကို ခွင့်ပြုဦးနော်"

ပြောပြီး သူ လှည့်ထွက်လာစဉ် ...

"အို ... ခဏလောက် နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အတော်စကားများတဲ့ အမျိုးသမီးပဲဟု စိတ်ရှုပ်စွာ တွေးပြီး လှည့်ကြည့်လိုက်စဉ် ...

"ရှင် သိတာ အစာအိမ်ရောင်ရောဂါလို့ပဲ သိထားတာလား"

သူနာပြုအမျိုးသမီးမျက်နှာက အံ့သြလျက် ...

"ဟုတ်တယ်လေ၊ အစာအိမ်ရောဂါက သူ ခဏ ခဏဖြစ်နေကျပဲ"

သူ့ကို နားမလည်သလို အံ့သြတကြီး ကြည့်နေသည့် သူနာပြုဆရာမဆီက သူ လုံးဝမထင်မှတ်ထားသော စကားကို ကြားလိုက်ရသည်။

"သူ့ရောဂါက ရိုးရိုးအစာအိမ်ရောဂါ မဟုတ်ဘူး၊ အူမကြီး ကင်ဆာ ဖြစ်နေတာ၊ သေသေချာချာ မစစ်ဘဲ ဖြစ်လိုက် ဆေးသောက်လိုက် လုပ်နေတဲ့အတွက် အခြေအနေ ဆိုးနေပြီ၊ ဆေးရုံမှာ သူ့အူမကြီးကို ဗိုက်ကဖောက်ပြီး အစာဟောင်းစွန့်ပေးဖို့ လုပ်ပေးရတော့မှာကို မလုပ်ဘူးဆိုပြီး အတင်း ဆေးရုံက ဆင်းသွားတယ်"

သူမ ဘာကြောင့် ဖျော့တော့လာလဲ ဆိုတာ သူ ဆက်စပ်စဉ်းစားမိလာသည်။





ဒါပေမဲ့ သူမမှာ ရောဂါဆိုးကြီးတစ်ခု ရှိနေတဲ့အတွက် ထူးခြားတဲ့ ခံစားမှုမျိုးကို မတွေ့ရ။

"သေချာလို့လား ဆရာမ"

"အို ... ရှင်တို့လင်မယားက တစ်မျိုးပါလား"

သူ့ကို နားမလည်သလိုကြည့်ပြီး သူနာပြုဆရာမလေးက ထွက်သွားသည်။

သူ အံ့သြတုန်လှုပ်စွာ ရပ်ကျန်နေခဲ့သည်။

♥ → ♥



www.burmeseclassic.com

www.burmeseclassic.com



သူမသည် အံ့သြထူးဆန်းစရာတွေနဲ့ ပြည့်နှက်နေသော အမျိုးသမီးတစ်ယောက် ဖြစ်သလို လျှို့ဝှက်သိပ်သည်းလွန်းသော အမျိုးသမီးတစ်ယောက်လည်း ဖြစ်သည်။

သူနာပြုဆီက ကြားရသောကားကြောင့် သူမကို မေးရန် သူမအခန်းဆီ သူ ရောက်လာရပြန်သည်။

အခုတလော ရွှေအိုရောင်မသွားဘဲ အခန်းအောင်းနေသည့် သူမကြောင့် သူနာပြုဆရာမ ပြောနေတာ မှန်နေလားဟု တွေးပြီး သူမအခန်းရှေ့ ရောက်လာစဉ် သူမအခန်းက သော့ခတ်ထားလျက် ...

သူမ ဖုန်းနံပါတ်တွေကို နှိပ်ဖို့ပြင်လိုက်ပြီးမှ မနှိပ်ဖြစ်တော့။

သူမအတွက် သူ စိတ်ပူပေးနေတာလား။





သူမက သူ့ရင်ဘတ်တစ်ခုလုံးကို ချေမွခဲ့သူပဲ။

သူ ကားဆီပြန်ရောက်လာစဉ် သူ့နောက်က အစောင့်ဦးလေးကြီး လိုက်လာပြီး ...

"ငါ့တူက ဒေါင်းဖန်ဝါဆီ လာလာနေကျသူငယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒေါင်းဖန်ဝါဆီ လာတာမဟုတ်လား၊ ခုနလေးတင် သူ့ကို ဆေးရုံခေါ်သွားကြတယ်"

သူ ထပ်ပြီး အံ့သြသွားရပြန်သည်။

သူ သိခဲ့ရသော သတင်းက သေချာတိကျနေပြီလား။

"ကောင်းပြီ ဦးလေး၊ ကျွန်တော် ဆေးရုံလိုက်သွားပါ့မယ်"

နာမည်ကြီးဆေးရုံတွေ တစ်ခုပြီးတစ်ခု သူ ရောက်လာပြီး စုံစမ်းစဉ် သုံးခုမြောက်ဆေးရုံရောက်မှ သူမ ဆေးရုံတက်နေတာ တွေ့လိုက်ရသည်။

စုံစမ်းရေးကောင်တာဆီက သူမအခန်းနံပါတ်ကို သိခဲ့ရပြီး၊ သူမအခန်းရှေ့ အရောက် သူသိခဲ့ဖူးသော သူမရဲ့မောင်ဝမ်းကွဲကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်းဖန်ဝါရော"

"အထဲမှာရှိတယ်၊ ရောဂါဖောက်လာလို့ ဝိုင်းပြုစုပေးနေကြတယ်"

သူ အခန်းထဲ ဖျတ်ခနဲ ဝင်လိုက်စဉ် သူမ ခုတင်နားမှာ သူနာပြုနဲ့ ဆရာမတွေ ဝိုင်းလျက်။

"မရဘူး၊ operation အခုချက်ချင်း လုပ်ရမယ်"

ဆရာဝန်ဆီက အသံကြားလိုက်သည်။

"ဟင့်အင်း ... ကျွန်မ ဗိုက်ကိုခွဲလိုက်ရင် ကျွန်မရောဂါ ပျောက်သွားမှာလား၊ မပျောက်ဘူး ဆိုရင်တော့ ကျွန်မ ဗိုက်အခွဲမခံပါရစေနဲ့"

သူမ အသံက တိုးလျပေမယ့် ခေါင်းမာနေဆဲ။

"လုံးဝမပျောက်ရင်တောင် ခင်ဗျားအသက်ကို ဆွဲဆန့်ထားနိုင်တယ်လေ"

ဆရာဝန်က သူမကို ဖျောင်းဖျဖို့ ကြိုးစားနေသော်လည်း ...

"ဟင့်အင်း ... ကျွန်မအတွက် မခွဲပါရစေနဲ့ ဒေါက်တာ"





သူမ ထပ်ပြီးငြင်းစဉ် ဆရာဝန်က သူနာပြုတွေဘက် လှည့်ပြီး ...

"လူနာရှင်တွေ မရှိဘူးလား၊ ခေါ်စမ်းပါဦး၊ လူနာက ကယောင်ကတမ်း ပြောနေတာလည်း ဖြစ်နိုင်တယ်"

ချွေးသီးချွေးပေါက်တွေ၊ ဗိုက်တန်းလန်းတွေနဲ့ သူမ အသွင်က သတိလက်လွတ် ဖြစ်နေတာလည်း ဖြစ်နိုင်သည်။

သူမရဲ့မောင် အထဲဝင်လာစဉ် ဆရာဝန်က သူ့ဆန္ဒကို ခပ်တိုးတိုး ပြောပြနေတာ တွေ့ရသည်။

"တတ်နိုင်ရင် မခွဲပါနဲ့တော့ ဆရာ၊ ခွဲနေတုန်း မမ ထွက်သွားနိုင်တာထက်စာရင် သူ အေးအေးဆေးဆေးပဲ ထွက်သွားပါစေ"

သေချာသည်။ သူမမောင်ရဲ့စကားကြောင့် အားလုံးက သူမအတွက် အကောင်းဆုံး စီစဉ်ပေးပြီး ...

"အရေးကြီးရင် ခေါ်လိုက်ပါ၊ ကျွန်တော်တို့တာဝန်ကျနေရာမှာ ရှိပါတယ်"

သူနာပြုဆရာမတစ်ယောက်သာ ကျန်ခဲ့ပြီး အားလုံးထွက်သွားစဉ် သူမရဲ့မောင်က သူ့နားကပ်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မမနားမှာ နေပေးပါလား၊ ကျွန်တော်လည်း ရှိနေမှာပါ"

သူ ခေါင်းညိတ်လိုက်ပြီး သူမခုတင်နား ကပ်သွားစဉ် သူမက သူ့ကို ခပ်ယဲ့ယဲ့ ပြုံးပြနေသည်။ ပြီးမှ ...

"မနက်ဖြန် ကျွန်မတို့ ရုံးတက်လက်မှတ်ထိုးမယ့်နေ့နော်"

သူမ သိပ်မျှော်လင့်ထားတဲ့ရက် နီးမှ ...

"မင်း သက်သာအောင်နေဖို့ အရေးကြီးတယ်လေ"

သူမက ခေါင်းညိတ်ပြီး ...

"ကျွန်မလည်း သက်သာချင်တယ်၊ သက်သက်သာသာနဲ့ အားလုံးကို နှုတ်ဆက်သွားချင်တယ် ကင်းရယ်"

သူနာပြုဆရာမက သူမကို စကားသိပ်မပြောရန် အမူအရာဖြင့် ဟန့်လိုက်စဉ် သူမက ဆရာမကို ပြုံးပြပြီး ...

"ကျွန်မ အခန်းထဲမှာ ကင်းအတွက် ရွှေအိုရောင်ကော်ဖီရော၊ ဂန္ဓဝင်ရွှေကော်ဖီရော ခတ်ဘူးနဲ့ဖျော်ထားပေးတယ်၊ ကျွန်မ မရှိတဲ့ ရက်အနည်းအကျဉ်းတွက်ပေါ့"

သူ မသောက်ဖြစ်တာ ကြာပြီဖြစ်တဲ့ ကော်ဖီတွေကို သူမက မှတ်မှတ်ရရ ဖျော်ပေးခဲ့သေးသည်။

"မင်း နားလိုက်ပါ ဒေါင်းဖန်ဝါ၊ ကျွန်တော် ဒီမှာပဲ ရှိနေမှာပါ"





သူမ နာကျင်လွန်းလို့ထင် အံကလေးဖိကြိတ်ပြီး ကြိုးစားပြောနေရသည်။

"ဟင့်အင်း ... ကျွန်မ အိပ်ပျော်သွားရင် ပြန်မနိုးမှာစိုးတယ်၊ ကျွန်မ မျက်လုံးတွေ မပိတ်ချင်ဘူး"

သူမ စကားသံတွေက မပီမသ။

"ကျွန်မ ကြောက်တယ် ကင်းရယ်၊ ကျွန်မ အမှောင်ထဲ တစ်ယောက်တည်း သွားရမှာ ကြောက်တယ်"

သူမရဲ့ ကြောက်ရွံ့ထိတ်လန့်ပြီး တွယ်ရာမဲ့ ဝမ်းနည်းနေပုံကို သူ တစ်ခါမှ မတွေ့ဘူး။

သူ မက်မောစွာ ကြည့်ခဲ့ဖူးတဲ့ သူမ နှုတ်ခမ်းတွေ သွေးဆုတ်လာသည်။

သူ ခိုးကြည့်နှစ်သက်ခဲ့ဖူးတဲ့ သူမပါးပြင်တွေက ညိုဖျော့ချိုင့်ဝင်လာသည်။

သူ့ကို မထီတရီ မြှူကြည့်တတ်သော သူမမျက်လုံးတွေက ရီဝေနွမ်းဖျော့လျက် ...

ကယောင်ကတမ်းနဲ့ သူ့လက်ကို ဆုပ်ကိုင်သွားခဲ့သော သူမ ...။



www.burmeseclassic.com

www.burmeseclassic.com



သူမ ထွက်ခွာသွားချိန်အထိ၊ သူ့လက်တွေကို မလွှတ်သွားခဲ့ပေ။

ဘာပဲဖြစ်ဖြစ် သူမ နောက်ဆုံးအချိန်မှာ သူ ရှိနေခဲ့တဲ့အတွက် သူမ ကျေနပ်သွားမယ်လို့တော့ သူ ထင်သည်။

သူမ လွတ်လပ်ငြိမ်းချမ်းစွာ ထွက်သွားခဲ့ခြင်းဖြစ်သည်။

♥ → ♥



BURMESE CLASSIC .com



သူမ သူ့ဆီက တိတ်ဆိတ်စွာ ထွက်သွားခဲ့သော်လည်း သူ့ဆီ ဖြူ ပြန်မရောက်လာခဲ့ပါ။

ကောင်းပါသည်။

သူ့မှာ အပြစ်တွေ ရှိနေတဲ့အတွက် အပြစ်ကင်းတဲ့ ဖြူနဲ့ မထိုက်တန်ပါ။

တစ်ခါတလေ အချစ်ဆိုတာ အလွမ်းတွေနဲ့လည်း နေသားကျနေတတ်ပါသည်။

သူ ဖြူ့ကို ချစ်သည်။

သူမကိုရော ...

သူ မသိပါ။

မသိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ပါ။

သူမသည် သူ နှစ်သက်ခဲ့ဖူးသော ကော်ဖီတစ်ခွက်သာ ဖြစ်သည်။

အိုမာဆမ်

၂၀-၂-၀၉

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

